.ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် )**

**[ တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၄၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၆၇.၄၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးစံထွန်း၊ ကချင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ မိသားစုကျန်းမာရေး။ ဒေါက်တာစိုးဝင်း၊ မွန်(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်အေး၊ ဧရာဝတီ(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ဒေသတွင်းလူမှုရေး။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနု၊ ရန်ကုန်(၁၀)၊ ကော်မတီအစည်းအဝေး။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ကော်မတီအစည်းအဝေး။ ဦးအေး၊ မန္တလေး(၇)၊ ကော်မတီအစည်းအဝေး။ ဒုတိယဗိုလ်မှူးကြီးစိုးလင်း၊ တပ်မတော်၊ ကော်မတီအစည်းအဝေး။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတိုးဝင်း၊ တနင်္သာရီ(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေကြမ်းကော်မတီတာဝန်။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာငွေးနိုင်၊ ဧရာဝတီ(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှအေး၊ တနင်္သာရီ(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။

ဦးရှုမောင်၊ ရှမ်း(၈)၊ ကျန်းမာရေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမနားနိုင်၊ ချင်း(၁၀)၊ ကျန်းမာရေး။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကျန်းမာရေး။ ဦးလှမောင်၊ ကယား(၁၁)၊ ညီဖြစ်သူနာရေး။ ဦးကော်ရိုင်း၊ ကယား(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးမျိုးမင်းသန့်၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးရဲမင်းထွေး၊ တပ်မတော်၊ တာဝန်။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ဘတ်ဂျက်အစည်းအဝေး။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဗိုလ်မှူးတင်အောင်မိုး၊ တပ်မတော်၊ ပူးပေါင်းကော်မတီအစည်းအဝေး။ ဦးဝေ့ယိန်း၊ ချင်း(၁၁)၊ အစည်းအဝေး။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှသိန်း၊ မကွေး(၃)၊ ခါးနာ။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ မိသားစုကျန်းမာရေး။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ မိသားစုအလှူ။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးရယ်၊ ကယား(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ပူးပေါင်းကော်မတီအစည်းအဝေး။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကော်မတီလုပ်ငန်း။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ဆေးစစ်။ ဦးအုန်းတင်၊ ရခိုင်(၁၀)၊ ကျန်းမာရေး။ ဦးဆားရယ်၊ ကယား(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆန်းရယ်၊ ကယား(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကျန်းမာရေး။ ဦးစိုင်းသာစိန်၊ ကယား(၁၀)၊ ဒေသဖွံ့ဖြိုးရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၇၀)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကလေးမြို့ မြန်မာ့စီးပွားရေးဘဏ်အား အသစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင်က ကလေးမြို့ မြန်မာ့စီးပွားရေးဘဏ်အား အသစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဒီနေ့ မေးမြန်းမယ့် မေးခွန်းကတော့ ကလေးမြို့ မြန်မာ့စီးပွားရေးဘဏ် ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ဟာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်တဲ့ မြို့တစ်မြို့ ဖြစ်တယ်။ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းကလည်း ဖွံ့ဖြိုးတဲ့ဒေသဖြစ်ပါတယ်။

ကျွန်တော်တို့ ကလေးမြို့မှာ မြန်မာ့စီးပွားရေးဘဏ်ခွဲတစ်ခုနဲ့ ပုဂ္ဂလိကဘဏ်ခွဲ(၈)ခု ရှိပါတယ်။ ပုဂ္ဂလိကဘဏ်ခွဲအားလုံးဟာ ကလေးမြို့ရဲ့ အဓိကလမ်းမကြီးဖြစ်တဲ့ ဗိုလ်ချုပ်လမ်းပေါ်မှာ ခန့်ခန့်ညားညား တည်ရှိနေကြပါတယ်။ အစိုးရဘဏ်ခွဲကတော့ ဒုတိယလမ်းမဖြစ်တဲ့ ဘုရင့်နောင် လမ်းရဲ့ လမ်းသွယ်တစ်ခုဖြစ်တဲ့ မင်းရဲကျော်စွာလမ်းပေါ်မှာ တည်ရှိပါတယ်။ လမ်းသွယ်ဖြစ်တဲ့အတွက် လမ်းကလည်းကျဉ်း၊ ဘဏ်ကလည်း ဘဏ်အဖြစ် တည်ဆောက်ထားတာမဟုတ်ဘဲနဲ့ ပုဂ္ဂလိကအိမ်ကို

ဝယ်ယူဖွင့်လှစ်ထားတဲ့သဘောဖြစ်တဲ့အတွက် ကျွန်တော်တို့ ဘဏ်လုပ်ငန်းနဲ့ အဆင်မပြေ လေဝင်လေထွက် မကောင်းဘဲ အဆောက်အဦကလည်း ဟောင်းနွမ်းနေပြီ ဖြစ်ပါတယ်။

ကလေးမြို့မှာ ကျွန်တော်တို့ တက္ကသိုလ်က (၃)ခု၊ အစိုးရဌာနဆိုင်ရာများ၊ ကျွန်တော်တို့ ဒ.က.စ၊ စ.က.ခ၊ တန်းမြင့်လေ့ကျင့်ရေးကျောင်း စတဲ့ ကျွန်တော်တို့ ဌာနကြီးများနဲ့ တပ်ရင်းကလည်း (၈)ရင်းရှိပါတယ်။ တပ်ခွဲကဆိုရင် အများအပြားရှိတဲ့ တပ်မြို့လို့တောင် ပြောလို့ရတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ အဲဒီတော့ အခြားပုဂ္ဂလိက လုပ်ငန်းတွေကတော့ ဒါ အစိုးရဘဏ်နဲ့ ဆက်သွယ်ဆောင်ရွက်စရာမလိုသော်လည်းဘဲ ဆက်သွယ်ဆောင်ရွက်မှုလည်းနည်းပါတယ်။

ကျွန်တော်တို့ အစိုးရဌာနများကတော့ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့အစိုးရဘဏ်နဲ့မဖြစ်မနေ ဆက်သွယ်ရပါမယ်။ အဲဒီတော့ ဘဏ်မှာ ကျွန်တော်တို့ လူတွေ ကြပ်ညှပ်ပြီးတော့ ချွေးတလုံးလုံးနဲ့ အတော်ဆင်းရဲဒုက္ခရောက်ပါတယ်။ ကျွန်တော် စောစောက ပါဝါပွိုင့်နဲ့ ပြဖို့ ကျွန်တော်တို့ စီစဉ်သော်လည်းပဲ ဒါ ပါဝါပွိုင့်က အဆင်မပြေတဲ့အတွက် မပြရပါဘူး။ ကျွန်တော် ဒါ အတိုချုံးပြောရမယ်ဆိုရင် တော့ ဘဏ်ဟာ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ ကလေးမြို့အနီးမှာရှိတဲ့ ကျွန်တော်တို့ မော်လိုက်တို့၊ ကလေးဝတို့၊ မင်းကင်းတို့ဟာ သူ့ဘဏ်နဲ့သူ ဘဏ်အဆောက်အဦကို ဆောက်ပေးထားပြီးသားဖြစ်ပါတယ်။

ကျွန်တော်တို့ ဒါကို ဆဌမအကြိမ်မှာ ဒီဘဏ်ကို အသစ်ဆောက်ပေးဖို့ တင်ပြတဲ့အခါမှာ မြေနေရာရရှိရင် ဆောက်လုပ်ပေးမယ်လို့ ပြောထားပါတယ်။ သို့သော်လည်းပဲ ကလေးမြို့မှာလည်း မြေနေရာရဖို့က အခက်အခဲရှိပါတယ်။ ဌာနဆိုင်ရာ ဒီမှာ မြေကွက်လပ်ရှိသော်လည်းပဲ ဒါ ကျွန်တော်တို့ တင်ပြတောင်းဆိုလို့ မရဘူးဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ သတင်းသဲ့သဲ့ကြားတာကတော့ ကျွန်တော်တို့ နေရာတစ်ခုတော့ ရပြီလို့တော့ ကြားပါတယ်။ ဒါကြောင့်မို့လို့ နေရာ မသေချာရင် လည်းပဲ အခု လက်ရှိ ရှိတဲ့ဘဏ်ရဲ့ အဆောက်အဦရဲ့နောက်က မြေကွက်လပ်ကို ကျွန်တော်တို့ မြေကွက်လပ် နည်းနည်းလေးကျယ်ပါတယ်။ ကျယ်တော့ အဲဒီနေရာမှာ (၂)ထပ် သို့မဟုတ် (၃)ထပ် အဆောက်အဦ ဆောက်ပေးမယ်ဆိုရင်တော့ ကျွန်တော် သင့်တော်မယ်လို့ထင်ပါတယ်။

အဲဒီတော့ ဒါကလည်းပဲ မဖြစ်မနေမှ ဒီနေရာကို ပေးသင့်တာပါ။ ကျွန်တော် စောစောက ပြောသလို လမ်းသွယ်ဖြစ်တယ်၊ လမ်းကလည်း ကျဉ်းမြောင်းတယ်၊ ဘယ်လိုပဲ ဒီအဆောက်အဦဟာ ကျွန်တော်တို့ မြန်မာ့စီးပွားရေးဘဏ်ခွဲရဲ့ ဂုဏ်သိက္ခာနဲ့ မလျော်ညီတဲ့နေရာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ မဖြစ်မနေ တည်ဆောက်ဖို့လိုနေတဲ့ ကလေးမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲကို လက်ရှိနေရာမှာပဲ ဖြစ်ဖြစ်၊ အခြား ကျွန်တော်တို့ တစ်နေရာမှာပဲ ဖြစ်ဖြစ် မဖြစ်မနေ အဆောက်အဦသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဝန်ထမ်းများ ခရီးသွားလာရာတွင် ခရီးသွားလာ စရိတ်ကို သင့်တော်သော နှုန်းထားအသစ် တစ်မျိုးဖြင့် ပြောင်းလဲ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ က ဝန်ထမ်းများ ခရီးသွားလာရာတွင် ခရီးသွားလာ စရိတ်ကို သင့်တော်သော နှုန်းထားအသစ် တစ်မျိုးဖြင့် ပြောင်းလဲ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ ရိုသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော် ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခွင့်ပြုချက်အရ အောက်ပါမေးခွန်းများကို ကျွန်တော် မေးမြန်း သွားပါမယ်။ ကျွန်တော် တင်ပြမယ့်အကြောင်းအရာကတော့ ဝန်ထမ်းများ ခရီးသွားလာရေးလုပ်ငန်း ကိစ္စဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ထမ်းများ ခရီးသွားလာရာတွင် နေ့တွက်နှင့် ခရီးစရိတ် သတ်မှတ်ရာ တွင် အလွန်နည်းပါး ပါသည်။ အစိုးရပိုင်ယာဥ်များဖြစ်သော မီးရထား၊ လေယာဥ်လက်မှတ်များကို M.O နှင့် ပူးတွဲတင်ပြပါက (၄၀)ရာခိုင်နှုန်း သတ်မှတ်ထားပြီး နေ့တွက် သတ်မှတ်နှုန်းက အလွန် နည်းပါး ပါသည်။ အကယ်၍ ညအိပ်တည်းခိုလိုပါက တည်းခိုခန်းတွင် တည်းရပါသည်။ တည်းခိုခန်း စရိတ် သတ်မှတ်မှုမရှိပါ။ ထို့ကြောင့် ဝန်ထမ်းများ ခရီးသွားလာရာတွင် အမှန်ကုန်ကျစရိတ်နှင့် နိုင်ငံတော်က ခွင့်ပြုသော စရိတ်များ ကွာခြားနေပါသည်။

သို့ဖြစ်ပါ၍ ဝန်ထမ်းများ ခရီးသွားလာရာတွင် ယခင်နှုန်းထားအဟောင်းအတိုင်း မဟုတ်ဘဲ ဝန်ထမ်းများ နစ်နာမှုမရှိသော ခရီးသွားလာစရိတ် သင့်တော်သောနှုန်းထား အသစ်တစ်မျိုးပြောင်းလဲ သတ်မှတ်ရန် အစီအစဥ် ရှိ/မရှိ၊ အစီအစဥ် ရှိပါက မည်သည့်အချိန်တွင် ပြောင်းလဲသတ်မှတ်ပေးမည် ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဒေါက်တာလင်းအောင် (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံ ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး၊ ဒေါက်တာလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမမေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင် ရဲ့ မေးခွန်းနဲ့ စပ်လျဥ်းပြီး ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့စီးပွားရေးဘဏ်၊ ကလေးခရိုင် ဘဏ်ခွဲဟာ ကလေးမြို့ အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ(၁၅)၊ မင်းရဲကျော်စွာလမ်း၊ ကွင်းအမှတ်(၅၀)၊ ဦးပိုင်အမှတ် (၁၀၆/၃၇)၊ (၁၀၇/၁၇၄) ရှိ မြေနေရာ အလျား(၅၀)ပေ၊ အနံ(၁၃၀)ပေခန့်ပေါ်မှာ

ဆောက်လုပ်ထားတဲ့ အလျား(၃၂)ပေ၊ အနံ(၂၄)ပေ (၂)ထပ်တိုက်အဆောက်အအုံဖြစ်ပါတယ်။ ဘဏ်ခွဲမှာ ဝန်ထမ်းအင်အား(၄၈)ဦးနဲ့ ဘဏ်ဝန်ဆောင်မှု လုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာ့စီးပွားရေးဘဏ်၊ ကလေးဘဏ်ခွဲ အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ကလေးမြို့ ဗိုလ်ချုပ်လမ်း၊ ကွင်းအမှတ်(၇၅)၊ ရုံးကြီးရပ်မှာရှိတဲ့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပိုင်၊ ဦးပိုင်အမှတ်(၂၃၃)၊ မြေ(၀.၄၃၅)ဧက၊ အလျား(၇၅)ပေ၊ အနံ(၁၈၆)ပေကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ အဖွဲ့ကို လွှဲပြောင်းပေးဖို့အတွက် စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၀-၁၁-၂၀၁၄ ရက်စွဲပါ စာအမှတ် စက-၂၈/၁၆/၂၀၁၄(၂၇၀၇)နဲ့ ပြည်ထဲရေးဝန်ကြီးဌာနကို အပ်နှံခဲ့ပြီးဖြစ်ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့လည်း ကလေးဘဏ်ခွဲဆောက်လုပ်နိုင်ရေးဖို့အတွက် အဆိုပါမြေနေရာ ကို ပြည်ထဲရေးဝန်ကြီးဌာနမှ လွှဲပြောင်းလက်ခံရယူနိုင်ဖို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို တင်ပြထား ပါတယ်။

ကလေးခရိုင်ဘဏ်ခွဲ အဆောက်အအုံသစ် ဆောက်လုပ်နိုင်ဖို့အတွက်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေ လျာထားတောင်းခံပြီးလည်း ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့အတိုင်း လက်ရှိ ဘဏ်ခွဲအဆောက်အအုံရဲ့ အနောက်ဘက်မြေနေရာ ကွက်လပ်မှာ ဘဏ်အဆောက်အအုံသစ် ထပ်မံဆောက်လုပ်မယ်ဆိုလို့ရှိရင် ပင်မအဆောက်အအုံဟာ လူနေအိမ် အဆောက်အအုံကို ဝယ်ယူဖွင့်လှစ်ခဲ့ခြင်း ဖြစ်တဲ့အတွက် ဘဏ်ပုံစံတကျမရှိခြင်း၊ ဘဏ်ခွဲ တည်နေရာဟာ ရပ်ကွက်အတွင်း နေအိမ်များရှိရာ လမ်းကျဉ်းအတွင်း၌ တည်ရှိတဲ့အတွက် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများရဲ့ မော်တော်ယာဉ်များ ဝင်ထွက်သွားလာရန်ခက်ခဲခြင်း၊ ပင်စင်စားဦးရေများ ပြားလာခြင်းနှင့် ထပ်မံတိုးမြှင့်ဆောင်ရွက်မယ့် ဘဏ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက်လည်း အဆိုပါ မြေနေရာကွက်လပ်မှာ အဆောက်အအုံသစ် ထပ်မံဆောက်လုပ်ခြင်းဖြင့် ဘဏ်ခွဲဖွင့်လှစ်ရန် သင့်တော်မှု မရှိတာကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ကလေးမြို့ ဗိုလ်ချုပ်လမ်း၊ ကွင်းအမှတ်(၇၅)၊ ရုံးကြီးရပ်မှာရှိတဲ့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနပိုင် မြေနေရာကို လွှဲပြောင်းလက်ခံ ရရှိပြီးလို့ရှိရင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှာ ငွေလုံးငွေရင်းရန်ပုံငွေနဲ့ အဆိုပါမြေနေရာမှာ ကလေးခရိုင်ဘဏ်ခွဲ အဆောက် အအုံသစ် ဆောက်လုပ်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့မှ ကျွန်တော့်အနေနဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ မွန်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဆက်လက်ပြီးတော့ ရှင်းလင်းဖြေကြားသွားပါမယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းများ တာဝန်နဲ့ ခရီးသွား လာတဲ့နေရာမှာ ၁၉၂၂ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံ ခရီးစရိတ်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ အညီ ခရီးစရိတ်တွေ ခွင့်ပြုပေးလျက်ရှိပါတယ်။ ခရီးစရိတ်ကို ဝန်ထမ်းတစ်ဦးက ပြည်သူ့အကျိုးငှာ တာဝန်ဖြင့် သွားလာရာမှာ ကုန်ကျခဲ့တဲ့ စရိတ်စကများကို ကာမိစေရန် ပြည်သူ့ဘဏ္ဍာမှ ထုတ်ပေးတဲ့ ဖြည့်စွက်စရိတ် တစ်မျိုးဖြစ်ကြောင်းနှင့် ခရီးသွားနေ့တွက်စရိတ်ကို တာဝန်ကျဌာနချုပ်မှ ထွက်ခွာတဲ့ နေ့တစ်နေ့စီအတွက် တူညီသော နှုန်းထားဖြင့် ခွင့်ပြုသောစရိတ်ဖြစ်ပြီး ခရီးသွားစဉ် အပိုကုန်ကျသော စရိတ်များကိုကာမိစေရန် ရည်ရွယ်ခွင့်ပြုထားခြင်းဖြစ်ကြောင်း ၎င်းနည်းဥပဒေမှာ ဖော်ပြထားပါတယ်။

နိုင်ငံတော်အစိုးရ အနေနဲ့လည်း ဒီနည်းဥပဒေပါ ခရီးသွားနေ့တွက် စရိတ်နှုန်းထားများကို ခေတ် ကာလအခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေဖို့ ပြန်လည်သုံးသပ်ပြီးတော့မှ ၁၉၇၉ ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၈၉ ခုနှစ်မှာ တစ်ကြိမ်၊ ၂၀၁၀ ခုနှစ်မှာ တစ်ကြိမ် နဲ့ ၂၀၁၃ ခုနှစ်မှာ တစ်ကြိမ် ပြင်ဆင် သတ်မှတ်ပေးခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၌ ပြင်ဆင်သတ်မှတ်ရာမှာ ခရီးသွားနေ့တွက်စရိတ် ကျပ်(၁၇၀၀) ကို တိုးမြှင့်သတ်မှတ်ပေးခဲ့ပါတယ်။

မြန်မာနိုင်ငံခရီးစရိတ် နည်းဥပဒေ ၆(၁) မှာ အမှန်ကုန်ကျစရိတ်ကို ခွင့်ပြုပေးရာမှာ ဝန်ထမ်းအနေဖြင့် ခရီးသွားလာရာတွင် ကိုယ်တိုင်အတွက်ဖြစ်စေ၊ အကူဝန်ထမ်းနှင့် ကိုယ်ပိုင်ခရီးဆောင် ပစ္စည်းများအတွက်ဖြစ်စေ အမှန်ကျခံသုံးစွဲခဲ့ရတဲ့ ကူးတို့ခ၊ လမ်းတံတားခွန်၊ ခရီးခွန်နှင့် အလုပ်သမား ခတွေကို ခံစားခွင့်ပြုပါတယ်။ သို့ရာတွင် ဟိုတယ်ခ၊ တည်းခိုခန်းခနှင့် သယ်ယူသည့် ပစ္စည်းများ ဆုံးရှုံး ပျက်စီးခြင်းအတွက် စရိတ်များ၊ အဆာပြေစားသောက်စရိတ်များ၊ လက်ဆောင်ကြေးကို တောင်းခံခွင့် မရှိဟု ဖော်ပြထားပါတယ်။

လက်ရှိ နိုင်ငံ့ဝန်ထမ်းများ တာဝန်ဖြင့်သွားရောက်ရတဲ့ နယ်လှည့်ခရီးစရိတ်နှင့် ပြောင်းရွှေ့ ခရီးစရိတ်တွေကို ဝန်ထမ်းကိုယ်တိုင်နှင့် ဝန်ထမ်းမိသားစုအတွက် အသုံးပြုခဲ့သော လေယာဉ်ခ၊ မော်တော်ယာဉ်ခ၊ မီးရထား၊ သင်္ဘောခနှင့် သွားလာခဲ့တဲ့ ကုန်ကျစရိတ်တွေအတွက် ခရီးစရိတ် နည်းဥပဒေ ၆(၁)အရ အမှန်ကုန်ကျ စရိတ်ကို ထုတ်ပေးလျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသည့်အတိုင်း နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာရာမှာ ယခင် နှုန်းထားအဟောင်းအတိုင်း မဟုတ်ဘဲ ဝန်ထမ်းများနစ်နာမှုမရှိတဲ့ သင့်တော်တဲ့ ခရီးစရိတ် နှုန်းထားတွေ အဖြစ် ပြင်ဆင်သတ်မှတ်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြောင်းလဲလျက် ရှိတဲ့ လူနေမှု စရိတ်၊ လစာနှုန်းတို့နှင့် လိုက်လျောညီထွေဖြစ်စေမယ့် ခရီးစရိတ်နှုန်းထားဖြစ်စေရေး ဆောင်ရွက်နိုင်ဖို့ အတွက်ကို ဌာနအဖွဲ့အစည်းများထံမှ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာ ရေးနှစ် စက်တင်ဘာလအထိ ကျခံသုံးစွဲခဲ့တဲ့ အသုံးစရိတ်များကို တောင်းခံပြီးတော့မှ ဘဏ္ဍာရေး ဝန်ကြီးဌာနအနေနဲ့ ပြန်လည်စိစစ်ခြင်း၊ ဝန်ကြီးဌာနများရဲ့ သဘောထားများတောင်းခံခြင်း တို့အပြင် ကျွမ်းကျင်ပညာရှင်များရဲ့ သဘောထားအကြံဉာဏ်များကိုပါ ရယူပြီးတော့မှ ကျယ်ကျယ် ပြန့်ပြန့် သုံးသပ် ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းပါ တည်းခိုနေထိုင်စရိတ် အပါအဝင် ခရီးသွားနေ့တွက်စရိတ်နှုန်းများအား ဝန်ထမ်းများနစ်နာမှု မရှိစေဖို့ အတွက် သင့်တော်တဲ့ နှုန်းထားအသစ်ကို ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပြောင်းလဲသတ်မှတ် နိုင်ရေးဆောင်ရွက် သွားမည်ဖြစ်ကြောင်းရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**နိုင်ငံတော်အစိုးရက ချင်းပြည်နယ် အနှံ့အပြားတွင် သတ္တုထွက်ရှိခြင်း ရှိ/မရှိ ကို ရှာဖွေလေ့လာပေးရန် နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း က နိုင်ငံတော်အစိုးရက ချင်းပြည်နယ် အနှံ့အပြားတွင် သတ္တုထွက်ရှိခြင်း ရှိ/မရှိကို ရှာဖွေလေ့လာပေးရန် နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားတဲ့ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကော်မရှင် လူကြီးများ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ထန်တလန်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ဖြစ်ပါတယ်။ ချင်းပြည်နယ်မှာ ရွှေ့ပြောင်းတောင်ယာစနစ်ကနေ စက်မှုလက်မှု ထွန်းကားသော ပြည်နယ်ဖြစ်အောင် အစိုးရကို ဆောင်ရွက်ပေးပါလို့ ကျွန်တော်က မေးခွန်းမေးပြီးမှ တင်ပြချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ချင်းပြည်နယ်မှာ ခေတ်မမီတော့တဲ့ မိရိုးဖလာစိုက်ပျိုး မွေးမြူရေးကိုသာ ကျင့်သုံးနေပါသဖြင့် မိသားစုဝမ်းစာဖူလုံမှုရရှိရန် တစ်နေကုန် ပင်ပန်းခက်ခဲစွာ အလုပ်လုပ်ကိုင်ရပါတယ်။ ဤကဲ့သို့သော စနစ်၊ ခေတ်နောက်ကျနေပြီဖြစ်သော စိုက်ပျိုးမွေးမြူရေးစနစ် သည် ဒေသဖွံ့ဖြိုးရေးအတွက် အကျိုးမပြုနိုင်တော့ပါ။ ထို့ကြောင့် ချင်းပြည်နယ်နှင့် ပြည်သူများရဲ့ လူမှုစီးပွားရေးအဆင့်မြှင့်တင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဖန်တီးပေးနိုင်ရေးအတွက် ချင်းပြည်နယ် ကို ခေတ်မမီတော့တဲ့ တောင်ယာမီးရှို့ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးပြည်နယ်မှ သတ္တုတူးဖော်ပြီး စက်မှုလက်မှု ပြည်နယ်အဖြစ် ပြောင်းလဲပေးနိုင်ရေးအတွက် ငွေလုံးငွေရင်း စိုက်ထုတ်ရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရန် ကျွန်တော်အနည်းငယ်တင်ပြချင်ပါတယ်။

နောက် ဆက်လက်ပြီးတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်ဟာ လူသိနည်း တဲ့ ပြည်နယ်ဖြစ်ပါတယ်။ တာဝန်ရှိလူကြီးအများစုကလည်း ချင်းပြည်နယ်သည် တောင်ကုန်းတောင် တန်းများထူထပ်ပြီး ဆက်သွယ်သွားလာရေး ခက်ခဲတဲ့ မဖွံ့ဖြိုးသောဒေသ ဖြစ်တယ်ဆိုတာကတော့ အားလုံးလိုလိုက သိကြပါတယ်။ ဒါပေမဲ့ ဒီလိုမဖွံ့ဖြိုးသော ဒေသဖြစ်တယ်ဆိုတာ သိရှိရုံနဲ့ မလုံလောက် သေးပါဘူး။ ဒေသအခက်အခဲများကို ကျော်လွှားနိုင်အောင် ဘာလုပ်ပေးသင့်တယ် ဆိုတာကိုလည်းပဲ လေးလေးနက်နက် စဉ်းစားပေးဖို့လိုပါတယ်။ လုပ်ပေးသင့်တယ်ဆိုရုံနဲ့ လည်းမပြီးသေးဘူး။ တကယ် လုပ်ဖို့လည်းလိုတယ်။ အဲဒါကြောင့် အဲဒီမဖွံ့ဖြိုးဘူးဆိုတာကို သိတယ်လို့ဆိုရင် ဖွံ့ဖြိုးအောင်တကယ် လုပ်ပေးမှ ကျွန်တော်တို့ ဒီဒေသမှာရှိတဲ့ ချင်းပြည်နယ်ကတော့ အကျယ်အဝန်းအားဖြင့် စတုရန်းမိုင် (၁၃၀၀၀)၊ လူဦးရေကတော့ (၅)သိန်းကျော်ကျော်ပဲရှိပါတယ်။ အဲဒီဒေသကို ဒီလိုမဖွံ့ဖြိုးဘူးဆိုတာ လူကြီးကသိတယ်။ ဒါပေမဲ့ဖွံ့ဖြိုးအောင်လုပ်ပေးမှ ဒေသမှာရှိတဲ့ (၅)သိန်းကျော်ကိုလည်း ဖွံ့ဖြိုးတိုးတက် သွားမှာဖြစ်ပါတယ်။ ယခု ဒီကျွန်တော်တို့ပြည်နယ်ကို လေ့လာသူများရဲ့ ပြောပြချက်အရဆိုလျှင် ချင်း ပြည်နယ်အနှံ့မှာ သတ္တုထွက်ပါတယ်လို့ ပြောကြပါတယ်။

အဲဒါကြောင့် ဒီလိုသတ္တုတွင်း တူးဖော်ရေးလုပ်ငန်းများ ချင်းပြည်နယ်မှာ စတင်ဆောင်ရွက်လို့ရှိရင် ဒီတောင်ယာစိုက်ပျိုးရေး စနစ်ကို ကျွန်တော်တို့က ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ ဒီသတ္တုတွင်း လုပ်ငန်းနဲ့ပဲ ကျွန်တော်တို့ပြည်နယ်မှာပဲ လုပ်ငန်းတစ်ခုလုပ်ရမှာဖြစ်ပါတယ်။ အဲဒါကြောင့် ချင်းပြည်နယ် အနှံ့အပြားမှာ သတ္တုတွင်းရှိပါတယ်ဆိုတဲ့ သတင်းကို ကျွန်တော်တို့ကြားတဲ့ အခါမှာ ကျွန်တော်တို့ ဒီ ကျွမ်းကျင်သူ မဟုတ်သော်လည်းဘဲ၊ ပညာရှင် မဟုတ်သော်လည်းဘဲ တောင်သူလယ်သမားများ၊ ချင်းလူမျိုးတွေကတော့ တော်တော်ကို မျှော်လင့်ချက် အများကြီး ရှိပါတယ်။ ပြည်နယ်ဖွံ့ဖြိုးတော့မယ်၊ တိုးတက်တော့မယ်ဆိုပြီးတော့ အကယ်၍ အစိုးရက ချင်းပြည်နယ်မှာ သတ္တုတွင်းဖွင့်လှစ်လာပြီး တူးဖော်ခြင်းလုပ်ငန်းများလည်း ဆောင်ရွက်မယ်ဆိုပါက သစ်တောပြုန်းတီး ပျက်စီးခြင်းမရှိရေးအတွက်၊ စိုက်ပျိုးမြေများ မပျက်စီးရေးတို့အတွက် ဒေသခံပြည်သူများနဲ့ တာဝန်ရှိသူများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အဲဒီအခါမှာ ကျွန်တော်တို့ချင်းပြည်နယ် သတ္တုတူးဖော်ခြင်းနဲ့ ပတ်သက်ပြီးတော့ ပြဿနာများဖြစ်ပေါ်လာမည် မဟုတ်ပါဆိုတာကို ကျွန်တော့်အနေနဲ့ ကြိုတင်ပြီးတော့ပြောချင်ပါတယ်။ ကျွန်တော်မေးချင်တဲ့မေးခွန်းကတော့ (၁) ချင်းပြည်နယ် အနှံ့အပြားမှာ သတ္တုထွက်ရှိခြင်း ရှိ/မရှိ၊ အစိုးရကရှာဖွေလေ့လာပေးရန် အစီအစဉ် ရှိ/မရှိ။ နောက် (၂)ကတော့ ချင်းပြည်နယ် သတ္တုတွင်းများ တွေ့ရှိနိုင်သော မြို့နယ်အမည်များ၊ ထွက်ရှိနိုင်တဲ့ သတ္တုအမျိုးအစားများကို သိလိုပါတယ်။ (၃) ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ တီးတိန်မြို့နယ်များမှာ ဥပမာ မွေ့တောင်၊ ဖားတောင်၊ ဝေဘူလ တောင်ကြောတစ်ခုလုံးဒေသမှာ နောက် စစ်ကိုင်းတိုင်း၊ ကလေးမြို့နဲ့ မလှမ်းမဝေးဒေသ၊ တီးတိန်မြို့နယ်တွင် ဒေါလ်လွင်အုပ်စုမှာပေါ့ နီကယ်ထွက်ရှိတယ် ဆိုတာလည်းပဲ ဒီထွက်ရှိမှုပမာဏကို ခန့်မှန်းပြီးတော့ သိချင်ပါ တယ်။ နောက်(၃)ကတော့ ထန်တလန်မြို့နယ်၊ အနောက်ဘက် အိန္ဒိယနယ်စပ် ဘဲလ်ဟရ်ရွာ၊ ဒိုင်ဗာချောင်းမှာလည်း ရွှေထွက်တယ်လို့ လွန်ခဲ့တဲ့နှစ်ပေါင်း(၂၀)၊ (၄၀)ခန့်မှာ အဲဒီအချိန်မှာတော့ လမ်းပန်းဆက်သွယ်ရေး တော်တော်ခက်ခဲတဲ့ အချိန်မှာ ကျွမ်းကျင်သူဘူမိဗေဒပညာရှင်နဲ့ အဖွဲ့များ လာရောက်လေ့လာခဲ့ဖူးပါတယ်။

ယခုအဲဒီနေရာကို အစိုးရ၏ရွာချင်းဆက်လမ်းများ ဆောင်ရွက်ပေးမှုကြောင့် လမ်းပန်းဆက်သွယ်ရေးလည်းတော်တော်ကောင်းတဲ့ ကျေးရွာဖြစ်နေပါပြီ။ အိန္ဒိယနယ်စပ်တော့ ရှိတယ်။ ဒါပေမဲ့ကားနဲ့သွားလို့ ရတဲ့ကျေးရွာဖြစ်နေပြီ။ အဲဒါကြောင့် အဲဒီရွှေထွက်တယ်ဆိုတဲ့နေရာကို ပြန်လည်ပြီးတော့လေ့လာဖို့ အစီအစဉ် ရှိသလား/မရှိဘူးလား ဆိုတာကို ကျွန်တော် မေးချင်ပါတယ်။ နောက် ချင်းပြည်နယ်တွင် သတ္တုထွက်ရှိခြင်း ရှိ/မရှိကို အစိုးရက ရှာဖွေလေ့လာရန် အစီအစဉ် မရှိပါက ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခုက ရှာဖွေလေ့လာတူးဖော်ခြင်းကို လုပ်မယ်ဆိုလျှင် အစိုးရက ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိကိုလည်း သိလိုပါတယ်ဆိုတာကို မေးမြန်းချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၁။**

**ဦးသန်းထွန်းအောင် (ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)။။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးသန်းထွန်းအောင်ဖြစ်ပါတယ်။ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်းရဲ့ ချင်းပြည်နယ် အနှံ့အပြားမှာ သတ္တုထွက်ရှိခြင်း ရှိ/မရှိနဲ့ အစိုးရ က ရှာဖွေလေ့လာရန်အစီအစဉ် ရှိ/မရှိ သိလိုတဲ့မေးခွန်းကို ပြည်ထောင်စုဝန်ကြီးကိုယ်စား ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးပေါလ်ထန်ထိုင်း က ချင်းပြည်နယ်ရဲ့အကျိုးစီးပွား၊ ဒေသခံပြည်သူများရဲ့ အကျိုးစီးပွားကိုရှေးရှုပြီး မေးမြန်းခဲ့တဲ့ မေးခွန်းကို သတ္တုတွင်းဝန်ကြီးဌာနရဲ့ကိုယ်စားဖြေကြားခွင့်ရတဲ့အတွက်လည်း ကိုယ်စားလှယ်တော်ကြီးကိုများစွာမှ ကျေးဇူးတင်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့်ပြောကြားအပ်ပါတယ်။ အချို့အချက်အလက်များကိုလည်း ကိန်းဂဏန်းများဖြစ်တဲ့အတွက်ကြောင့် Power Point ဖြင့် တင်ပြရှင်းလင်းခွင့်ပြုပါရန်ခွင့်တောင်းခံ အပ်ပါတယ်။

လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ သတ္တုတွင်းဝန်ကြီးဌာန၊ ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနသည် မြန်မာနိုင်ငံအနောက်ဘက်ခြမ်း ချင်းပြည်နယ် နဲ့ တောင်ပိုင်းနှင့် ရခိုင်ရိုးမပါဝင်သော အပိုင်းကို ၁၉၇၉ ခုနှစ်မှာ ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ပူးပေါင်းပြီး ဘူမိဗေဒနှင့် ဘူမိဓာတုဗေဒလေ့လာမှုများ ဆောင်ရွက်ခဲ့ပြီး ဓာတ်သတ္တု သယံဇာတအရင်းအမြစ်များ ရှာဖွေဖော်ထုတ် တိုင်းတာခဲ့သော သတ္တုအမျိုးအစားများနှင့် သတ္တုသိုက်ပမာဏတို့ကို မှတ်တမ်းတင်ထားရှိခဲ့ပါတယ်။

အလားတူပဲ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ဝေဘူလပါမွန်ချောင်းဒေသတစ်ဝိုက်တွင် ခရိုမိုက်သတ္တုစမ်းသပ် တိုင်းတာရေးလုပ်ငန်း၊ ကန်ပက်လက်မြို့နယ်၊ ရင်ကွဲတောင်ဒေသမှာကြေးနီ၊ နီကယ်နှင့်ခရိုမိုက်သတ္တုစမ်းသပ်တိုင်းတာရေးလုပ်ငန်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ တီးတိန်မြို့နယ်၊ ပဟားတောင်ဒေသမှာ ထုံးကျောက် စမ်းသပ်တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ဖလမ်းမြို့နယ်၊ လိုင်ဇိုးကျေးရွာမြေပြိုမှုများကိုလည်း စမ်းသပ်လေ့လာခဲ့ပါတယ်။ ချင်းပြည်နယ်အတွင်းမှာ ဘူမိဗေဒမြေပုံရေးဆွဲခြင်း၊ ဓာတ်သတ္တုရှာဖွေ စမ်းသပ်တိုင်းတာရေးလုပ်ငန်းများကို အခုအချိန်ထိအောင် စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပြီး ဓာတ်သတ္တု ဖြစ်ထွန်းမှုများ မှတ်တမ်းတင်ထားရှိပြီးဖြစ်ပါတယ်။

ဓာတ်သတ္တုဖြစ်ထွန်းမှုများကတော့ ကန့်ကူဆံဓာတ်သတ္တုအမျိုးအစားများ အရေအတွက်အားဖြင့် (၄)နေရာရှာဖွေတွေ့ရှိခဲ့ပါတယ်။ မက်ထရစ်တန်ချိန် တန်ပေါင်း(၀.၀၉၀၀)သန်းဖြစ်ပြီး ထွက်ရှိတဲ့နေရာကတော့ ကန်ပက်လက်၊ တီးတိန်မြို့နယ်ဖြစ်ပါတယ်။ ဒုတိယသတ္တုကတော့ ကြေးနီသတ္တုရိုင်းသတ္တု ဖြစ်ပါတယ်။ နေရာ(၂)နေရာမှာ ရှာဖွေတွေ့ရှိခဲ့ပြီးတော့ တန်ချိန်သန်းပေါင်း (၀.၀၀၃၀) တန်

ဖြစ်ပြီးတော့ ထွက်ရှိတဲ့နေရာကတော့ ကန်ပက်လက်၊ တွန်းဇံမြို့နယ်ဖြစ်ပါတယ်။ အလားတူ ခရိုမိုက်သတ္တုကိုတော့ (၁၄)နေရာမှာ ရှာဖွေတွေ့ရှိထားပြီးတော့ တန်ချိန်အားဖြင့် (၀.၀၃၉၅)သန်း မှတ်တမ်းတင်ထားပါတယ်။ ထွက်ရှိတဲ့နေရာကတော့ ကန်ပက်လက်၊ တီးတိန်၊ တွန်းဇံ၊ ဖလမ်းမြို့နယ်များမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ထုံးကျောက်သတ္တုဖြစ်ပါတယ်။ သူကတော့ (၁၁)နေရာမှာ ရှာဖွေတွေ့ရှိထားပြီး တန်ချိန် သန်းပေါင်း (၄၆၉.၀၀)သန်း ဖြစ်ပါတယ်။ ထွက်ရှိတဲ့နေရာ ကတော့ တီးတိန်၊ တွန်းဇံ၊ ဖလမ်း၊ ဟားခါး မြို့နယ်များ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ နီကယ်သတ္တုရိုင်းဖြစ်ပါတယ်။ နေရာ(၅)နေရာမှာ ရှာဖွေတွေ့ရှိ ထားပါတယ်။ တန်ချိန်သန်းပေါင်း (၁၁၀.၅၇၀)သန်းဖြစ်ပါတယ်။ ထွက်ရှိတဲ့နေရာများကတော့ ကန်ပက်လက်၊ တီးတိန်၊ တွန်းဇံမြို့နယ်များဖြစ်ပါတယ်။ နောက်တစ်ခုကတော့ သံသတ္တုရိုင်းဖြစ်ပါတယ်။ (၅)နေရာမှာ ရှာဖွေတွေ့ရှိ ထားပါတယ်။ တန်ချိန်သန်းပေါင်း(၀.၀၀၀၇)သန်း ဖြစ်ပါတယ်။ တွေ့ရှိတဲ့နေရာကတော့ တီးတိန်၊ ဖလမ်းမြို့နယ်များဖြစ်ပါတယ်။

အထက်ပါဓာတ်သတ္တုဖြစ်ထွန်းမှုများအနက်မှ တီးတိန်မြို့နယ်၊ ဒေါလ်လွင်ကျေးရွာအနီး မြွေတောင်ဒေသတွင် ပျမ်းမျှနီကယ် (၁.၁၉) ရာခိုင်နှုန်း ပါဝင်တဲ့ နီကယ်သတ္တုရိုင်း တန်ချိန် (၁၁၀) သန်းကို ၁၉၆၉ ခုနှစ်၊ ဇွန်လမှာလည်းကောင်း၊ ဘိုပိဘွန်းဒေသမှာ ခရိုမီယမ်(၂၇.၃)ရာခိုင်နှုန်း ကနေပြီး (၃၉.၈) ရာခိုင်နှုန်းပါဝင်သော ခရိုမိုက်သတ္တုရိုင်းတန်ချိန် (၀.၀၀၆) သန်းကို ၁၉၆၆ ခုနှစ်၊ နိုဝင်ဘာလ မှာလည်းကောင်း ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန က ဘူမိဗေဒအရာရှိ ဦးငေါ်စင်ပေါ် မှ အသေးစိတ်တိုင်းတာ တွက်ချက်နိုင်ခဲ့ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်နဲ့ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဘိုပိဘွန်းတောင်ပတ်ဝန်းကျင်ဒေသမှာ ခရိုမိုက်သတ္တုသိုက်အရင်းအမြစ်များ ခန့်မှန်းတွက်ချက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနသည် ကိုရီးယားသမ္မတနိုင်ငံ ဘူမိသိပ္ပံနှင့် သတ္တုသယံဇာတဆိုင်ရာ တက္ကသိုလ် (KIGAM) နှင့် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ သုတေသန သဘောတူညီချက် (Research Agreement)ကို နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးပြီး အဆိုပါ သုတေသနလုပ်ငန်းများကို ယခုအချိန်အထိ ဆောင်ရွက်နေလျက်ရှိပါတယ်။

ဟားခါးမြို့နယ်၊ ထန်တလန်မြို့နယ်များအတွင်းမှာ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနကနေပြီး ၁၉၇၈ ခုနှစ်တွင် ကုလသမဂ္ဂ အစီအစဉ်ဖြင့် ဘူမိဗေဒ မြေပုံရေးဆွဲရေးလုပ်ငန်းများကို တစ်စိတ်တစ်ဒေသ ဆောင်ရွက်ခဲ့ပြီး ဒေသအချို့ ဆောင်ရွက်ဖို့ ကျန်ရှိနေပါသေးတယ်။ ဆောင်ရွက်ခဲ့ပြီးမှတ်တမ်းများအရ ရွှေသတ္တုဖြစ်ထွန်းမှုကို မှတ်တမ်းတင်နိုင်ခြင်း မရှိသေးပါ။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနမှ (၁း၅၀၀၀၀) စကေးဖြင့် မြန်မာနိုင်ငံ၏ ဘူမိဗေဒမြေပုံရေးဆွဲရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိတဲ့အခါမှာ လာမည့်နှစ်များအတွင်းမှာ ချင်းပြည်နယ်၊ အိန္ဒိယနယ်စပ်ဒေသများမှာ လမ်းပန်းဆက်သွယ်ရေး အခြေအနေပေါ်မူတည်ပြီး ဘူမိဗေဒမြေပုံရေးဆွဲရေးနှင့် ဓာတ်သတ္တုရှာဖွေရေး လုပ်ငန်းများကို ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါတယ်။

သို့ဖြစ်ပါ၍ သတ္တုတွင်းဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနသည် ဓာတ်သတ္တုရှာဖွေစမ်းသပ်တိုင်းတာရေးလုပ်ငန်းကို ချင်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံအနှံ့အပြားမှာ ဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခုက ဓာတ်သတ္တုလေ့လာ ရှာဖွေစမ်းသပ်တိုင်းတာခြင်း၊ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါက သတ္တုတွင်း ဝန်ကြီးဌာန

သို့ အဆိုပြုတင်ပြပြီး ပြည်နယ်အစိုးရရဲ့ သဘောထားမှတ်ချက်၊ ဒေသခံပြည်သူများရဲ့ သဘောထားမှတ်ချက်၊ မြေစာရင်းပုံစံ(၁၀၅)၊ သစ်တောနယ်မြေအတွင်းမှာ ကျရောက်ပါက သစ်တော သဘောထားမှတ်ချက်စသည့် ထောက်ခံချက်များ ရယူရန်လိုအပ်ပါတယ်။ အဲဒီထောက်ခံချက်များနဲ့အတူ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်များထုတ်ပေးပြီး လုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုလျက် ရှိနေပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဘာသာရေးလွတ်လပ်ခွင့် အပြည့်အဝရှိသည့် မြန်မာနိုင်ငံကို ဘာသာရေး ခွဲခြားဆက်ဆံမှု၊ ဖိနှိပ်မှုကိစ္စရပ်တွင် အထူးစိုးရိမ်ရသောနိုင်ငံများ (Countries of Particular Concern) စာရင်းမှ ပယ်ဖျက်သွားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအနေနှင့် မည်သို့စီစဉ် ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဘာသာရေးလွတ်လပ်ခွင့် အပြည့်အဝရှိသည့် မြန်မာနိုင်ငံကို ဘာသာရေး ခွဲခြား ဆက်ဆံမှု၊ ဖိနှိပ်မှုကိစ္စရပ်တွင် အထူးစိုးရိမ်ရသောနိုင်ငံများ (Countries of Particular Concern) စာရင်းမှ ပယ်ဖျက်သွားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအနေနှင့် မည်သို့စီစဉ် ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းနဲ့ပတ်သက်လို့ နိုင်ငံခြားရေးဝန်ကြီးဌာန က လာရောက်ဖြေဆိုတာတွေ့ရပါတယ်။ ကျွန်တော်တင်တုန်းကတော့ ဒါ (၁၁)ကြိမ်မြောက် အစည်းအဝေးမှာ ကျွန်တော်မေးချင်တဲ့ မေးခွန်းဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက ချိန်ကိုက်ဖြစ်ရပ်လေးတစ်ခုနဲ့ တိုက်ဆိုင်ပြီး ကျွန်တော်မေးခြင်း ဖြစ်ပါတယ်။ သို့သော် အဲဒီအချိန်တုန်းကလည်း အစီအစဉ်တွေ ကျပ်တည်းတာ တစ်ကြောင်း၊ ဖြေဆိုဖို့ဒီဘက်က၊ အစိုးရဘက်လည်း လုပ်ငန်းတွေများတာက တစ်ကြောင်း ကျွန်တော်ဒါကို (၁၂)ကြိမ်မြောက်မှာ မေးခွင့်ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့ အတိုင်းပါပဲ။ ကျွန်တော်တို့ နိုင်ငံတော်ရဲ့အခြေခံဥပဒေမှာကိုက ၂၀၀၈ အခြေခံဥပဒေနဲ့အညီ ဖွံ့ဖြိုးတိုးတက်ပြီးတော့ တည်ငြိမ်အေးချမ်းတဲ့ နိုင်ငံတော်ဖြစ်အောင် ပါတီစုံဒီမိုကရေစီစနစ်နဲ့အညီ အုပ်ချုပ်ရေးလည်း ပြုပြင်တယ်။ ဈေးကွက်စီးပွားရေးစနစ်ကို စီးပွားရေးပြုပြင်တယ်။ ပြီးတော့ ပြည်ထောင်စုလွှတ်တော်၊ နောက်ပြီး အစိုးရ၊ နိုင်ငံရေးပါတီတွေ၊ တပ်မတော်၊ အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်း၊ ပြည်သူလူထု လက်တွဲညီညီနဲ့ တည်ငြိမ်အေးချမ်းစွာ အသွင်ပြောင်းပြီး ဆောင်ရွက်နေပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ ကံအားလျော်စွာပဲ ကံမကောင်းအကြောင်းမလှတဲ့အတွက်ကြောင့် အချို့ဒေသများမှာ ပြီးခဲ့တဲ့နှစ်များအတွင်းမှာက ဆင်ခြင်တုံတရား နည်းပါးတဲ့လူအချို့ရဲ့ ပြုမူချက်တွေကြောင့် စိတ်လိုက်မာန်ပါ လုပ်ခဲ့တဲ့အတွက် ဒီနေရာလေးမှာ မလိုလားအပ်တဲ့အရုပ်ဆိုး အကျည်းတန်စေတဲ့ ကိစ္စလေးများလည်း ဖြစ်ခဲ့တာ အားလုံးသိပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီအဖြစ်တွေကို အကြောင်းပြုပြီးတော့ တက်လာခါစ၊ ထွန်းသစ်လာခါစ နိုင်ငံတော်ရဲ့ပုံရိပ်ကို ပျက်ပြားအောင် ဘာသာရေး၊ လူမျိုးရေး၊ ပဋိပက္ခအသွင် ဖော်ဆောင်ပြီးတော့ နိုင်ငံတကာကလည်း လုပ်ကြံစွပ်စွဲနေတာတွေလည်း တစ်ဘက်က

ရှိပါတယ်။ လူမျိုးရေး၊ ဘာသာရေး ခွဲခြားဆက်ဆံမှု၊ ဖိနှိပ်မှုစတဲ့ ပြင်းထန်တဲ့စွဲချက်တွေနဲ့ တင်ပြီးတော့ ကမ္ဘာက မြန်မာကို တစ်မျိုးထင်အောင် ဆောင်ရွက်တဲ့ အချက်တွေလည်း ရှိပါတယ်။ ဒီလိုဖြစ်ရခြင်း အကြောင်းအရင်း၊ ဒီမေးခွန်းကို မေးရခြင်းအကြောင်းအရင်းက ၂၂-၈-၂၀၁၄ မှာ အမေရိကန်နိုင်ငံရဲ US CIRS လို့ခေါ်တဲ့ United State Commission Of International Religious Freedom ဆိုတဲ့ အဖွဲ့အစည်းက Commissioner နှစ်ယောက် မြန်မာနိုင်ငံကို လာပါတယ်။ လာတဲ့အခါမှာ ပြည်ထောင်စု လွှတ်တော်နာယကကို တွေ့ဆုံခွင့် Call တောင်းပါတယ်။

နာယကရဲ့တာဝန်ပေးချက်အရ ကျွန်တော်နဲ့ ကျွန်တော်တို့ဘက်က နိုင်ငံရေး၊ စီးပွားရေး၊ ဥပဒေရေးရာကော်မရှင် ဥက္ကဋ္ဌကြီး ဦးမြင့်သိန်း၊ ဟိုဘက်က ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူ တို့ (၃)ယောက်ဟာ လက်ခံတွေ့ဆုံခဲ့ပါတယ်။ အဲဒီမှာကော်မရှင်အဖွဲ့ဝင် နှစ်ယောက်ကနေပြီးတော့ ကျွန်တော်တို့ နိုင်ငံနဲ့ပတ်သက်လို့ သူတို့ဘက်ကစွဲချက်တွေ တစ်ခုပြီးတစ်ခု တင်ပါတယ်။ ကျွန်တော်တို့ ဘက်က ချေဖျက်နိုင်ပါတယ်။ ချေဖျက်နိုင်သည့်တိုင်အောင် သူတို့လာတဲ့အချိန်မှာပဲ သူတို့နဲ့ပါလာတဲ့ စာမှာ ကျွန်တော်တို့နိုင်ငံရဲ့ တင်ပြခဲ့တဲ့ ဘာသာရေးနဲ့ပတ်သက်လို့ ခွဲခြားဆက်ဆံ ဖိနှိပ်ချုပ်ချယ်မှုမှာ စိုးရိမ်ဖွယ်ကောင်းတဲ့ နိုင်ငံများစာရင်း (Countries of Particular Concern) မှာ ပါနေတယ်ဆိုတာ သွားတွေ့ရပါတယ်။ ဒေါ်အေးမူ၊ သူ Download လုပ်တဲ့အခါမှာ တွေ့တဲ့နိုင်ငံထဲမှာ ဝမ်းနည်းဖို့ ကောင်းပါတယ်။

(၃)နိုင်ငံဟာဆိုလို့ရှိရင် ဘာသာရေးနဲ့ပတ်သက်လို့ ခွင့်ပြုချက်မရှိတဲ့ ကွန်မြူနစ်နိုင်ငံတွေ ဖြစ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ မြောက်ကိုရီးယားလို့ ခေါ်တဲ့ DPRK ဒီနိုင်ငံမျိုးတွေ ပါပါတယ်။ နောက် Sharia Law လို့ခေါ်တဲ့ အင်မတန်ပြင်းထန်တဲ့ ဘာသာရေး ဥပဒေနဲ့ဖိနှိပ်အုပ်ချုပ်တဲ့ ဆော်ဒီအာရေးဗီးယားတို့၊ အီရန် တို့ ပါပါတယ်။ နောက်ပြီးတော့ အာဖရိက တိုက်က နိုင်ငံတွေပါတယ်။ အဲဒီလိုနိုင်ငံမျိုးနဲ့တန်းတူ အခြေခံဥပဒေနဲ့ လွတ်လွတ်လပ်လပ်နဲ့ ဘာသာရေး ကို ခွင့်ပြုထားတဲ့ ကျွန်တော်တို့နိုင်ငံကို ထည့်သွင်းပြီး ဖော်ပြခြင်းဟာ ကျွန်တော်တို့ အင်မတန် နစ်နာ ပါတယ်။ ကုလသမဂ္ဂနဲ့ နိုင်ငံတကာမျက်နှာစာမှာ ကျွန်တော်တို့ရဲ့ Image ကို သေးသိမ်အောင် ဆောင်ရွက်တယ်လို့ ကျွန်တော် သုံးသပ်ပါတယ်။ အဲဒီအချိန်တုန်းက ကျွန်တော် ကုလသမဂ္ဂကို မတင်ခင် လေးမှာ ဒါလေး မေးခဲ့ခြင်း ဖြစ်ပါတယ်။

အဲဒါနဲ့ဆက်စပ်ပြီး ဘာသာရေးနဲ့ပတ်သက်ပြီးတော့၊ လူမှုရေး၊ ဒီလူအခွင့်အရေးနဲ့ ပတ်သက် ပြီး စွဲချက်တွေတင်လာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အခြေခံဥပဒေမှာလည်း အားလုံးသိပြီးတဲ့အတိုင်းပဲ၊ ပုဒ်မ ၃၄၈၊ ၃၅၄၊ ၃၆၀၊ ၃၆၁၊ ၃၆၂၊ ၃၆၄၊ ၃၆၃ ဒီမှာဘာသာရေးနဲ့ပတ်သက်လို့ လွတ်လွတ်လပ်လပ် ကိုးကွယ်ဖို့၊ တည်ဆောက်ဖို့ အခွင့်အရေးတွေလည်း ပေးထားပြီးဖြစ်ပါတယ်။ အဲဒီလိုဖွဲ့စည်းပုံအခြေခံမှာ ဘာသာရေးနဲ့ပတ်သက်လို့ လွတ်လပ်ခွင့် အပြည့်အဝ ရှိတယ်။ လက်တွေ့မှာလည်း လွတ်လပ်စွာ တည်ဆောက်ကိုးကွယ် သာသနာပြုခွင့်ရနေတဲ့နိုင်ငံမှာ ဒီလိုဘာသာရေးနဲ့ ပတ်သက်လို့ အထူးစိုးရိမ်ရတဲ့ နိုင်ငံများစာရင်းမှာ ထည့်သွင်းထားခြင်းကို ဒီစာရင်းက ပယ်ဖျက်ခွင့်ရရေးအတွက် ပြည်ထောင်စုအစိုးရ အနေနဲ့ ဘယ်လိုစီစဉ်ဆောင်ရွက်သွားမလဲဆိုတဲ့ အစီအစဉ်လေးကို ပြည်သူများစိတ်ဝင်စားတဲ့အတွက် ကြောင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၂။**

**ဦးတင်ဦးလွင် (ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးတင်ဦးလွင် ဖြစ်ပြီး၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေကြောင်း ဦးစွာ ဂါရဝပြု ဆုမွန်ကောင်းတောင်းအပ်ပါတယ် ခင်ဗျား။ ယခု ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ မှ မေးမြန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဘာသာရေးလွတ်လပ်ခွင့် အပြည့်အဝရှိသည့် မြန်မာနိုင်ငံကို ဘာသာရေးခွဲခြားဆက်ဆံမှု၊ ဖိနှိပ်မှု ကိစ္စရပ်တွင် အထူးစိုးရိမ်ရသောနိုင်ငံ (Countries of Particular Concern) စာရင်းမှ ပယ်ဖျက်သွားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအနေနှင့် ဆောင်ရွက်မည့် အစီအစဉ်အား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၈)၊ ပုဒ်မ ၃၄၈ အရ နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ၊ ချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှု မရှိစေရဟု ဖော်ပြထားရာ မြန်မာနိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဘာသာရေး လွတ်လပ်ခွင့် အပြည့်အဝရှိသည်ကို တွေ့ရှိရပါတယ်။ ပုဒ်မ ၃၄ တွင် ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့် သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတို့တွင် လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှ ရရှိစေရမည်ဟု ဖော်ပြထားပါတယ်။

ဒါကြောင့် နိုင်ငံသားတိုင်းဟာ ဘာသာရေးကိုးကွယ်မှုနှင့် ပတ်သက်ပြီး လွတ်လပ်ခွင့်ရှိပြီး အညီအမျှရရှိကြတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်ခင်ဗျား။ ပုဒ်မ ၄၀၇ (ဂ)နဲ့ (ဃ)အရ နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ရယူသုံးစွဲခြင်း၊ ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်း တစ်ခုခုနှင့် ငြိစွန်းလျှင် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရဟု ဖော်ပြထားတဲ့အတွက် ဘာသာရေးနှင့် နိုင်ငံရေးကို သီးခြားစီဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်ခင်ဗျား။

ပုဒ်မ ၃၆၀(က)တွင် ဘာသာ သာသနာရေးဆိုင်ရာ ကိုးကွယ်တည်ဆောက်မှုသည် စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေး၊ အခြားလောကီရေးရာဆောင်ရွက်မှု တစ်ခုခုနှင့် ဆက်စပ်နေပါက ပုဒ်မ ၃၄ ပါ ဘာသာ သာသနာရေးဆိုင်ရာ လွတ်လပ်ခွင့်များတွင် မပါဝင်စေရဟုလည်းကောင်း၊ ပုဒ်မ ၃၆၀(ခ)တွင်

ထိုသို့ ဘာသာ သာသနာရေးနှင့် စပ်လျဥ်း၍ လွတ်လပ်သော အခွင့်အရေးများကို ပေးထားသော်လည်း အများပြည်သူအကျိုးကိစ္စနှင့် ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုပြင်ခြင်းကို မတားမြစ်ရ ဟုလည်းကောင်း ဖော်ပြထားတဲ့အတွက် ဘာသာရေးကိစ္စနှင့်ပတ်သက်ပြီး မည်သို့ဆောင်ရွက်ရမည်ကို တိကျရှင်းလင်းစွာ ဖော်ပြထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မေးမြန်းထားသော မေးခွန်း သည် အမေရိကန်ပြည်ထောင်စု၏ ပြည်ထောင်စုအဆင့် ဘာသာရေးလွတ်လပ်မှုကော်မရှင် (U.S Commission on International Religious Freedom)၏ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လက ကြေညာ ချက်အား ရည်ညွှန်း၍ မေးမြန်းထားခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို စွဲချက်များတင်၍ ဘာသာရေး ခွဲခြားဆက်ဆံမှု၊ ဖိနှိပ်မှုကိစ္စရပ်များတွင် အထူးစိုးရိမ်ရသောနိုင်ငံများ (Countries of Particular Concern) စာရင်းတွင် အခြားနိုင်ငံ (၇)နိုင်ငံနှင့်အတူ ထည့်သွင်းထားခဲ့ပါတယ်။ အဲဒီ (၇)နိုင်ငံကတော့ တရုတ်၊ အီရစ်ထရီးယား၊ အီရန်၊ မြောက်ကိုရီးယား၊ ဆော်ဒီအာရေးဗီးယား၊ ဆူဒန်၊ ဥဇဘက်ကစ္စတန် နိုင်ငံတို့ ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်ကစပြီး အထူးစိုးရိမ်ရသော နိုင်ငံများစာရင်းတွင် တာ့ခ်မက်နစ္စတန် နိုင်ငံကို လည်း ထည့်သွင်းထားတာဖြစ်လို့ အထူးစိုးရိမ်ရသော နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံ အပါအဝင် (၉) နိုင်ငံရှိပါတယ်။ အမေရိကန်နိုင်ငံ ကွန်ဂရက်(Congress)က ၁၉၉၈ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့် ဥပဒေတစ်ရပ် (International Religious Freedom Act of 1998)ကို ပြဋ္ဌာန်းလိုက်ပြီးနောက် လွတ်လပ်တဲ့ ပြည်ထောင်စုအဆင့် ဘာသာရေးလွတ်လပ်မှုကော်မရှင်ကို တည် ထောင်ခဲ့ပါတယ်။ အဲဒီ ကော်မရှင်ဟာ နိုင်ငံများတွင် ဘာသာရေး လွတ်လပ်ခွင့်ရှိမှုတွေကို စောင့်ကြည့် လေ့လာရပြီး အမေရိကန်သမ္မတ၊ နိုင်ငံခြားရေးဝန်ကြီးနဲ့ ကွန်ဂရက်(Congress)တို့ ထံ မူဝါဒပိုင်းဆိုင်ရာ အကြံပေးမှုတွေကို ပြုလုပ်ပါတယ်။ ၎င်းတို့ရဲ့ အကြံပြုချက်များကို အစိုးရပိုင်း အနေဖြင့် အလေးထား ထည့်သွင်း စဥ်းစားဆောင်ရွက်လေ့ ရှိပါတယ်။

အမေရိကန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အောက်တွင်လည်း နိုင်ငံတကာဘာသာရေး လွတ်လပ်ခွင့်ဌာန (Office of International Religious Freedom) ဆိုပြီး ထားရှိပါတယ်။ ယင်း ကော်မရှင်နဲ့ ဘာသာရေးလွတ်လပ်ခွင့် ဌာနတို့က နိုင်ငံတကာတွင် ဘာသာရေးလွတ်လပ်ခွင့်နဲ့ စပ်လျဥ်း ပြီး ၎င်းတို့ ဌာနအလိုက် နှစ်စဥ်အစီရင်ခံစာများ ထုတ်ပြန်ပါတယ်။ အစီရင်ခံစာမှာ ပြည်ပတိုင်းပြည်များ တွင် ယင်းအစိုးရများက ဘာသာရေးလွတ်လပ်ခွင့် ချိုးဖောက်မှုများနဲ့ ယင်းကိစ္စရပ်များနှင့် သက်ဆိုင် သော အမေရိကန်နိုင်ငံ၏ ဆောင်ရွက်ချက်များနှင့် မူဝါဒများကို ဖော်ပြထားပါတယ်။ နှစ်စဥ် နိုင်ငံများ ဘာသာရေးလွတ်လပ်ခွင့် ချိုးဖောက်မှုများကို စနစ်တကျ တစ်စိုက်မတ်မတ်ဆောင်ရွက်သည်ဟု ၎င်းတို့ က ယူဆတဲ့ နိုင်ငံများကို အမေရိကန်နိုင်ငံ အစိုးရက အထူးစိုးရိမ်ရသော နိုင်ငံများ (Countries of Particular Concern)အဖြစ် သတ်မှတ်ဖော်ပြလေ့ရှိပါတယ်။

အထူးစိုးရိမ်ရသော နိုင်ငံများအဖြစ် သတ်မှတ်ရာတွင် ကော်မရှင်မှ အကြံပြုချက် (Recommendation) အပေါ်မူတည်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတ်မှတ် (Designate) ပြုလုပ်ပါတယ်။ အမေရိကန်ပြည်ထောင်စု ဘာသာရေး လွတ်လပ်မှုကော်မရှင်မှ အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။ ယင်းအစီရင်ခံစာမှာ ၂၀၁၃ ခုနှစ်မှာ နိုင်ငံ(၁၅)နိုင်ငံကို

ဘာသာရေးခွဲခြားဆက်ဆံမှု၊ ဖိနှိပ်မှု ကိစ္စရပ်များတွင် အထူးစိုးရိမ်ရသောနိုင်ငံ (Countries of Particular Concern) အဖြစ် သတ်မှတ်ရန် အကြံပြုဖော်ပြခဲ့ပါတယ်။ အဲဒီနိုင်ငံတွေကတော့ မြန်မာ၊ တရုတ်၊ အီဂျစ်၊ အီရစ်ထရီးယား၊ အီရန်၊ အီရတ်၊ နိုင်ဂျီးရီးယား၊ မြောက်ကိုရီးယား၊ ပါကစ္စတန်၊ ဆော်ဒီအာရေးဗီးယား၊ ဆူဒန်၊ တာဂျစ်ကစ္စတန်၊ တာ့ခ်မက်နစ္စတန်၊ ဥဇဘက်ကစ္စတန်နဲ့ ဗီယက်နမ် နိုင်ငံတို့ ဖြစ်ကြောင်း ဖော်ပြထားပါတယ်။

၂၀၁၃ ခုနှစ်မှာ ကော်မရှင်က (၁၅)နိုင်ငံသတ်မှတ်ရန် အကြံပြုသော်လည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာ၊ တရုတ်၊ အီရစ်ထရီးယား၊ အီရန်၊ မြောက်ကိုရီးယား၊ ဆော်ဒီအာရေဗျ၊ ဆူဒန်နဲ့ ဥဇဘက်ကစ္စတန်နိုင်ငံ စတဲ့ (၈)နိုင်ငံကို ဘာသာရေးလွတ်လပ်ခွင့်နဲ့ ပတ်သက်ပြီး အထူးစိုးရိမ်ရတဲ့ နိုင်ငံများ (Designated Countries of Particular Concern) အဖြစ် သတ်မှတ်ခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ၁၉၉၉ ခုနှစ်မှစ၍ပင် အထူးစိုးရိမ်ရတဲ့ နိုင်ငံအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ အမေရိကန်နိုင်ငံဟာ အိုက်စက်(စ်) (ISIS) ကဲ့သို့ အကြမ်းဖက်အဖွဲ့များအား တိုက်ခိုက်မှု ပြုလုပ်နေတဲ့ အချိန်မှာပင် တစ်ပြိုင်တည်းမှာပဲ ၎င်းတို့နဲ့ နိုင်ငံရေးအရ အဆင်မပြေတဲ့နိုင်ငံများကို အထက်ပါ (Countries of Particular Concern) ခေါင်းစဉ်အောက်မှာ သွတ်သွင်းပြီးတော့ ထိုးနှက်ဆောင်ရွက်လျက်ရှိပါတယ်။

ဤကဲ့သို့ ဆောင်ရွက်ခြင်းမှာ နိုင်ငံရေး အသွင်ဆောင်တဲ့ သတ်မှတ်ချက်တစ်ခု ဖြစ်ပါတယ်။ အဆိုပါကိစ္စဟာ အမေရိကန် ကွန်ဂရက်နဲ့ အမေရိကန်နိုင်ငံ အစိုးရ၏ သဘောထားအပေါ်မူတည်၍ သတ်မှတ်ထားခြင်း ဖြစ်ပါတယ်။ အထူးစိုးရိမ်ရသော နိုင်ငံများစာရင်း (Countries of Particular Concern) မှာ ပယ်ဖျက်သွားရန် ကိစ္စဟာ လက်ရှိ ကျွန်တော်တို့ နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ဇာကန်ဖြစ်ပေါ်နေသော ပြဿနာထက် နိုင်ငံရေးသဘောထားအပေါ်မှာ မူတည်နေပါတယ်။ အထူးစိုးရိမ်ရသော နိုင်ငံများ စာရင်းမှ ပယ်ဖျက်ရန် အမေရိကန်နိုင်ငံ ကွန်ဂရက်နှင့် အစိုးရတို့ရဲ့ သဘောထားအပေါ်မှာ မူတည်နေပါ တယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဘာသာရေးလွတ်လပ်ခွင့်ဟာ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (The Universal Declaration of Human Rights) အရပ်ဘက်နှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (International Covenant on Civil and Political Rights) တို့မှာ ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂ နိုင်ငံဖြစ်တဲ့အားလျော်စွာ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ မိမိတို့ အစိုးရသစ်လက်ထက်မှာ အရေးကြီးသော လူ့အခွင့်အရေးဆိုင်ရာ အဓိကစာချုပ်များကို လက်မှတ်ရေးထိုးရန် ဆောင်ရွက်လျက်ရှိပါတယ်။ ဘာသာရေးလွတ်လပ်ခွင့်နဲ့ ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံကြီးများမှာပင် အမှန်တကယ်လွတ်လပ်ခွင့် ရှိ/မရှိကို မေးခွန်းထုတ်မည်ဆိုပါက ထုတ်စရာ အကြောင်း အချက်များ ရှိနေမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ဗုဒ္ဓဘာသာကို အများဆုံး ကိုးကွယ်တဲ့ နိုင်ငံဖြစ်ပြီး မည်သည့် နိုင်ငံသားကိုမျှ ဘာသာရေးအရ ကန့်သတ်ချုပ်ချယ်ထားခြင်းမရှိပါ။ နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့က ရဟန်းသံဃာများအား ဝိနည်းများနှင့်အညီ ဆောင်ရွက်ရန် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတက တိုင်းပြည်အား မိန့်ခွန်းပြောကြားမှာ တစ်ဖက်နှင့်တစ်ဖက် ဘာသာရေးအရ မုန်းတီးစေမည့် စကားများအား မပြောကြားရန် တားမြစ်ထားပြီး ဖြစ်ပါတယ်။ သာသနာရေး

ဝန်ကြီးဌာနမှလည်း ဘာသာကြီးများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိရေးအတွက် အဖက်ဖက်မှ အားပေးဆောင်ရွက်လျက် ရှိပါတယ်။ ဘာသာရေးအရ ဆောင်ရွက်မှုများသည် အခြားသာသာတစ်ခုအား ထိခိုက်ခြင်း၊ စော်ကားခြင်း မဖြစ်ပေါ်စေရန် သက်ဆိုင်ရာ ဘာသာရေးခေါင်းဆောင်များအနေဖြင့် မိမိဘာသာအလိုက် စည်းကမ်း သတ်မှတ်ထိန်းကြောင်းသွားရန် လိုအပ်မှာ ဖြစ်ပါတယ်။

အထက်မှာ တင်ပြခဲ့တဲ့အတိုင်း အခြေခံဥပဒေကလည်း ဘာသာရေးလွတ်လပ်မှုအတွက် ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့က ဘာသာရေးခွဲခြား ဆက်ဆံမှု၊ ဖိနှိပ်မှုကိစ္စရပ်များရှိပါက ဦးဆောင်၍ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီမိုကရေစီ ကျင့်သုံးနေတဲ့ မြန်မာနိုင်ငံမှာ အစိုးရရဲ့ သတ်မှတ်ချက်များသာမက လွတ်လပ်စွာ ကိုးကွယ်ခွင့်နှင့် အတူ မကျေနပ်မှုများ ရှိပါက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် (Myanmar National Human Rights Commission) သို့လည်း တိုင်ကြားနိုင်ပါတယ်။ ယင်းကော်မရှင်မှလည်း ဖြေရှင်း ပံ့ပိုးဆောင်ရွက်ပေးလျက် ရှိပါတယ်။ မြန်မာနိုင်ငံမှာ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (Interfaith Friendship Group)ကို ဖွဲ့စည်းထားပြီး အခါအားလျော်စွာ လိုအပ်တဲ့အခါ တွေ့ဆုံ ညှိနှိုင်း ဆောင်ရွက်မှုများလည်း ဆောင်ရွက်လျက် ရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ၊ နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ဘာသာရေးလွတ်လပ်ခွင့်ရှိမှု (Freedom of Religions) အပါအဝင် လူ့အခွင့်အရေး ကာကွယ်တိုးမြှင့်ရေး (Protection and Promotion of Human Rights) ကိစ္စများနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံ လူ့အခွင့်အရေး ဆွေးနွေးပွဲများ၊ (Human Rights Dialogues) များကို အမေရိကန် ပြည်ထောင်စု (European Union)၊ ဂျပန်နိုင်ငံတို့နဲ့ ပြုလုပ်ကာ မြန်မာနိုင်ငံရဲ့ ပကတိ ဖြစ်ပေါ်မှု အခြေအနေများကို ရှင်းလင်းအသိပေး ပြောကြားခဲ့ပါတယ်။ မြန်မာ-အမေရိကန် နှစ်နိုင်ငံ လူ့အခွင့်အရေး ဆွေးနွေးပွဲများ (Myanmar - US Human Rights Dialogues) ကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလမှာ (၁)ကြိမ်၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှာ (၁)ကြိမ် ပြုလုပ်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်ခြင်း ကလည်း မြန်မာနိုင်ငံရဲ့ ဘာသာရေးဆိုင်ရာ လွတ်လပ်ခွင့် ပကတိအခြေအနေများကို အမေရိကန် အစိုးရနဲ့ကွန်ဂရက်တို့ကို အသိပေးနိုင်တာဖြစ်ပြီး၊ နောက်နောင်မှာလည်း အလားတူဆွေးနွေးပွဲများကို အမေရိကန်နိုင်ငံ အပါအဝင် အခြားနိုင်ငံများနှင့်လည်း ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ထို့အပြင် နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတကာနှင့်သာမက ပြည်တွင်း၌လည်း ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ သက်ဆိုင်သူအဖွဲ့အစည်းများ အားလုံးနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ ဧရာဝတီတိုင်းမဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်ရီ ရဲ့ မေးခွန်းနဲ့ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်တို့ကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၂ အရ မြန်မာနိုင်ငံပြန်တမ်းမှာ ထုတ်ပြန်မည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၃ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ ဥပဒေဘာသာပြန် ကော်မရှင်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးဖို့ အမည်စာရင်းတင်သွင်းထားတဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၇။**

**ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီး၊ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင် ဖြစ်ပါတယ်။ ကျွန်တော့်ကို ဥပဒေ ဘာသာပြန်ကော်မရှင် ဥပဒေကြမ်းနဲ့ စပ်လျဉ်း၍ ဆွေးနွေးခွင့်ပြုတဲ့အတွက်ကြောင့် အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးကိုလည်း အထူးပင်ကျေးဇူးတင်ပါတယ်။

ကျွန်တော်ဆွေးနွေးချင်တာကတော့ အချက်(၃)ချက်ရှိပါတယ်။ ပထမအချက်အနေနဲ့ ပြည်သူ့ လွှတ်တော် ကန့်လန့်ဖြတ်ဇယားအမှတ်စဉ်(၂)မှာ လုပ်ငန်းကော်မတီရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အသစ် ဖြည့်စွက်ချက်နဲ့ ကန့်လန့်ဖြတ်ဇယား အမှတ်စဉ်(၂၃)နဲ့(၂၄)ပုဒ်မ ၁၀၊ ၁၁ မှာ အသစ်ဖြည့်စွက် ထားတဲ့ လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနဲ့ လုပ်ငန်းတာဝန်သတ်မှတ်ခြင်းတို့ကို ကန့်ကွက်ပြီးတော့ အမျိုးသား လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ကျွန်တော်တို့ ထားရှိဖို့ဖြစ်ပါတယ်။

ဒါလေးကို အကျိုးအကြောင်း ဖော်ပြရမယ်ဆိုလို့ရှိရင်တော့ ဥပဒေပြန်ကော်မရှင်အဖွဲ့ဟာ နိုင်ငံတော်သမ္မတက ဖွဲ့စည်းပေးတဲ့ အဖွဲ့ဖြစ်ပါတယ်။ ဘာသာပြန်ဆိုလိုချက်အားလုံးမှာ တာဝန်ရှိသူ၊ တာဝန်ခံသူဖြစ်ပြီး နိုင်ငံတော် မူပိုင်ဖြစ်သည့်အတွက် ဆောင်ရွက်ရမည့် အဖွဲ့ဖြစ်တဲ့အတွက်ကြောင့် ဒါဟာအရေးကြီးလှပါတယ်။ ကျွန်တော်တို့ ဒီထဲမှာ လုပ်ငန်းကော်မတီကို ကျွန်တော်တို့ ဖွဲ့စည်းတဲ့အခါမှာ ဝန်ထမ်းအကြီးအကဲဖြစ်တဲ့ ရှေ့နေချုပ်ရုံး၊ ညွှန်ချုပ် က ဦးဆောင်ပြီးတော့ ကော်မရှင်အဖွဲ့ဝင်များက အဖွဲ့ဝင် အဖြစ် တာဝန်ထမ်းဆောင်ရမည် ဆိုတာ ကျွန်တော်တို့ မသင့်တော်ပါ။

ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ဒီ လွှတ်တော်သို့ ရှေ့နေချုပ်က တင်ပြထားတာ တစ်ခုရှိပါတယ်။ အဲဒါကဘာလဲဆိုတော့ ရှေ့နေချုပ်ရုံးတွင် အခြားဆောင်ရွက်ရန် လုပ်ငန်း တာဝန်များစွာရှိသည့်အတွက် ဥပဒေဘာသာ ပြန်ဆိုရေးကိစ္စကို ပြည့်စုံစွာ မဆောင်ရွက်နိုင်ခဲ့ပါလို့ တင်ပြထားတာရှိပါတယ်။ ဒါကြောင့်လည်း ဒီဥပဒေကို ရေးဆွဲပြုစုပြဋ္ဌာန်းရခြင်းဖြစ်ပါတယ်။ ဒီဥပဒေအရ နိုင်ငံတော်သမ္မတက ဖွဲ့စည်းပေးထားတဲ့ ကော်မရှင်အပေါ် ရှေ့နေချုပ်ရုံးက လွှမ်းမိုးရန်မဟုတ်ဘဲ အထောက်အကူပြုရန်သာဖြစ်တယ်လို့ ယူဆပါတယ်။ ကော်မရှင်ဟာ ရှေ့နေချုပ်ရုံးရဲ့ အစိတ်အပိုင်းတစ်ခုတော့ မဖြစ်သင့်ပါလို့ ကျွန်တော်ယူဆပါတယ်။

ဒါကြောင့်မိုလို့ ပထမအချက် တစ်ရပ်အနေနဲ့က ကျွန်တော်တို့ ဇယားအမှတ်စဉ်(၂)တွင် လုပ်ငန်း ကော်မတီရဲ့ အခိပ္ပာယ်ဖွင့်ဆိုချက် အသစ်ဖြည့်စွက်ခြင်းနဲ့ ကန့်လန့်ဖြတ်ဇယား(၂၃)(၂၄)မှာ ပုဒ်မ ၁၀ နဲ့ ၁၁ တို့မှာ အသစ်ဖြည့်စွက်ခြင်းမှာ လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနဲ့ လုပ်ငန်းတာဝန် သတ်မှတ်ခြင်းတို့ကို ကန့်ကွက်ပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းသာ ကျွန်တော်တို့ သဘောတူပါတယ်။

ဒုတိယနဲ့ တတိယအနေနဲ့ ကျွန်တော်တို့ သတ်မှတ်ခြင်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျွန်တော်တို့ ကိုယ်စားလှယ်များကို တင်ပြမှာဖြစ်ပါတယ်။ ဒီအချက်(၂)ချက်ကို မတင်ပြခင် ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့စဉ်က ဖြစ်ပျက်တဲ့ ဖြစ်ရပ်လေးတစ်ခုကို ကျွန်တော် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များထံ ကျွန်တော်တို့ တင်ပြပါ့မယ်။ အဲဒါက ဘာလဲဆိုတော့ ကျွန်တော်မကွေးတက္ကသိုလ်မှာ တာဝန်ခံပါမောက္ခချုပ် လုပ်ခဲ့စဉ်က သက်ဆိုင်ရာ အာဏာပိုင်တွေက ကျွန်တော်တို့ဘာသာပြန်ဖို့ဆိုပြီးတော့မှ ကျွန်တော်တာဝန်ပေးပြီးတော့မှ အကူအညီတစ်ခုတောင်းခဲ့ ပါတယ်။ အဲလိုတောင်းခဲ့တဲ့အခါကျတော့ သူကကျွန်တော့်ကို အချိန်က (၂)ရက်ပဲပေးပါတယ်။(၂)ရက်ပဲ ပေးတဲ့အခါကျတော့ အဲဒီဘာသာပြန်ဖို့ ရှာတဲ့အတွက် ကျွန်တော်ကိုယ်တိုင်ကလည်း တကယ်တမ်းကျတော့ ကျွန်တော်က သင်္ချာမေဂျာပါ။ အင်္ဂလိပ်စာ အလွန်မကျွမ်းတဲ့ အတွက်ကြောင့် ကျွန်တော် အင်္ဂလိပ်စာ ဌာနမှူးရယ်၊ ကျွန်တော်တို့ မြန်မာစာဌာနမှူးရယ်၊ ကျွန်တော် အကူအညီတောင်းပါတယ်။

တောင်းလိုက်တဲ့အခါကျတော့ ကျွန်တော့်ဖက်က မကွေးတက္ကသိုလ်မှာက ကျွန်တော်တို့ ဝန်ထမ်းက အင်္ဂလိပ်စာဌာနမှာ အင်အားက တောင့်ပါတယ်။ (၅၀)လောက်ရှိပါတယ်။ ကျွန်တော်တို့ ဒီ ပါမောက္ခရယ်၊ တွဲဘက်ပါမောက္ခရယ်၊ ကျွန်တော်တို့ ဒီ အစရှိသဖြင့် ကထိကနဲ့ ကျွန်တော်တို့ နည်းပြ အားလုံး(၅၀)လောက် ရှိပါတယ်။ (၅၀)လောက်ရှိတဲ့ အခါကျတော့ ဘာသာပြန် ခိုင်းတာလည်း

အနည်းငယ် များတဲ့အခါကျတော့ ကျွန်တော် အကူအညီတောင်းတဲ့အခါမှာ ကျွန်တော့် ဘာသာပြန် အဖွဲ့က အင်အားတောင့်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ (၅၀)လောက်ရှိတာဆိုတော့ အဲဒီတော့ ပါမောက္ခဌာနမှူး က အားလုံးကို (၅)ဖွဲ့ ခွဲချလိုက်တယ်။ (၅)ဖွဲ့ခွဲချပြီးတော့မှ ဘာသာပြန်ခိုင်းတဲ့ဥစ္စာကို ကျွန်တော်တို့ (၃)ရွက် လောက်စီကို အကုန်လုံးတစ်ခါတည်း စုပြီးတော့မှ တစ်ဖွဲ့ချင်း၊ တစ်ဖွဲ့ချင်းကို တာဝန်ပေးလိုက်ပါတယ်။

ပေးလိုက်ပြီးတော့ သူက ဘာသာ အပြန်ခိုင်းတဲ့အခါ တော်တော်လေး အဆင်ပြေတာကို တွေ့ရပါတယ်။ ဒါပေမယ်လို့ အဲဒီမှာ ကျွန်တော်တို့ ပြဿနာလေးတွေ တစ်ခါတစ်ရံမှာ ပေါ်တတ် တာလေးတွေက ကြုံပါတယ်။ အဲဒါလေးကို ကျွန်တော်တင်ပြပါရစေ။ အဲဒီတော့ ကျွန်တော်က ဒါ(၂) ရက်နဲ့ ပြီးရမယ်ဆိုတော့ ကျွန်တော်မပြီးမှာကြောက်တဲ့ အတွက်ကြောင့် ဒီဟာ ဘာသာပြန်ပေးပါ။ မပြီး မချင်း မပြန်ရဘူးလို့ ကျွန်တော် ပြောမိပါတယ်။ အဲလို ပြောမိလိုက်တဲ့ အခါကျတော့ မတော်တဆ ပြဿနာပေါ်တာက အဲဒီအချိန်မှာပဲ ဒီထဲမှာတာဝန်ရှိတဲ့ ကထိကတစ်ယောက်က ကျွန်တော်တို့ လေထိုး လေအောင့်နဲ့ ပြဿနာတက်ပြီးတော့ ရောဂါခံစားရတဲ့အခါမှာ ကျွန်တော်သူ့ကို ပြန်လွှတ်လိုက်ပါတယ်။

ဆရာမ အငယ်(၄)၊ (၅)ယောက်နဲ့ ကျွန်တော်တို့ ဆေးခန်းပို့ပြီးတော့မှ ပြန်လွှတ်ရတယ်။ ပြန်လွှတ်တဲ့အခါကျတော့ ကျွန်တော့်မှာ ဘာပဲပြောပြော အဲဒီတစ်ယောက် အားလျော့ပါတယ်။ ဒီအချိန် မှာပဲ ကျွန်တော်တို့ နောက်တစ်ယောက်က ကလေးသူငယ် သူရဲ့ ကလေးနေမကောင်းတဲ့အတွက် ကြောင့် ဆရာဝန်နဲ့ ချိန်းထားတဲ့အခါကျတော့ သူကလည်းပြန်ချင်နေပါတယ်။ လုပ်မရပါဘူး။ အဲဒီတော့ သူ့ကိုကျွန်တော် ပြန်မလွှတ်လို့မရဘူး။ ဘာကြောင့်လဲဆိုတော့ သူကဒီ ကျွန်တော်တို့ ဘာသာပြန်တဲ့ စာကိုဖတ်တာ စိတ်မဝင်စားဘူး။ သူ့ကလေးဆီ ပဲရောက်နေတဲ့ အခါကျတော့ ကျွန်တော်ဘယ်လိုမှ လုပ်မရတဲ့အခါကျတော့ အဲဒီတစ်ယောက်ကို ကျွန်တော် ပြန်လွှတ်လိုက်ရတယ်။

ဒါပေမဲ့လို့ ပြန်လွှတ်ပေမယ့်လို့ ကျွန်တော့်ဘာသာပြန်တဲ့အဖွဲ့က တောင့်တယ်။ တောင့်တဲ့ အခါကျတော့ ကျွန်တော် ကျန်တဲ့လူနဲ့ ဆက်လက်ပြီး ဆောင်ရွက်ပါတယ်။ အဲလို ဆောင်ရွက်လိုက်တဲ့ အခါမှာ ကျွန်တော်တို့ ကျွန်တော်လိုချင်တဲ့ Target အတိုင်း မီလာတာတွေ့ရပါတယ်။ ပထမတော့ သူကအဖွဲ့လိုက်၊ အဖွဲ့လိုက်ဖြစ်တဲ့အခါကျတော့ အကြမ်းပဲထွက်လာပါတယ်။ အဲလိုအကြမ်းထွက်လာ ပြီးတော့မှ အဲဒီ အဖွဲ့ခေါင်းဆောင်အနေနဲ့ ကျွန်တော်တို့ ပါမောက္ခဌာနမှူးရယ်၊ တွဲဖက်ပါမောက္ခမှူး ရယ် စုပြီးတော့မှ အချောပြန်သပ်တယ်။

အချောပြန်သပ်ပြီးတော့ ရိုက်လိုက်တဲ့အခါမှာ ဒီလုပ်ငန်းဟာ အလွယ်တကူနဲ့ ပြီးသွားပါ တယ်။ ပြီးသွားတဲ့အခါကျတော့ ကျွန်တော် အဲဒီမှာ သုံးသပ်လိုက်ပါတယ်။ တို့ ဘာသာပြန်တဲ့ အဖွဲ့က တောင့်လို့သာ၊ မတောင့်လို့ရှိရင် ဒီလိုပြဿနာကြီးငယ် ကြုံတဲ့အခါမှာ ဘာသာပြန် ဖွဲ့တာ မတောင့်လို့ ရှိရင် ဒါဟာ ကြန့်ကြာပြီးတော့၊ နှောင့်နှေးပြီးတော့ လုပ်ငန်းမီမှာ မဟုတ်ဘူးလို့ ကျွန်တော် အဲလို ယူဆ လိုက်ပါတယ်။ ယူဆလိုက်တဲ့အခါကျတော့ ကျွန်တော်ဒီထဲမှာရှိတဲ့ ဟာကိုတွေ့လိုက်တဲ့ အခါကျတော့ ကျွန်တော် အမျိုးသားလွှတ်တော် အတည်မဟုတ်ဘဲနဲ့ ပြည်သူ့လွှတ်တော်က ကျွန်တော်တို့ ဒီဘာသာ ပြန်မယ့် အဖွဲ့ကို လျှော့ပစ်လိုက်တဲ့ အခါကျတော့ ဟာ အဲသလို ပြဿနာများကြုံရင်တော့ ဒီ လုပ်ငန်း ပြီးမှာ မဟုတ်တော့ဘူး၊ ရှည်မှာပဲဆိုတဲ့အနေနဲ့ ကျွန်တော် ဒါလေးကို တင်ပြခြင်းဖြစ်ပါတယ်။

ဒီထဲမှာ နောက်ထပ်တစ်ခုက ဘာလဲဆိုတော့ ကျွန်တော်တို့ အဲဒီဥစ္စာကို အချောသပ်တဲ့ အခါကျတော့ ဒါကို ကျွန်တော် ကွန်ပျူတာ စာစီတဲ့အခါမှာလည်း ရုံးဝန်ထမ်းကို စီခိုင်းတဲ့အခါကျတော့ သူကမရှင်းလို့ရှိရင် ချက်ချင်းပြန်ပြန်မေးနေတယ်။ အဲဒီတော့ အဲလိုမေးနေရတာနဲ့ကို အချိန်ကြာတယ်။ အဲဒီတော့ ကျွန်တော်တို့က ဘာသာပြန်တဲ့ ဆရာ၊ ဆရာမထဲက ကွန်ပျူတာတတ်တဲ့အခါကျတော့ ဒီဥစ္စာ၊ ဒီမေးခွန်းဖြေတာက အစ အစစ အဆင်ပြေပါတယ်။ ဒါကြောင့် ကျွန်တော် ဆိုလိုချင်တဲ့သဘောတရား က ဘာလဲဆိုရင် ကျွန်တော်တို့ ဒီလုပ်ငန်းဟာ လွယ်ကူချောမွေ့စွာနဲ့ သပ်သပ်ရပ်ရပ် ပြီးချင်တယ်။

ကျွန်တော်တို့က ဝန်မတက်ဘဲနဲ့ လုပ်လိုက်လို့ရှိရင် ဒီလုပ်ငန်းဟာ မြန်လဲမြန်ဆန်မယ်။ သေလဲ သေချာပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဘာသာပြန်တဲ့အဖွဲ့ဟာ အင်အားတောင့်ဖို့လိုတယ်လို့ ကျွန်တော် စိတ်ထဲမှာသိပါတယ်။ ဒါကြောင့်မိုလို့ ကျွန်တော် ဒီပုဒ်မလေးတွေကို ကျွန်တော်တို့ ဒီပြင်ချင် တာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် ဒုတိယအချက်အနေနဲ့ ပြောမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ကန့်လန့်ဖြတ်ဇယား အမှတ်စဉ်(၆)မှာ ပြည်သူ့လွှတ်တော်က ပုဒ်မ ၄ (က)၊ ၄ အသစ်ဖြည့်စွက်ခြင်းကို ကျွန်တော်တို့ ကန့်ကွက်မှာ ဖြစ်ပါတယ်။ နောက် ကန့်လန့်ဖြတ်ဇယား အမှတ်စဉ်မှာလည်း (၇)မှာပါတဲ့ ပုဒ်မ ၄(ဃ)ကိုလည်း ကျွန်တော်တို့ ပယ်ဖျက်ထားခြင်းကိုလည်း အမျိုးသားလွှတ်တော်က အတည်ပြု ခဲ့တဲ့အတိုင်း ထားရှိရန် ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒါတွေကိုတော့ ဒီကန့်လန့်ဖြတ်ဇယားထဲမှာ ရှိပြီးသားအတွက်ကြောင့် မဖတ် တော့ပါဘူး။ ဘာပြုလို့လည်းဆိုတော့ ဥပဒေဘာသာပြန်ဆိုရေးလုပ်ငန်းက အင်မတန် ထုထည် ကြီးမား တဲ့ လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့ တရားလွှတ်တော်ရှေ့နေလုပ်တဲ့ (၁၀)နှစ် အထက်ရှိတဲ့ ပညာရှင်(၃)ဦးဟာ တကယ်လိုအပ်တာပါ။ တကယ်လို့ အဲဒီအထဲမှာ ဆရာတစ်ဦးထဲပဲ ဆောင်ရွက်မယ် ဆိုရင် ကျွန်တော်ခုနက ကျွန်တော်ပြဿနာတက်တဲ့ နေမကောင်းခြင်း၊ အစရှိသဖြင့် အဲလိုပြဿနာ တက်တာနဲ့ တစ်ပြိုင်တည်း ကျွန်တော်တို့ ဒီဘာသာပြန်လုပ်ငန်းဟာ နှောင့်နှေးသွားမှာ ဖြစ်ပါတယ်။

ဒါကြောင့် အဲဒီဥစ္စာကို အမျိုးသားလွှတ်တော်က သတ်မှတ်တဲ့အတိုင်းပဲ ထားပြီးတော့ တစ်ဦးတည်း ဆိုရင်တော့ ဒါ မသင့်တော်တဲ့အတွက်ကြောင့် ကျွန်တော် အဲဒီ့ဟာကို ကျွန်တော်တို့ ဒီ ကန့်ကွက်ပြီးတော့မှ အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတိုင်း ထားရှိဖို့ဆိုပြီးတော့မှ ကျွန်တော် ဆွေးနွေးခြင်းဖြစ်ပါတယ်။ နောက် တတိယအချက်အနေနဲ့ကလည်း ဒီအတိုင်းပါပဲ။ ကျွန်တော်တို့ ဒီ ဘာသာပြန်တဲ့ ကျွန်တော်တို့ တက္ကသိုလ်မှာရှိတဲ့ ကျွန်တော်တို့ ပါမောက္ခ(သို့မဟုတ်) ကထိက၊ ဥပဒေ မှာရှိတဲ့ ပါမောက္ခ(သို့မဟုတ်) ကထိက၊ မြန်မာစာရှိတဲ့ ဥစ္စာကို သူက အင်အားလျော့တာနဲ့ပတ်သက်လို့ ဖြစ်ပါတယ်။

အဲဒီမှာလည်း ကျွန်တော် ကန့်လန့်ဖြတ်ဇယားအမှတ်စဉ်(၈)မှာ ပုဒ်မ ၄၊ ပုဒ်မခွဲ(င)၊(စ)၊(ဆ) တို့ကို အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတိုင်း ထားရှိဖို့ဖြစ်ပါတယ်။ အဲဒါဘာပြုလို့လည်း ဆိုတော့ ကျွန်တော်တို့ ဒီ ၁၈၈၉ ခုနှစ်က စတင်ပြီးတော့မှ Burma Act မှစတင်ပြီးတော့ ၁၉၅၄ ခုနှစ်အထိ ကျွန်တော်တို့ ဒီဥပဒေကို အင်္ဂလိပ်ဘာသာနဲ့ ပြဋ္ဌာန်းခဲ့ရတာ ဖြစ်ပါတယ်။ အဲဒီ့ပြဋ္ဌာန်းတဲ့ ဥစ္စာတွေက လည်း ကျွန်တော်တို့ ရာချီရှိပါတယ်။ ရာချီရှိတဲ့အခါကျတော့ ဒီလုပ်ငန်းဟာ များနေ ပါတယ်။ တကယ်လို့ ဘာသာပြန်မယ့် အဖွဲ့ဟာ အင်အားမတောင့်ဘူးဆိုရင် ကျွန်တော်တို့ ဒီဥစ္စာက ဝန်ထုပ်ဝန်ပိုးဖြစ်ပြီးတော့မှ တော်တော်နဲ့ပြီးနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မိုလို့ ကျွန်တော်တို့ ပညာရှင်များကို လုံလောက်စွာ

ဖွဲ့စည်းဖို့ရာအတွက် အင်္ဂလိပ်စာ၊ ဥပဒေ၊ မြန်မာစာ ပါမောက္ခ (သို့မဟုတ်)ကထိကများကို တစ်ဦးတည်း ထားခြင်းဟာ မသင့်တော်ဘူးလို့ ယူဆပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အမျိုးသားလွှတ်တော်က သတ်မှတ်ပေးတဲ့အတိုင်း ကျွန်တော်တို့ထားရှိပါလို့ ကျွန်တော်တို့ ဆွေးနွေးတင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ မြန်မာနိုင်ငံ တွင် မူးယစ်ဆေးဝါး၏ ကျေးကျွန်ဘဝ အဖြစ်သို့ ရောက်ရှိနေကြသော လူငယ်လူရွယ်များကို လူထုဗဟိုပြု အဖွဲ့အစည်းများနှင့် တာဝန်ရှိအစိုးရ ဌာနဆိုင်ရာများ၊ INGO, NGO အဖွဲ့အစည်းများ ပူးပေါင်း၍ မြို့နယ်တိုင်းတွင် လူငယ်များလမ်းမှားပေါ် မရောက်ရှိစေရန်အတွက် ပြုစုပျိုးထောင်ပေးနိုင်မည့် မူးယစ်ပညာပေး လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ် ပေးနိုင်မည့် စီမံကိန်းမျိုးကို အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း တင်သွင်းထားသည့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး၏ ကျေးကျွန်ဘဝ အဖြစ်သို့ ရောက်ရှိနေကြသော လူငယ်လူရွယ်များကို လူထုဗဟိုပြု အဖွဲ့အစည်းများနှင့် တာဝန်ရှိ အစိုးရဌာနဆိုင်ရာများ၊ INGO, NGO အဖွဲ့အစည်းများ ပူးပေါင်း၍ မြို့နယ်တိုင်းတွင် လူငယ်များ လမ်းမှားပေါ် မရောက်ရှိစေရန်အတွက် ပြုစုပျိုးထောင် ပေးနိုင်မည့် မူးယစ်ပညာပေး လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ပေးနိုင်မည့် စီမံကိန်းမျိုးကို အမြန်ဆုံးဆောင်ရွက်ပေး နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၂-၁၀-၂၀၁၄ ရက်နေ့တွင် အဆိုတင်သွင်းပြီး ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၈)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူ ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၂၉။**

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ကော်မရှင် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို ကိုယ်စိတ် နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား အင်္ဂလိပ်လိုနဲ့ လက်တင်လို အနည်းအကျဉ်း သုံးခွင့်နဲ့ ဖတ်ကြားတင်ပြခွင့်ပြုပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ မိမိ ကိုယ်တွေ့ နဲ့ မိသားစုပတ်ဝန်းကျင် မူးယစ်ဆေးဝါးပြဿနာတွေကြောင့် နှစ်စဉ်ဒူဝ ရုန်းကန်ရင်ဆိုင်နေကြတဲ့ အတွေ့အကြုံများနဲ့ နိုင်ငံတော်၊ နိုင်ငံတကာ၌ FC Formation Centre ပြုစုပျိုးထောင်ရေးကျောင်းတို့ရဲ့ လုပ်ငန်းစဉ်များ လေ့လာတွေ့ရှိချက်နဲ့ ပေါင်းစပ်ပြီးမှ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

အဆိုကို အမြန်ဆုံးဆောင်ရွက်ရမယ့် အဆိုလို့တောင် ထောက်ခံဆွေးနွေးလိုပါတယ်။ ဘာကြောင့်လည်း ဆိုတော့ မူးယစ်ဆေးစွဲလူငယ်မောင်မယ်တွေက သူတို့တွေရဲ့ မူးယစ်ဆေးစွဲမှု အချိန်က သိပ်မကြာသေးတော့ စွဲလမ်းမှု အတိမ်အနက်က Screw ဝက်အူရစ်လေးလို တစ်ရစ်နှစ်ရစ်ပဲ ဝင်သေးလို့ အချိန်တိုတိုအတွင်းမှာ အရစ်ကို ပြန်ရစ်ထုတ် Soberlife မူးယစ်ဆေးဝါးကင်းစင်တဲ့ ပကတိဘဝ ပြန်ရောက်လာနိုင်တာလို့ပဲ ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ လူငယ်မောင်မယ်တွေရဲ့ အကြီးဆုံးအန္တရာယ်ကလည်း မူးယစ်ဆေးဝါးပါပဲ။ ပတ်ဝန်းကျင်မှာလည်း ဘိန်းမဲ၊ ဘိန်းဖြူ၊ ဘိန်းဆီ၊ ရူးသွပ်ဆေးပြား၊ ဒိုင်၊ ရေခဲ၊ ဖော်မြူလာ စသည်များ အရမ်းကိုပေါများ၍ နည်းလမ်းပေါင်းစုံနဲ့ရရှိနေတာဖြစ်ပါတယ်။ ဆေးစွဲသွားပြီဆိုတာနဲ့တော့ ဘယ်လိုမှ မိမိဘာသာ ဒီမူးယစ်ဆေးစွဲ Drug Addigtion ဘဝကနေ မရုန်းထွက်နိုင်တော့ပါဘူး။ ဘာကြောင့်လည်း ဆိုတော့ Craying ယင်းထခြင်းဖြစ်နေတာနဲ့ လုမယ်၊ ယက်မယ်၊ ထိုးမယ်၊ ကြိတ်မယ်၊ သတ်မယ်၊ ဖြတ်မယ်ပေါ့။ မူးယစ်ဆေးဝါးတစ်ခါသုံးစွဲဖို့ အတွက်ဖြစ်ပါတယ်။ ဟိုတလောကဆိုရင် ဖခင်ကို နန်ချပ်ကူနဲ့ ရိုက်သတ်လိုက်တဲ့အဆင့်ထိ ဖြစ်ပျက်ခဲ့တာကို ဂျာနယ်မှာ ဖတ်ရလိုက်တော့ အင်မတန်ကို တုန်လှုပ်ခြောက်ခြားမိပါတယ်။

မူးယစ်ဆေးဝါး ရနိုင်တဲ့နေရာတွေကတော့ ကုသမှု ခံယူနေသူအဖို့က ယင်းထမှုဖြစ်ပေါ်စေတဲ့နေရာ Trigger တွေဖြစ်ပါတယ်ခင်ဗျား။ ကချင်ပြည်နယ် ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်းမှာ ဒီလို မူးယစ်ဆေးဝါး အမြောက်အမြား ရရှိနိုင်တဲ့နေရာတွေ အများကြီးရှိလာပြီ ဆိုတာကိုလည်း တွေ့ရပါတယ်။ အမာခံလိုတောင် ဖြစ်နေပါတယ်။ အခြားဒေသမှာလည်း ဒီလို အနည်းအကျဉ်း ရှိလာပြီဆိုတာကိုလည်း ကြားမြင်နေရပါတယ်။ လက်ရှိ ဥပဒေ ၁၉၉၃ နောက်ဆုံးပြင်တဲ့ မူးယစ်ဆေးဝါး ဥပဒေ သုံးစွဲမှုဆိုရင် ပုဒ်မ ၁၅ ဖြစ်ပြီး ပြစ်ဒဏ်ကတော့ (၅)နှစ် ကျခံနိုင်တာဖြစ်ပါတယ်။

စားသုံးရန် လက်ဝယ်ထားရှိမှု မူးယစ်ဆေးဝါးနည်းလျှင် ပုဒ်မ ၁၆၊ ပုဒ်မခွဲငယ်(ဂ)အရ အများဆုံး(၁၀)နှစ်ထိဖြစ်ပြီးတော့ မူးယစ်ဆေးဝါးများ အမြောက်အမြားဝယ်ယူ၍ လက်ဝယ်ထားရှိပါက ပုဒ်မ ၁၉ အရ (၁၀)နှစ်နဲ့ အကန့်အသတ်မရှိဖြစ်ပါတယ်။ အဲဒါက သေဒဏ်လည်း ကျခံနိုင်ရတယ် ဆိုတာဖြစ်ပါတယ်။ ရောင်းဝယ်ဖောက်ကားသူတွေကိုတော့ တိတိကျကျ ဆောင်ရွက်သင့်ပါတယ်။ ဆောင်လဲဆောင်ရွက်နေပါတယ်။ ဥပဒေဆိုတာ လူသားများတွေအတွက် ကောင်းကျိုးပြုလုပ်နိုင်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ Every Law has its own Loophole or Excuse ဥပဒေတိုင်းမှာ ချို့ယွင်းချက် (သို့မဟုတ်) သက်ညှာခွင့် ဆိုတာ ရှိပါတယ်။

ဒါကြောင့် ကျွန်တော်တို့ရဲ့ (၂)နှစ် (၂၀)နှစ်အောက် ကျောင်းသူ၊ ကျောင်းသားလေးတွေ အတွက် အထူးဥပဒေတစ်ရပ်ပြင်ဆင်သင့်ပြီလို့ ကျွန်တော်ယူဆပါတယ်။ သူတို့လေးတွေရဲ့ ဘဝရေတိမ်မှာ နစ်မွန်းရတော့မယ့်အရေး၊ အဆိုရှင်ပြောသလို ထောင်ထဲမှာပဲ ဒုစရိုက်သားတွေ ဘယ်မိဘမှ မဖြစ်

စေချင်ပါဘူး။ ဘယ်မိဘမှ သားသမီးတွေကို မူးယစ်ဆေးစွဲသူတွေ Drug Addicts တွေ မဖြစ်စေချင်ပါဘူး။ အဖက်ဖက်မှာ လေ့လာစူးစမ်းခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်တွေ ပိတ်ပင်လိုက်တာနဲ့ အတူတူပါပဲ။

ဒါကြောင့် သားသမီးလေးတွေ၊ ကျောင်းသူကျောင်းသားလေးတွေအတွက်တော့ (၁၆)နှစ်အောက်ဆိုရင် (၆)လမှ အများဆုံး(၁)နှစ်ပေါ့၊(၁၈)နှစ်အောက်ဆိုရင် အများဆုံး(၁)နှစ်ခွဲအထိပေါ့၊(၂၀) အောက်ဆိုရင်၊ (၂၀)နဲ့(၂၀)အောက်ဆိုရင် အများဆုံး(၂)နှစ်၊ ဒါကိုတောင်မှ နိုင်ငံတကာဆိုရင် Optional စိတ်ကြိုက်ရွေးချယ်ခွင့်၊ ကလေးထောင်ပဲ ကျခံမလား(သို့မဟုတ်) မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစခန်းပဲသွားပြီး ပြောင်းလဲမလားပေါ့၊ ကျောင်းသူကျောင်းသားလေးနဲ့ မိဘတွေကတော့ ဒီ ပြုစုပျိုးထောင်ရေးစခန်းကိုပဲ ကျောင်းများကိုပဲ ရွေးချယ်ကြပါတယ်။

တရားရုံးမှ လွှဲပြောင်း၍ သူတို့လေးတွေရဲ့ Grade School ၊ High School၊ Collage Universityများနဲ့ Motivators ၊ Ejemplos ၊ Short Guns ကြီးကြပ်သူတွေနဲ့အတူ တက်ရောက်ခွင့်ရှိပါတယ်။ anti-doping ဘိန်းဆန့်ကျင်တိုက်ဖျက်ရေးစခန်းကပဲ တာဝန်ယူပြီးမှ ပြုစုပျိုးထောင်ပေးကြပါတယ်။ Rector တွေ Board of Director တွေ အဖွဲ့များမှ သင်တန်းအောင်လက်မှတ် ပေးပြီဆိုရင် ဖွံ့ဖြိုးမှု အခွင့်အလမ်းတွေရှိလာတော့ မူးယစ်ဆေးဝါးလည်းပြတ်၊ လူလိမ္မာလေးလဲ၊ ပညာတတ်လေးများလည်း ဖြစ်လာတော့ သားရွှေအိုးထမ်းလာသလိုလည်း ဖြစ်နေကြပါတယ်။ Creatives လည်း ဖြစ်လာသလို အဆိုးထဲက အကောင်းလေးလည်း ဖြစ်လာကြတာဖြစ်ပါတယ်။ HR ကိုလည်း ပြုစုပျိုးထောင်ပေးရာ ရောက်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လောလောဆယ် ကချင်ပြည်နယ်မှာဆိုရင် မူးယစ်ဆေးဝါးတိုက်ဖျက် ဖမ်းဆီးမှု ဆထက်ထမ်းပိုး ကြိုးစားအားထုတ်လာတော့ ထောင်တောင် မဆန့်ပဲ ဖြစ်နေပါတယ်။ ဒါကလည်း ပြည်နယ်အစိုးရ အထူးမူးယစ်အဖွဲ့ရယ်၊ ပြည်သူ့ရဲတပ်ဖွဲ့နဲ့ ပြည်သူတို့ရဲ့ တစ်လုံးတစ်ဝတည်း ပူးပေါင်းပါဝင်မှု ရလာဘ်တစ်ခုပါပဲ။ ကျွန်တော်တို့ရဲ့ လွှတ်တော်ရဲ့ အဆိုများကို အကောင်အထည်ဖော်ပေးလို့လည်း ကျွန်တော့်အနေနဲ့ နှစ်ထောင်းအားရပါတယ်။ ကျေးဇူးလည်း အထူးတင်ရှိပါတယ်။ ဘိန်းစိုက်မှုလည်း သိသိသာသာ ကျဆင်းနေပြီဆိုတာကိုတော့ သက်သေနဲ့တွေ့ရတာဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ မြစ်ကြီးနားဂျာနယ်၊ နိုဝင်ဘာလထုတ်မှာဆိုရင်လည်း မြစ်ကြီးနားမှာဆိုရင် ကလေးတွေ(၁၅)ရာခိုင်နှုန်း မူးယစ်ဆေးဝါးသုံးစွဲကြောင်း ဖော်ပြထားပါတယ်။ ဆက်လက်ပြီး Drug Law ဘိန်းရာဇာတွေ၊ Peddlers Dealers Law၊ မူးယစ်ဆေးဝါး ရောင်းဝယ်သူတွေ၊ Pushers Distributors လက်လီလက်ကားကြီးတွေ၊ Carriers ပို့ဆောင်ပေးတဲ့သူတွေ၊ Carrier တွေကိုလည်း ပြီးတော့ စိုက်ပျိုးသူတွေ အားလုံးကိုလည်း ပြည်သူတို့နဲ့ပူးပေါင်းပြီးမှ ဆောင်ရွက်ပါက ကျူပင်ခုတ်ရင် ကျူငုတ်မကျန်၊ လှည်းနေလှေအောင်း၊ မြင်းစောင်းပါမကျန် လှန်လှောခြေမှုန်းပစ်ရမှာ ဖြစ်ပါတယ်။

ဘိန်းစိုက်ပျိုးမှုကို ရပ်ဆိုင်းပြီး သမာအာဇီဝ စိုက်ပျိုးနေထိုင်လာကြတဲ့ တောင်သူတွေကိုလည်းပဲ ရှိပေမယ့် ဝမ်းစာဖူလုံမှုမရှိ၊ စားဝတ်နေရေးအခက်အခဲတွေနဲ့ ကြုံကြိုက်နေကြသော ဆန်ပြုတ်နဲ့ပဲ စခန်းသွားတာတွေကိုလည်း အများကြီးတွေ့နေရပါတယ်။ ဒါကြောင့် နိုင်ငံတော်မှ စီမံကိန်း တိတိကျကျ လျာထားချက်ချ Planning ဆွဲပြီးမှ ကျွန်တော်တို့ ဒါတွေကိုလည်း ထောက်ပံ့ကူညီရမှာ ဖြစ်ပါတယ်။ ဒါမှမဟုတ် သူတို့ လုပ်တတ်တဲ့ ဒီဘိန်းစိုက်ပျိုးမှုကိုပဲ ပြန်လည်ရောက်ရှိသွားနိုင်တာ ဖြစ်ပါတယ်။

အနက်ရှိုင်းဆုံး စွဲလမ်းပြီးသော သူတွေကတော့ Death of Conscience ဟီရိသြတ္တပ္ပ အရှက်တရား၊ အကြောက်တရားမရှိတော့တဲ့ ပြစ်မှုကျူးလွန်ခြင်း၌ ပျော်မွေ့နေသူတွေပဲ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါး တစ်ခါသောက်ရဖို့အရေး လူသတ်ရန်ပင် ဝန်မလေးတော့တဲ့ ဘိန်းထိ စွဲလမ်းမှု၊ အဆုံးစွန် စွဲလမ်းမှု Beyond Redempetion ပေါ့။ မကယ်တင်နိုင်တော့တဲ့အခြေအနေ ကျရောက်မှုကတော့ မတတ်နိုင်တော့ပါဘူး။ သူတို့ကို ပြစ်ဒဏ်လည်း ချရတော့မှာဖြစ်ပါတယ်။

ဒီလို စွဲလမ်းမှုကြီးတွေကတော့ အခြေအနေအရပ်ရပ်ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပါတယ်။ တချို့ဆိုရင် မိခင်ဝမ်းတွင်းကတည်းက မူးယစ်ဆေးဝါးအငွေ့အသက်တွေကို ခံစားကြရပါတယ်။ မိဘများသုံးစွဲခြင်း၊ အထူးသဖြင့် မိခင်ဖြစ်သူသုံးစွဲတော့ ရင်သွေးငယ်လေးတွေလည်း သုံးစွဲပြီးသား ဖြစ်သွားပါတယ်။ မူးယစ်ဆေးစွဲတော့ ဆင်းရဲ၊ ဆင်းရဲတော့ တစ်ခန်းတည်းအတူနေ၊ အတူအိပ်၊ အတူစား အဲဒီအခန်းမှာပဲ မူးယစ်ဆေးဝါးတွေသုံးစွဲပြန့် မိဘတို့ရဲ့ Behavioral Attitude Problem ကိုယ်ကျင့်တရား၊ ဂုဏ်သိက္ခာပိုင်းပြဿနာတွေပါ ကလေးတွေကိုကူးစက်ကုန်ရော၊ Privacy ကလည်း Enabling အလိုလိုက်ပေးမှုတွေက လည်းထပ်လုပ်လိုက်တော့ ကလေးတွေ အကျင့်တွေပျက်စီး၊ စိတ်ဓာတ်ရေးရာလည်း မကြံ့ခိုင်နဲ့ နည်းနည်းချိတ်ဖြစ်သွားတာနဲ့ မူးယစ်ဆေးဝါး ပြန်သွားသုံးစွဲ Very Sensitive to Reverse တအားကို Relapse ဖြစ်သွား လွယ်တော့ တာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာမှာ FC Formation Centre , Rehabilitation Centre မှာ မိမိရဲ့ သားသမီးစွဲလန်းနေပြီဆိုရင် သွားပို့ကြပါတယ်။ မိဘတွေက ကလေးတွေကိုလည်း ရှင်းပြတယ်။ ကလေးတွေလည်း လိုလိုလားလားနဲ့ သွားကြပါတယ်။ ဒါ Phase 1 မှာ ဖြစ်ပါတယ်။ If Craving Appears , We may expectviolences should he or she be placed in safe room လို့ ပြောပါတယ်။ Intake အနေနဲ့ Prospect Chair မှာ ထိုင်ရပါတယ်။ တကယ်လို့များ သူက ယင်းထလာပြီးမှ သောင်းကျန်းတာတွေ လုပ်လာပြီဆိုရင်တော့ သူ့ကို Saferoom နည်းနည်း အချုပ်ခန်းလေး ပုံစံမျိုးမှာ Safe ဖြစ်တဲ့နေရာ သူ့ကို ထား ထားပါတယ်။ သူ့အတွက် Safe ဖြစ်အောင်ပါ။ အဲဒါကနေ ပုံမှန်ဖြစ်လာပြီဆိုရင် ဆိုကာမှ Emotional Interviews and Accepting to the family, Grace Period, Seminar and Consequences 4 တွေ လုပ်ပါတယ်။ သူ့ကို ဘာမှ အရေးမယူပါဘူး။ သူ ပြောင်းလဲချင်ပြီ ဆိုတဲ့ဥစ္စာဟာကို သူ့ရဲ့ မျက်နှာကို ပုဝါနဲ့ စီးထားပြီးမှ သူ့ကို မေးမြန်းပါတယ်။ သူ့ရဲ့ ရှေးဟောင်းနှောင်းဖြစ်ဇာတ်လမ်းတွေ အဲဒါကို သူ့ကိုပြောင်းလဲချင်သလားလို့ ပြောပါတယ်။ ပြောရင်း ပြောရင်းနဲ့ ကလေးကလည်း မျက်ရည်တွေ စီးကျလာတယ်။ သူ့ရဲ့ အကြောင်းကို သူ နားလည်လာတဲ့ အချိန်မှာ Help me အဲလို အော်ပါတယ်။ ကူညီကြပါ ကူညီကြပါလို့ အော်ရပါတယ်။ ရိုးရိုးသားသားနဲ့ သူ့ကို မိသားစုက Formation Centre က လက်ခံတယ်။ လက်ခံပြီးမှ သူ့ကို Grace Period ဆိုပြီးမှ သူ့ကို နှစ်ပတ်လောက် ဘာမှလည်း မလုပ်ခိုင်းဘူး။ လေ့ပဲလေ့လာခိုင်းတယ်။ အပြစ်ပေးတာလည်း မရှိဘူး။ ဒါပေမဲ့ သူ့ကို Seminar အပြစ် ကျရောက်နိုင်တဲ့ ဥစ္စာတွေ ဒီလို ဆောင်ရန်၊ ရှောင်ရန်ပေါ့ ဒါတွေကို သင်ပေးပါတယ်။

အဲဒီအချိန်အတောအတွင်းမှာ အဲဒီမှာ ပြောင်းလဲလိုတဲ့ ဆေးစွဲသွားတဲ့ ကျောင်းသူ/ကျောင်းသားလေးတွေ ပြောင်းလဲဖို့ကတော့ Openess ပွင့်လင်းမြင်သာမှု၊ Acceptance လက်ခံတတ်မှု၊ Trust ဆရာ၊ မိဘများကို ယုံကြည်အားကိုးတတ်မှု၊ Humility နိမ့်ချတတ်မှု၊ ခံယူတတ်မှု ဒါတွေတော့

ကျောင်းကြီးရဲ့ သော့ချက်ကြီး (၄)ချက် ဖြစ်ပါတယ်။ ပျက်အစဥ် ပြင်ခဏ ဆိုသလိုပေါ့။ ကလေးလည်း၊ စွဲလန်းသူတွေလည်း ပြောင်းလဲချင်စိတ် ရှိပါတယ်။ ကလေးတွေကိုလည်း Neat and Tidy ဖြစ်တဲ့ သန့်ပြန့်တဲ့ အဝတ်အစားလေးတွေကို ဝတ်ဆင်ပေးထားပါတယ်။ သန့်သန့် ရှင်းရှင်း နောက်ပြီးတော့ Estafa လို့ ခေါ်တာပေါ့ လက်တင်လို ပေါ့၊ messy ပေါ့ ရှုပ်ပွပေတေအောင် မနေခိုင်းဘူး။ ကျောင်းရဲ့ အဓိက ဥပဒေကတော့ (Cardinal rules ) ဆိုပြီးမှ No Smoking No Drug No Contraband၊ No sex ၊ No Violence ၊ No Evil အဲဒီလို ပြောပါတယ်။ ကျောင်းစည်းကမ်း များကတော့ ဆေးလိပ်မသောက်ရ၊ မူးယစ်ဆေးဝါး မသုံးစွဲရ၊ ဆန့်ကျင်ဘက် မညှိနှိုင်းရ၊ ကိလေသာ၊ ကာမဂုဏ် မကျူးလွန်ရ၊ အကြမ်းဖက် ဆူပူခြင်း မပြုရ၊ မကောင်းမှုကို ရှောင်ရမယ် စတာတွေ ဖြစ်ပါတယ်။Tools of the house Relate ၊ Confront ၊ Encounter ၊ Full Stress ၊ Learning Experiences ဖြစ်ပါတယ်။ အဲဒါတွေ ကတော့ အပြန်အလှန် ဆက်ဆံပေးကမ်းခြင်း၊ ရှေ့ထုတ် ရင်ဆိုင်ခြင်း၊ Ban လုပ်ပေးတာတွေ အများက ပြင်ဆင်ပေးတာတွေ အထူး ကြပ်မတ်တဲ့ အချိန် ဒီလို ဆိုပြီးမှ သူတို့ကို သတ်မှတ်ထားတာ ဖြစ်ပါတယ်။ ပြီးတော့ မူးယစ်ဆေးစွဲမှု ပြန်လည်လွတ်မြောက် လာသောအခါမှာ သူတို့ရဲ့ အပြင်လောကနဲ့ အဆက်အသွယ် မပြတ်သွားအောင် အခြေအနေကောင်းများလည်း ဖော်ထားပါတယ်။ ဒီလိုနဲ့ ဘဝနဲ့ ရင်းပြီးမှ ထိခိုက် စွဲလန်းကြီးသူတွေကို ပြုစုပျိုးထောင်ရေး စခန်းမှာ Recovery Rrocess Woundedness Addiction ဖြစ်ရခြင်းရဲ့ ဇစ်မြစ်ကို တူးဖော်ရတဲ့ အဖွဲ့က Phase 2 မှာ ဖြစ်ပါတယ်။ အဲဒီ Phase 2 ကတော့ သူ့ကို Ejemplos ဆိုပြီးမှ လက်တင်လို ပြောရင် Ejemplos ယုံကြည်ထိုက်သူပေါ့ ဆရာပေါ့ အဲဒီလို သူ့ကို ခန့်အပ်လိုက်တယ်။ ခန့်ပြီးမှ သူ့ကို Life Juney ဆိုတဲ့ ဘဝရဲ့ခရီးကို တူးဖော်ခွင့်ပြုတယ်။ သူ့ကိုယ်သူ သီးသီးခြားခြား နေခိုင်းတယ်။ သူ့ရဲ့ဘဝကို ပြန်လည် သုံးသပ်တယ်။ ရေးခိုင်းတယ်ပေါ့။ Thesis စာသားပုံစံလုပ် ရေးခိုင်းတယ်။ ဒါကြောင့် Digging out the degrees of Addictions and Woundedness and trauma healing ဆိုပြီးမှ ဒီလို လုပ်ပေးပါတယ်။ စိတ်ထိခိုက်ဒဏ်ရာတွေကို ကုသပေးတယ်။ နက်နက်နဲနဲ စွဲလန်းသူတွေကို Soporrific ဆိုပြီးမှ Therapy အိပ်မွေ့ ချတဲ့ပညာတွေပါ ကုထုံးတွေ သုံးပေးပါတယ်။ Clinical Psychiatric Process Sexually Transmited Diseases CSTD စိတ်ပိုင်းဆိုင်ရာ ကုထုံးတွေကိုလည်း ကုသပေးရပါတယ်။ Relapse ပြန်သုံးစွဲနိုင်တော့လည်း On going Recovery Process ပြန်လည်ပြုစု ပျိုးထောင်ပြီး ပြန်လည်ကုသရင်း Process ဖြစ်တာဆိုတာကိုလည်း အားပေးပါတယ်။ ဒါကြောင့် စီမံကိန်းကြီးများ ဖြစ်တယ်။

Budget နဲ့ Planning ကို တိတိကျကျ ထိထိ ရောက်ရောက် အကောင်အထည်ဖော်မှသာ ကျွန်တော်တို့ရဲ့ သားသမီးလေးတွေ မူးယစ်ဆေးစွဲသွားတဲ့ လူတွေ၊ ကျေးကျွန်ဖြစ်သွားတဲ့ လူတွေကို ကူညီနိုင်တော့မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ Budget, Methodology, Time Medical Assistance, Psychological and Moralsupport, Refomation and Renabilitation ကိစ္စတွေက အရေးကြီး တာမို့လို့ ဦးဖေသောင်း ရဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ မြန်မာနိုင်ငံတွင် မူးယစ်ဆေး၏ ကျေးကျွန်ဘဝအဖြစ်သို့ ရောက်ရှိနေကြသော လူငယ်လူရွယ်များကို လူထုဗဟိုပြု အဖွဲ့အစည်းများနှင့် INGO, NGO အဖွဲ့အစည်းများ ပူးပေါင်း၍ မြို့နယ်တိုင်းတွင် လူငယ်များ လမ်းမှားပေါ် မရောက်ရှိစေရန် အတွက် ပြုစုပျိုးထောင်နိုင်မည့် မူးယစ်ပညာပေး လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ပေးနိုင်မည့် စီမံကိန်း မျိုးကို အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လေးလေး နက်နက် ဆွေးနွေးထောက်ခံပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနှင်းဝေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၅။**

**ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များ၊ ကော်မရှင်အဖွဲ့ဝင်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနှင်းဝေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးဖေသောင်း တင်သွင်းသွားတဲ့ အဆိုနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ မူးယစ်ဆေးဝါး အစပြု သုံးစွဲခြင်းကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာတဲ့ အခြေအနေကို ဆွေးနွေးရင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မူးယစ်ဆေးဝါးနဲ့ပတ်သက်လို့ အရင်က ဘိန်းနဲ့ ဆေးခြောက် သုံးစွဲတာကိုပဲ ကြားဖူးခဲ့ပါတယ်။ ဒီကနေ့ခေတ်မှာတော့ အရပ်ထဲမှာ WXY လို့ ရေးထားတဲ့ စာသားပါ စိတ်ကြွရူးသွပ်ဆေး ပြားများကို ရာမဆေးပြား၊ မြင်းဆေး၊ ကုလားပဲ ဆိုပြီး အမည်အမျိုးမျိုး တပ်ခေါ်ပြီး သုံးစွဲနေကြတယ်ဆိုတာ ကြားသိရပါတယ်။ ဒီဆေးသုံးစွဲသူများဟာ လူငယ်ပိုင်းနဲ့ လူလတ်ပိုင်း တော်တော်များများ ဖြစ်နေကြောင်း လေ့လာတွေ့ရှိရပါတယ်။ စိတ်ကြွရူးသွပ်ဆေး သုံးစွဲခြင်းကြောင့် နောက်ဆက်တွဲဖြစ်လာတဲ့ ပြဿနာကတော့ အိမ်ထောင်သည် ယောကျ်ားဆိုရင် စိတ်မတည်မငြိမ်နဲ့ မိသားစု ရန်ရှာစကားများပြီး ပတ်ဝန်းကျင်ကိုပါ ထိခိုက်လာပါတယ်။ လူငယ်တွေဆိုရင်လည်း ဆေးသုံးစွဲပြီး စိတ်ကြွရူးသွပ်ဆေး ပြောလောက်အောင်ပဲ တွေ့မြင်သမျှ လူကို ရန်ရှာချင်စိတ် ရှိလာပါတယ်။ ဒီလို စိတ်မတည်မငြိမ် ဖြစ်နေတဲ့အချိန်မှာပဲ ဆိုင်ကယ်စီးပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မသိတော့ဘဲ ယာဉ်တိုက်မှုများကြောင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ခဲ့တဲ့ သာဓကတွေလည်း ရှိခဲ့ပါတယ်။

ကျွန်တော်တို့ ဒေသမှာဆိုရင် သစ်ခုတ်တောင်ယာလုပ် တောလိုက် အလုပ်လုပ်ရင်း၊ စားဝတ်နေရေးအတွက် ရှာဖွေရင်း တောထဲမှာပဲ ဆေးပြားတွေ ရောင်းချသူက ရောင်းချ၊ သုံးစွဲသူက သုံးစွဲ အခြေအနေထိ ရှိခဲ့ကြောင်း ပြည်သူများရဲ့ ပြောကြားချက်အရ သိရှိရပါတယ်။ ဒီလိုကိစ္စတွေ ပပျောက်အောင် ကျွန်တော်တို့ အပါအဝင် ပြည်သူတွေမှာလည်း ပူးပေါင်းဆောင်ရွက်ဖို့ တာဝန်ရှိတယ် ဆိုတာ နားလည်သဘောပေါက်ပါတယ်။ အခု ကျွန်တော်တို့ ကိုယ်တိုင်လည်း ပူးပေါင်းဆောင်ရွက်နေပါတယ်။ အချို့နေရာမှာဆိုရင် လူငယ်များမှတစ်ဆင့် ကလေးငယ် (၁၂)နှစ်၊ (၁၃)နှစ်အရွယ် (၃၊ ၄) ယောက် စုမိပြီး အတုမြင်အတတ်သင် မူးယစ်ဆေးဝါး သုံးစွဲတာကို ပြည်သူများရဲ့ ပြောပြချက်အရ သိရှိရပါတယ်။ ဒါကြောင့် သက်ဆိုင်ရာနဲ့ပြည်သူ ပူးပေါင်းပြီး ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်မှသာ ပပျောက်မှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မျက်မြင်တွေ့ရှိရတဲ့ အနေအထား သာဓကလေးအဖြစ် ဆွေးနွေးတင်ပြလိုပါတယ်။ ၂၀၁၃ (၁၀) ပိုင်းမှာ ကျွန်တော်တို့ ရန်ကုန်ကို ရောက်ရှိတဲ့အချိန်မှာ ဆူးလေဘုရားအနီးဝန်းကျင်မှာ လူငယ် (၃၊ ၄) ယောက် ပေါ်ပေါ်ထင်ထင်ပဲ ကော်ရှူနေတာကို တွေ့ခဲ့ရပါတယ်။

မှတ်တမ်းဓာတ်ပုံရိုက်မယ်လုပ်တော့ သူတို့လည်း ထပြေး သွားပါတယ်။ အခုထိလည်း ရှိဦးမယ်လို့ ကျွန်တော်တို့ယူဆပါတယ်။ ဒီကိစ္စတွေကိုလည်း ဥပဒေနဲ့အညီ ထိန်းချုပ်ဖို့ လိုအပ်မယ်ဆိုတာ ဆွေးနွေး တင်ပြလိုပါတယ်။

နောက်တစ်ချက်က ၂၀၁၄ နိုဝင်ဘာလတုန်းက ကျွန်တော်တို့ စစ်ကိုင်း ရွာသစ်ကြီးကို ရောက်ရှိတဲ့အချိန်မှာ မထင်မှတ်ဘဲ လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ (၉)နှစ် (၁၀)နှစ် အရွယ်ကလေး တစ်ယောက် ဆေးလိပ် စွဲနေတာကို တွေ့မြင်ရပါတယ်။ ဒီလို ဆေးလိပ်စွဲနေတာကနေ နောက်ထပ် အဆင့် တိုးမြှင့်ပြီး မူးယစ်ဆေးဝါး သုံးစွဲဖို့ ဆိုတာတွေ ဖြစ်လာနိုင်ပါတယ်။ ဒီကိစ္စတွေကလည်း မိဘတွေရဲ့ အလိုလိုက်မှု၊ သွန်သင်ဆုံးမမှု ညံ့ဖျင်းမှုတွေကြောင့် ပတ်ဝန်းကျင်အနေအထားပါ ပျက်စီး ခဲ့ရပါတယ်။ ဒီကလေးတွေဟာ အထိန်းအကွပ်မဲ့ ဘဝထဲမှာ အတုမြင် အတတ်သင်ပြီး ပျက်စီးနေတယ် ဆိုတာ လေ့လာသိရှိရပါတယ်။ ဒါကြောင့် လူငယ်တွေ လမ်းမှားမရောက်မိစေဖို့ မိဘပြည်သူတွေမှာ အခရာ ကျတဲ့အတွက်ကြောင့် ပြည်သူများနဲ့ တာဝန်ရှိသူများ ပူးပေါင်းပါဝင် တိုက်ဖျက်ဖို့ တာဝန် ရှိကြောင်း ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြလိုပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ကျေးကျွန်ဘဝအဖြစ်သို့ ရောက်ရှိနေကြသော လူငယ်လူရွယ်များကို လူထုဗဟိုပြု အဖွဲ့အစည်းများနှင့် တာဝန်ရှိအစိုးရဌာနဆိုင်ရာများ၊ INGO, NGO အဖွဲ့အစည်းများ ပူးပေါင်း၍ မြို့နယ်တိုင်းတွင် လူငယ်များ လမ်းမှားပေါ် မရောက်ရှိစေရန်အတွက် ပြုစုပျိုးထောင်ပေးနိုင်မည့် မူးယစ်ပညာပေး လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ပေးနိုင်မည့် စီမံကိန်းမျိုးကို အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးရင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်ခင်ဗျား။

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၀။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်မြေ အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း အဆို တင်သွင်းခဲ့တဲ့ မြို့နယ်တိုင်းတွင် လူငယ်များ လမ်းမှားပေါ် မရောက်ရှိစေရန်အတွက် ပြုစုပျိုးထောင် ပေးမည့် မူးယစ်ပညာပေး လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ပေးနိုင်မည့် စီမံကိန်းကို အမြန်ဆုံးဆောင်ရွက် ပေးနိုင်ရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ လေ့လာ မိသမျှအနေနဲ့ကတော့ UNODC ရဲ့ တွက်ချက်မှုအရ မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလထုတ် ပြန်တမ်းအရ ယခုနှစ်အတွင်းမှာ ဘိန်းထုတ်လုပ်မှုဟာ မြန်မာနိုင်ငံမှာ လေးပုံတစ်ပုံ ကျဆင်းခဲ့ပါ တယ်လို့ ဖော်ပြထားပါတယ်။ ဘိန်းဈေးလည်းပဲ ကျခဲ့ပါတယ်။ ဒါဟာ ဘာဖြစ်လို့လဲဆိုတော့ ဘိန်းခင်း များကို

ပိုမိုထိ ရောက်စွာ ဖျက်ဆီးနိုင်ခဲ့တဲ့အတွက်ကြောင့် ဖြစ်တယ်လို့ သုံးသပ်သွားပါတယ်။ မြန်မာ နိုင်ငံမှာ ဘိန်းစိမ်းထုတ်လုပ်မှုက (၂၃)ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း အစီရင်ခံစာထဲမှာ ထည့်သွင်းထားတာ တွေ့ရပါတယ်။ အဲဒီတော့ ၂၀၀၆ ခုနှစ်နောက်ပိုင်းမှာ ကျဆင်းခဲ့သော်လည်း ကမ္ဘာမှာ အာဖဂန်နစ္စတန် ပြီးလို့ရှိရင် ဒုတိယနေရာကို မြန်မာက နေရာယူဆဲ ဖြစ်ပါတယ်။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ဒေသတွင်းမှာ မူးယစ်ဝယ်လိုအား အားကောင်းဆဲ ဖြစ်တယ်လို့ တရားဝင် ကြေညာထားပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံမူးယစ် စျေးကွက်ဝယ်လိုအားမြင့်ပြီး သုံးစွဲသူကလည်း များလာပါတယ်။ ဒါက ဘာဖြစ်လို့လဲ ဆိုတော့ မူးယစ်ဆေးဝါးကို ကြိုက်တဲ့ သဘောမျိုး ဖြစ်တယ်လို့ သူတို့ကသုံးသပ်ပါတယ်။ ဒါကြောင့် မို့လို့ မြန်မာနိုင်ငံကို ဒါကို မှောင်ခိုကုန်သည်တွေက၊ မူးယစ်မှောင်ခိုကုန်သည်တွေက ပစ်မှတ်ထားပြီးတော့ ဒါ ခုနလိုပေါ့ အသုံးချနေတယ်ဆိုတာကို UNODC ရဲ့ ဌာနေကိုယ်စားလှယ် ဂျော်ဒင်မီဒေါက်ကလပ်ကနေ ပွင့်ပွင့်လင်းလင်း တင်ပြသွား ပါတယ်။ နောက် ဘိန်းထုတ်လုပ်မှုနဲ့ ပတ်သက်ပြီးတော့ ရွှေတြိဂံဒေသမှာ ဘိန်းထုတ်လုပ်မှုဟာ အမေရိကန်ဒေါ်လာ ဘီလီယံဝက်ခန့်ရှိကြောင်း အစီရင်ခံစာမှာ ဖော်ပြထား ပါတယ်။ ယခုနှစ် မြန်မာနိုင်ငံမှာ ဘိန်းထုတ်လုပ်မှုဟာ အမေရိကန်ဒေါ်လာ သန်းပေါင်း (၃၄၀)ခန့် ရှိကြောင်း မှတ်သားမိပါတယ်။

အဲဒီတော့ တင်ပြရမယ်ဆိုလို့ရှိရင် ဒါကလည်း မူးယစ်ဆေးဝါးက အခုမှ စွဲတာတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ တိုင်းပြည်က ဟိုအရင်တုန်းက မြန်မာနိုင်ငံ အင်္ဂလိပ်သိမ်းပြီးတဲ့ နောက်ပိုင်းမှာ ဘာပြဿနာ ဖြစ်လဲဆိုတော့ ကျွန်တော် လေ့လာမိသလောက် အဲဒီမှာ ကျွန်တော် ကချင်ပြည်နယ်မှာ နေတုန်းက ဦးစမားထိန်းနန်းတူ နဲ့ စကားပြောရင်းနဲ့ ဘာဖြစ်လို့ ကျွန်တော်တို့ ဟူးကောင်းချိုင့်ဝှမ်းမှာ ဘာဖြစ်လို့ ဘိန်းတွေ ဒီလောက် ပေါများနေတာလဲ မဟုတ်ဘူးဗျ ဒါက အင်္ဂလိပ်တွေရဲ့ စနက်တဲ့ ဘယ်လို ဖြစ်လဲဆိုတော့ သူတို့ စထိုးစမား ခံတပ်ကို သိမ်းပြီးတဲ့ နောက်ပိုင်းမှာ ကျွန်တော်တို့ ကချင်တိုင်းရင်းသား တွေက တော်လှန်ရေးတပ်သားတွေက နေ့ရော ညရော တိုက်နေတာ အဲဒီတော့ တစ်ဖက်ကလည်း ဘာဖြစ်လဲဆိုတော့ သူတို့ရဲ့ စထိုးစမား ခံတပ်ကြီးက တိုက်လို့တော့ မရဘူး။ ပြန်တိုက်လို့ မရဘူး တိုင်းရင်းသားတွေက ဒါပေမဲ့ သူတို့က နေ့စဥ်နဲ့ကို ကချင်တွေ အိပ်လို့ မရအောင် သူတို့ နယ်ချဲ့တွေ အိပ်လို့ မရအောင် လုပ်တဲ့အတွက်ကြောင့် နောက် ကြာကြာမခံနိုင်တော့ဘူး သူတို့ နည်းရှာတယ်။ ပထမဆုံး စည်းရုံးရေးနည်းအရ ဆေးခန်းဖွင့်တယ်။ ဒုတိယ နည်းအရ ဆေးခန်းဖွင့်ပြီးလို့ရှိရင် ကလေးတွေ နေထိုင်မကောင်းလို့ရှိရင် ဒါတွေကို နောက်တစ်ခါ ခုနကလိုပေါ့ ဘိန်းဆေးလေး နည်းနည်း တိုက်ကျွေးတယ်။ ကျန်းမာရေးအရဆိုပြီး ခုနလိုပေါ့ ဘိန်း နည်းနည်းလေး ကျွေးတယ်။

အဲဒီကစပြီးတော့ နောက်ကျတော့ ဒါကို မသောက်နိုင် မသုံးနိုင်တော့ဘူးဆိုလို့ရှိရင် ခုန တဖြည်းဖြည်း နည်းနည်းလေး ယဥ်ပါးလာပြီးတဲ့ နောက်ပိုင်းမှာ နောက်ပိတ်ဆုံး ဘိန်းစေ့ကို ရော့ မင်း ဒါလေးစိုက် အဲဒီကစပြီး ကျွန်ုပ်တို့ ဟူးကောင်းချိုင့်ဝှမ်းမှာ ဒီလိုဖြစ်တာဗျဆိုတဲ့ သာဓက တွေ့ရတယ်။ အဲဒီတော့ ဘာဖြစ်လဲဆိုတော့ ကျွန်တော် တာဝန်ထမ်းဆောင်တဲ့ ကာလအတွင်းမှာလည်း ခုနလိုပေါ့ နောင်းမီတို့၊ ဝတိုစွတ်တို့၊ ရှတိုစွတ်တို့၊ တိမ်ကောက်တို့ဟာ ကျွန်တော့်တို့ဆီ လာလာပြီးတော့ ခွင့်တောင်း ကြတယ် သူတို့က တောင်ယာထဲသွားမှာဆိုလို့ရှိရင် မုန်ညင်းခင်း သွားပြီးတော့ စိုက်မလို့ ပြုမလို့ ဆိုတော့ ပထမဦးဆုံး ကျွန်တော်က မုန်ညင်းခင်းဆိုတာ ဘာလဲဆိုတာ သိပ်မသိဘူး နောက်ကျမှ သေချာလိုက် မေးကြည့်မှ ဒါ ဘိန်းခင်းတွေ ဖြစ်နေတယ်။ အဲဒီတော့ တင်ပြရလို့ရှိရင်တော့ ဟိုးအရင် အင်္ဂလိပ် ခေတ်ကတည်းကိုက ကျွန်တော်တို့ တိုင်းရင်းသားတွေ ဘယ်လို အညွှန့်ချိုးရမယ်ဆိုတာ အခုနကလိုပေါ့၊

လုပ်ခဲ့တဲ့ လုပ်ငန်းကြီးတစ်ခု ဖြစ်တယ်လို့ ကျွန်တော် ယူဆပါတယ်။ ဒါကြောင့် ဒါကိုပဲ ခုနကလိုပေါ့ အမျိုးသားနိုင်ငံရေးအမြင်အနေနဲ့ ခုနလိုပေါ့ အသိစိတ်ဓာတ်နဲ့ ရှင်းထုတ်မှ ရမယ် သဘော ရှိပါတယ်။

နောက်တစ်ခု တင်ပြချင်တာက လွှတ်တော်နားစဉ်တုန်းက ကျွန်တော် ကရင်ပြည်နယ် ဖာပွန်မြို့ကို ပြန်ပါတယ်။ ပြန်တော့ အဲဒီမှာ ရဲမှူးကြီးမြင့်နိုင် က အဘတဲ့ ရောက်တုန်း ကျွန်တော့်ကို မူးယစ်ဆေးဝါးဆွေးနွေးပွဲ လေးတစ်ခု ကျွန်တော် လုပ်ထားချင်တယ် လက်ခံပါ။ ဘယ်မှာ သွားလုပ်မှာ လဲ။ အဘသွားသွားနေတဲ့ မထောရွာတဲ့။ အဲဒီရွာက မူးယစ်ဆေးဝါးစွဲနေပြီလား။ (၆)မှူ ကျွန်တော်တို့ ထောင်ချ ခဲ့ရတယ်တဲ့။ ဟာ အရင်တုန်းက မူးယစ်ဆေးဝါးဆိုတာ လုံးဝ မကြားဖူးကွ တို့ဖာပွန်မှာ အခု မူးယစ်ဆေးဝါး စွဲတယ်ဆိုတော့ ဒါက တို့နိုင်ငံတော် အစိုးရမှာချည်းပဲ မကဘူး။ ပြည်သူလူထုရော၊ လက်ရှိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရော ဒါကို သူတို့ ဖိဖိစီးစီး မလုပ်လို့ရှိရင်တော့ ကရင် ပြည်နယ်က ကရင်မျိုးတွေ ဘိန်းစားကရင် ဖြစ်ကုန်မယ် အဲဒါတော့ ငါ လက်မခံဘူးကွလို့ ငါ တင်ပြ မယ်လို့ ကရင်နှစ်သစ်ကူးမှာလည်း ငါ ပြောမယ်၊ မင်းတို့ အစည်းအဝေးမှာလည်း ငါ ပြောမယ်။ အဲဒီတော့ လွှတ်တော်မှာလည်း ငါ တင်ပြမယ်။ ဒါတွေဟာ အမျိုးသားရေးစိတ်ဓာတ်နဲ့ ကာကွယ်ဖို့ဟာ ခုနကလိုပေါ့ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ခုနလိုပေါ့ တင်ပြခြင်း ဖြစ်ပါတယ်။

နောက်တစ်ချက်က မူးယစ်ဆေးဝါးအနေနဲ့ ပတ်သက်ပြီးတော့ ဒါက ပြောရမယ်ဆိုလို့ ရှိရင်တော့ ဘာလဲတစ်ခုလည်း လိုအပ်လဲဆိုတော့ ကျွန်တော်တို့ မြို့မိမြို့ဖ၊ ကျောင်းဆရာ နောက် တစ်ခါ ဒါကို ကိုင်တွယ်နေရတဲ့ တာဝန်ရှိတဲ့လူတွေမှာ သုံးဦးသုံးဖလှယ်က ပူးပေါင်းလုပ်ဆောင်မှ ရပါတယ်။ ဒီပြင်လည်း မလုပ်ဆောင်ရင်လည်း မရပါဘူး။ အဲဒါနဲ့ပတ်သက်ပြီး ကျွန်တော့်အသိ တစ်ယောက် မူးယစ်အထူးမှာ ရှိပါတယ်။ အဲဒီတော့ ရဲမှူးကြီး မူးယစ်က ဒီလောက်ကြီး မြင့်တက်လာ တာ အရင်က နည်းနည်းလေးဟာ အခုတအားကိုသုံးစွဲသူများလာတာ။ မဟုတ်ဘူး အဘရဲ့ ဒါ သိပ်ပြီး ပြောရခက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီ မူးယစ်အထူးအဖွဲ့မှာ နေရတာက တစ်ခါတလေကျတော့ ကျွန်တော့်ရဲဘော်တွေက ဖြေးဖြေးနဲ့ မူးယစ်သတင်းလိုက်ရင်း လိုက်ရင်းနဲ့ မူးယစ်သမား ဖြစ်သွားတယ်။ တစ်ခါ မူးယစ်သတင်း လိုက်ရင်းလိုက်ရင်း နဲ့ ဟိုဘက်ပါရင်ပါသွားတယ်။ ဒါတွေ ထိန်းရပြုရ တော်တော် ခက်ပါတယ်။ ဒါကြောင့် ကျွန်တော်အနေနဲ့ကလည်း ဒါကိုတော့ ကျွန်တော်တို့ကလည်း သတိနဲ့ယှဉ်ပြီး လုပ်နေရပါတယ်တဲ့။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာက မြန်မာနိုင်ငံ အပေါ်မှာ ကျူးကျော်ရေးစစ်ကို ဆင်နွှဲခဲ့တဲ့ နိုင်ငံခြားသားများက ဘိန်းစိုက်တဲ့စနစ် ဘိန်းတစ်စေ့ကို ချပေး လိုက်ခဲ့တဲ့ဟာက တစ်တောလုံး တစ်တောင်လုံးအပြင် တစ်နိုင်ငံလုံး ပျံ့နှံ့သွားပြီးတော့ အမျိုးသားရေးရဲ့ ကျန်းမာရေး၊ ပညာရေး၊ စိတ်ဓာတ်ရေးရာမှာ တော်တော် ပျက်သုဉ်းခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီလို ပျက်သုဉ်းသွားတဲ့ဟာကို တစ်နိုင်ငံလုံးအနေနဲ့ အစိုးရတစ်ခုတည်းမှာသာ တာဝန်ရှိတာ မဟုတ်ဘဲနဲ့ မိဘပြည်သူရော၊ ဆရာ/ဆရာမတွေရော မှာရှိတဲ့ လူအားလုံးက အမျိုးသားစိတ်ဓာတ် နဲ့ ချေဖျက်ရမှာ ဖြစ်သလို ကျူးကျော်ရေးစစ်ကို ဆင်နွှဲခဲ့တဲ့ နိုင်ငံခြားသားရဲ့ ပယောဂကြောင့် တိုင်းရင်းသား အချင်း ချင်းအကြားမှာ ကျခဲ့တဲ့သွေးစက်ကိုလည်း အနာဂတ် နိုင်ငံတော် ဖွံ့ဖြိုးရေးအတွက် ရည်မှန်းချက် ထားပြီး ကျခဲ့တဲ့ သွေးစက်တွေကို ဝိုင်းဝန်းပြီး ပပျောက်အောင် ဝိုင်းဝန်းဖျက်ကြစို့လို့ တိုက်တွန်းရင်း ကချင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း တင်သွင်း သော အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၂း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၀၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၀၄။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်ပိုင်း ခွင့်တင်ပြချက်များ ရှိပါတယ်။

ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ ကျန်းမာရေး။ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ ရေးရာကော်မတီအစည်းအဝေး။ ဦးစိုးမြင့်၊ မကွေး (၆)၊ ဘတ်ဂျက်ပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ဘတ်ဂျက်ပူးပေါင်း ကော်မတီ အစည်းအဝေး။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ဘတ်ဂျက်ပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကော်မတီ အစည်းအဝေး။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ ပူးပေါင်းကော်မတီ အစည်းအဝေး။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ပူးပေါင်းကော်မတီအစည်းအဝေး။ ဗိုလ်မှူးချုပ် အောင်စန်းချစ်၊ တပ်မတော်၊ ပူးပေါင်းကော်မတီ အစည်းအဝေး တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၃း၀၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၄။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၊ ကော်မရှင်လူကြီးများအားလုံးကို ကျွန်တော် ဦးခင်မောင် ကနေပြီးတော့ မင်္ဂလာပါလို့ ဂါရဝပြုရင်း နှုတ်ခွန်းဆက်သပါတယ်။ ဒီကနေ့ နိုင်ငံတော်မှာ အန္တရာယ် ကြီးကြီးမားမား ဖြစ်လာတဲ့ မူးယစ်ဆေးဝါးပြဿနာ၊ ကျွန်တော်တို့ အနာဂတ်လူငယ်တွေ Human Resources လူသားအရင်းအမြစ်ပြဿနာကိုရော၊ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာကိုရော ထိခိုက်လာနိုင်တဲ့ ကဏ္ဍတစ်ရပ် ဖြစ်နေပါပြီ။ အဲဒါကြောင့်မို့လို့ ဒီအဆိုကို တင်သွင်းရင်းနဲ့ ဦးဖေသောင်း ရဲ့ အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံပါတယ်။ ထောက်ခံရင်း ဆွေးနွေးပါမယ်။

ကျွန်တော်တို့တိုင်းပြည်မှာ မူးယစ်ဆေးဝါးဟာ အခုအချိန်မှာဆိုလို့ရှိရင် နေရာအနှံ့ တိုင်းနဲ့ ပြည်နယ် နေရာတိုင်းမှာလိုလို ဖြစ်နေပါပြီ။ ကျွန်တော် မနှစ်က ရခိုင်ပြည်ကို ပြန်တဲ့အခါမှာ ကျွန်တော့် မိတ်ဆွေတွေက ပြောပါတယ်။ (၉၀)ရာခိုင်နှုန်းသော လူငယ်တွေဟာ မူးယစ်ဆေးဝါးရဲ့ ကျေးကျွန်တွေ ဖြစ်နေပြီလို့ ပြောကြပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါး ထုတ်လုပ်မှုမှာ အာဖဂန် နစ္စတန်ပြီးရင် မူးယစ်ဆေးဝါးထုတ်လုပ်မှုမှာ ဒုတိယလိုက်တယ်လို့ နာမည်ကြီးနေခဲ့ပါတယ်။ အခု ဒီနှစ်ကတော့ ထုတ်လုပ်မှုကျဆင်းတယ်ဆိုတဲ့ သတင်းထွက်နေပါတယ်။ အာဖဂန်နစ္စတန်တို့၊ မက္ကဆီကို တို့လို မူးယစ်ဆေးဝါးထုတ်လုပ်မှုဟာ အကြီးအကျယ် ဖြစ်နေတဲ့ တိုင်းပြည်တွေနဲ့စာရင် ကျွန်တော် တို့ဟာ အစိုးရပိုင်းအနေနဲ့ ဒီမူးယစ်ဆေးဝါးကို ဒီလောက် ထိထိရောက်ရောက် နှိမ်နင်းနေတာတောင်မှ မပျောက်ကွယ်နိုင်ဘဲနဲ့ ဆက်လက်ပြီးတော့ မင်းမူကြီးစိုးနေတာကို ကျွန်တော်တို့ တွေ့နေရပါတယ်။

အဲဒါဟာ ဘာကြောင့် အဲဒီလိုဖြစ်နေရလဲဆိုတာကို ကျွန်တော်တို့ သုံးသပ်ဖို့လိုပါတယ်။ နိုင်ငံတကာ မျက်နှာစာမှာ နာမည်ဆိုးနဲ့ ကျော်ကြားခဲ့ရတဲ့ ကျွန်တော်တို့ ဂုဏ်သိက္ခာကို ပြန်ဆယ်ဖို့ရော၊ ကျွန်တော်တို့ အနာဂတ်လူ့ဘောင်သစ် အတွက်ရော ကျွန်တော်တို့ဟာ ဒီဟာကို ကာကွယ်ရမှာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးဟာ ထုတ်လုပ်တဲ့နိုင်ငံအနေနဲ့လည်း ဖြစ်နေတယ်။ တစ်ခါ ဖြတ်သန်း သွားလာတဲ့ နိုင်ငံလည်း ဖြစ်နေတယ်။ ဒီဆေးဝါးဟာလည်းပဲ ပုံစံမျိုးစုံနဲ့ လူငယ်ပိုင်းမှာ အမျိုးမျိုး သုံးစွဲနေရတာလည်း ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ထုတ်လုပ်တဲ့အပိုင်းကို ဘယ်လိုတားဆီးမလဲ။ တစ်ခါ ဖြန့်ဖြူးတဲ့အပိုင်း၊ ရောင်းဝယ်တဲ့အပိုင်း၊ သုံးစွဲတဲ့အပိုင်းကို ဌာနဆိုင်ရာတွေအနေနဲ့ ဘယ်လို တားဆီးမလဲ။ သုံးစွဲတဲ့လူငယ်တွေအပိုင်းကို ရပ်တန့်သွားအောင် ဘယ်လိုလုပ်မလဲ။ မသုံးစွဲသေးတဲ့ လူငယ်တွေ ဒီဘက်ထဲကို မလာနိုင်အောင်၊ မရောက်ခင် ကျွန်တော်တို့ ဘယ်လိုတားဆီးမလဲ ဆိုတဲ့ဟာ တွေကို ကျွန်တော်တို့ သုံးသပ်ဆွေးနွေးရဖို့ ဖြစ်ပါတယ်။

စွဲတယ်ဆိုတာဟာ ဖြတ်တောက်ဖို့ တော်တော်ခဲယဉ်းပါတယ်။ ဒါ ဘာစွဲလမ်းမှုမျိုးမဆို၊ မူးယစ် ဆေးဝါးဆို ပိုတောင်ဆိုးဝါး ပါသေးတယ် မူးယစ်ဆေးဝါးက။ အဲဒီတော့ ဒီဟာ စွဲလမ်းပြီးသွားပြီ ဆိုကတည်းက အနိဋ္ဌာရုံတွေက မျိုးစုံလာပါတော့တယ်။ ဒုစရိုက်မှုရော၊ များပြောင်လှစွာသော မကောင်းဆိုးဝါးတွေက သူ့နောက်မှာ တစ်ခါတည်း ကပ်ပြီးတော့ ပါလာပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မူးယစ်ဆေးဝါး မသုံးစွဲနိုင်အောင် လူငယ်ပိုင်းကို ဘယ်လိုတားဆီးကြမလဲ။ ကျွန်တော်တို့ ရဲ့ ကဏ္ဍအရပ်ရပ်၊ မိသားစုပတ်ဝန်းကျင်၊ ကျောင်းပတ်ဝန်းကျင်၊ ရပ်/ရွာ၊ မြို့နယ် ပတ်ဝန်းကျင်၊ ရုံးကဏ္ဍ

ပတ်ဝန်းကျင်တွေမှာ ကျွန်တော်တို့ ဘယ်လိုဖွဲ့စည်း စည်းရုံးပြီးတော့ တားဆီးနိုင်ကြမလဲ ဆိုတာကို ကြံဖန်ရပါမယ်။

နိုင်ငံတကာအဖွဲ့အစည်းတွေဖြစ်တဲ့ NGO ၊ INGO နဲ့ တခြားလူမှုအဖွဲ့အစည်းတွေက မူးယစ်ဆေးဝါးတားဆီးရေးကို ဘယ်လိုနည်းနဲ့ ပံ့ပိုးနိုင်မလဲ။ မူးယစ်ဆေးဝါး ပပျောက်ရေး ဘိန်းခင်းတွေကို ဖျက်ဆီးတယ်။ မှန်ပါတယ်။ သို့သော်လည်းပဲ ဘိန်းဆိုတဲ့ဟာကလည်း သူ့နယ်မြေဒေသကိုက သဘာဝမြေခံ၊ ရေခံကိုက သူ့ဟာသူ အလိုလို မိုးရွာတာနဲ့ ထပေါက်နေတဲ့ဟာမျိုး။ ဒီသီးနှံကနေပြီး တော့ စီးပွားဖြစ်လည်း ရောင်းကုန်အနေနဲ့ အများကြီး ပိုက်ဆံဖြစ်နိုင်တယ်။ ဒီအတွက်ကိုလည်းပဲ တားဆီးဖို့ရာ တော်တော်ခက်ခဲပါတယ်။ ဒီဥစ္စာကို ကျွန်တော်တို့က ထုတ်လုပ်တဲ့အပိုင်းကို မတားဆီးနိုင် ရင်တောင်မှ သုံးစွဲတဲ့အပိုင်းက ဘယ်လိုတားဆီး နိုင်မလဲဆိုတာကို ကျွန်တော်တို့ လုပ်ရပါမယ်။ အဲဒီမှာ ကျွန်တော်တို့ တွေ့တာက အဂတိလိုက်စားမှု အကျင့်ပျက် ဝန်ထမ်းတွေ အဲဒီဘက်ကလည်း ဥပဒေနဲ့ ဘယ်လိုမျိုး ပြစ်ဒဏ်တွေ ဘယ်လိုပေးရမလဲ၊ ဒီ အကျင့်ပျက်ဝန်ထမ်းတွေကို၊ အဂတိလိုက်စားမှုတွေကို။ နောက်ပြီး တော့ သုံးစွဲတဲ့လူတွေကိုရော ဘယ်လိုလုပ်ပြီး အပြစ်ပေးနိုင်မလဲ။

လူငယ်ပိုင်းတွေဟာ မှန်ကန်တဲ့လမ်းကြောင်းကို ရောက်ရှိဖို့အတွက် ဘယ်လိုမျိုး ကျွန်တော်တို့ ကနေပြီးတော့ သူတို့ကို ဆောင်ကျဉ်းပေးနိုင်မလဲ။ အဲဒါမျိုးတွေကို ပညာရှင်တွေက တကူးတက၊ တသီးတသန့် ဆွေးနွေးပြီးတော့မှ အကောင်အထည်ဖော်ဖို့အချိန် တန်နေပါပြီ။ ကျွန်တော်တို့ဟာ ဒီလို မူးယစ်ဆေးဝါးကို မတားဆီးနိုင်ခဲ့လို့ရှိရင်တော့ ကျွန်တော်တို့ အနာဂတ်ဟာ မတွေးရဲအောင် ဖြစ်နေ ပါပြီ။ နောက်ထပ် ဖြစ်ပွားလာမယ့် လူငယ်တွေရဲ့ ဒီမူးယစ်ဆေးဝါးနဲ့ ကြီးပြင်းလာမယ့်လူငယ်တွေ ကျွန်တော်တို့ မတွေးတတ်အောင်ဘဲ ဖြစ်နေပါတယ်။

စီးပွားရေးလောဘသမားတွေ၊ ငါတကော ကောပြီးတော့ ကိုယ့်စီးပွားရေး အကျိုးဖြစ်ထွန်း ရင် ပြီးပြီ။ နိုင်ငံတော် ဘယ်လောက်ပဲထိခိုက်ထိခိုက်၊ အဲဒီလိုမျိုး မစောင့်စည်းတဲ့ စီးပွားရေးသမား တွေကိုလည်း ကျွန်တော်တို့ နှိမ်နင်းဖို့လိုပါတယ်။ ထိထိရောက်ရောက် နှိမ်နင်းနိုင်မှသာလျှင် ကျွန်တော်တို့ တားဆီးနိုင်မယ် ဖြစ်ပါတယ်။ တစ်ခါ ဒီလူငယ်ပိုင်းကို ကျွန်တော်တို့ နိုင်ငံအတွက် တိုင်းကျိုး ပြည်ကျိုး ဆောင်ချင်တဲ့ စိတ်ဓာတ်ရှိတဲ့ လူငယ်တွေ၊ မျိုးချစ်စိတ်ဓာတ်ရှိတဲ့ လူငယ်တွေ၊ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ချင်တဲ့ လူငယ်တွေဖြစ်အောင် ကျွန်တော်တို့ပိုင်းက ဘယ်လိုဦးဆောင်မှု ပေးမလဲ။ အခုအခါမှာ ဆိုလို့ရှိရင်တော့ ကွန်ရက်တွေ အမျိုးမျိုးပေါ်နေပါတယ်။ ဒါပေမဲ့ တကယ်တမ်း ကြည့်လိုက်တဲ့အခါကျတော့ ဒီလူငယ်တွေကို ကောင်းရာဘက်မှာ ဘယ်လိုမျိုး ဦးဆောင်မှုပေးမလဲ ဆိုတဲ့ဥစ္စာတွေဟာ အင်မတန် အားနည်းနေပါတယ်။ လူငယ်တွေဟာ ရပ်ကျေးရွာကျေးတွေမှာလည်း သွားကြည့်တဲ့အခါမှာ ကျွန်တော် တွေ့မိပါတယ်။ လူငယ်အပိုင်းဟာ ဒီလို လူမှုအကျိုးပြုဆောင်ရွက်မှု ကိစ္စတွေမှာ အင်မတန်မှ အားနည်း နေတာ တွေ့ရပါတယ်။ ဒီဘက်ပိုင်းကို ကျွန်တော်တို့ဟာ လူငယ်တွေကို ဘယ်လိုဆွဲဆောင်ပြီးတော့ သိမ်းသွင်းသွားနိုင်မလဲ။ အဲဒီလိုမျိုး လုပ်ပေးနိုင်လို့ ရှိရင်တော့ သူတို့ဟာ ကောင်းရာဘက်ကို သွားနိုင် ပြီးတော့မှ မူးယစ်ဆေးဝါးရဲ့သားကောင် အန္တရာယ်ကနေ လွတ်မြောက်နိုင်ပါလိမ့်မယ်လို့ ယူဆပါတယ်။

တစ်ခါ အပေါင်းအသင်းမကောင်းလို့ရှိရင်လည်းပဲ ဆွဲဆောင်ရာဘက်ကို လူငယ်တွေဟာ ပါသွားတတ်ပါတယ်။ လူငယ်သဘာဝအလျောက် သူငယ်ချင်းတွေက ပါတီပွဲတစ်ခုမှာ သူတို့ ဆွဲဆောင်မယ်။ ကျွေးမွေးမယ်ဆိုလို့ရှိရင် စူးစမ်းချင်စိတ်နဲ့ သူသုံးစွဲမယ်။ သုံးစွဲပြီးတော့မှ ကိုယ့်ဟာ

ကိုယ်ဝယ်ယူပြီးတော့ သုံးစွဲမယ်ဆိုပြီးတော့ အလေ့အကျင့်ဖြစ်သွားမယ် ဆိုတဲ့အခါကျတော့ အဲဒါဟာလည်း မိတ်ဆွေပတ်ဝန်းကျင်ထဲမှာ သတိထားဖို့ကောင်းတဲ့အချက်ဖြစ်ပါတယ်။ နောက်တစ်ခါ ရပ်ကွက်တွေမှာ၊ နေရာတကာမှာ အလွယ်တကူ ဝယ်ယူရရှိနိုင်တဲ့ မူးယစ်ဆေးဝါးအမျိုးမျိုးဟာ ကျွန်တော်တို့ မတားဆီးနိုင်လောက်အောင် ဖြစ်နေပါတယ်။ အိမ်အနီးမှာပဲ ကွမ်းယာဆိုင်လိုဟာမျိုးမှာ အလွယ်တကူ သွားပြီးတော့မှ ဝယ်ယူသုံးစွဲနိုင်တယ်။ အဲဒါကို စောင့်ကြပ်တဲ့လူလည်း မရှိဘူး။ ရပ်ကွက်ထဲမှာ တားဆီးမယ့်လူလည်းမရှိဘူး။ အဲဒီလို ဖြစ်နေတဲ့ အခါကျတော့ ကျွန်တော်တို့က ဒီကိစ္စကို ဘယ်လိုလုပ်တားဆီးနိုင်မလဲ။ ပတ်ဝန်းကျင်က မိသားစုဆိုရင်လည်း မိသားစုအိမ်က ပတ်ဝန်းကျင်က စောင့်ကြည့် ပြီးမှ သူငယ်ချင်းဆိုလည်း သူငယ်ချင်း၊ ကျောင်းမှာလည်းဆရာ၊ မိဘတွေက၊ အတန်းပိုင်ဆရာတွေက ကိုယ့်ကျောင်းသားတွေကို လေ့လာ ပြီးတော့မှ စောင့်ကြပ်ပြီးတော့မှ လုပ်ဆောင်သွားလို့ရှိရင်တော့ ကျွန်တော်တို့ ဒီဟာကို ထိန်းသိမ်းနိုင် လိမ့်မယ်လို့ ယူဆပါတယ်။

တစ်ခါ ကျွန်တော်တို့ နိုင်ငံတော်ပိုင်းကနေပြီးတော့ ရဲတပ်ဖွဲ့ကနေပြီးတော့ လိုက်လံစုံစမ်းပြီးတော့မှ ဖမ်းသင့်တဲ့ဟာဖမ်း၊ လူဆိုးစာရင်းသွင်းပြီးတော့ ရပ်ကွက်ထဲမှာ ဘယ်ဆိုင်မှာတော့ဖြင့် ဘယ်လိုရတယ် ဆိုတဲ့ဥစ္စာကို ထုတ်ပြန်ကြေညာထားဖို့ ကောင်းပါတယ်။ ကျွန်တော့်မိတ်ဆွေတစ်ယောက် ပြောဖူးပါတယ်။ ရန်ကုန်မြို့မှာ သူ့အိမ်ရှေ့မှာပဲ ရှိပါတယ်တဲ့။ အဲဒီအိမ်မှာ ဝင်/ထွက်ပြီးတော့ ဝင်လာမစဲ တသဲသဲ ဝင်ပြီးတော့ အလွယ်တကူ သုံးစွဲနေကြပါတယ်။ လူတိုင်းလည်း သိတယ်တဲ့။ အဲဒါဆို ခင်ဗျားတို့ ဘာလို့ မတားဆီးနိုင်ရမှာလဲ ဆိုတော့ ကျွန်တော်တို့အနေနဲ့ကတော့ တားဆီးနိုင်စွမ်း မရှိပါဘူးတဲ့။ အဲဒီလို ပြောပါတယ်။

အဲဒီတော့ ဒီဟာတွေဟာ ကျွန်တော့်အနေနဲ့ကတော့ အကုန်လုံးက ဝိုင်းဝန်းပြီးတော့ လုပ်ဆောင်သွားမှသာလျှင် အောင်မြင်မယ့်ကဏ္ဍဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံရဲ့ အနာဂတ်အကျိုးစီးပွားအတွက်၊ ကျွန်တော်တို့လူငယ်တွေရဲ့ နောင်အနာဂတ်အတွက် ကျွန်တော်တို့ ဒီမူးယစ်ဆေးဝါးကိုတော့ မဖြစ်မနေ ထိထိရောက်ရောက် တားဆီးဖို့လိုအပ်နေပြီလို့ ကျွန်တော် ထောက်ခံရင်း ဆွေးနွေးပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ ကျေးဇူးတင်ပါတယ် အားလုံးကို။

**အချိန်၊ ၁၃း၁၄။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၄။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ၊ အေးချမ်းကြပါစေလို့ ကျွန်မ မေတ္တာပို့သရင်းနဲ့ ဂါရဝပြုပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပြီးတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း တင်သွင်းတဲ့ အဆိုပြုတဲ့ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး၏ ကျေးကျွန်ဘဝအဖြစ်သို့ ရောက်ရှိနေကြသော လူငယ်လူရွယ်များကို လူထုဗဟိုပြု အဖွဲ့အစည်းများနှင့် တာဝန်ရှိအစိုးရဌာနဆိုင်ရာများ၊ INGO, NGO အဖွဲ့အစည်းများပူးပေါင်း၍ မြို့နယ်တိုင်းတွင် လူငယ်များလမ်းမှားပေါ် မရောက်ရှိစေရန်အတွက် ပြုစုပျိုးထောင်ပေးနိုင်မည့် မူးယစ်ပညာပေး

လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ပေးနိုင်မည့် စီမံကိန်းမျိုးကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းဆိုတဲ့ အဆိုကို ကျွန်မက လေးလေးနက်နက် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ဥက္ကဋ္ဌကြီးရဲ့ စီမံခန့်ခွဲမှုနဲ့ စေတနာ၊ မေတ္တာတွေကြောင့် ကျွန်မတို့ အမျိုးသားလွှတ်တော်မှာ အခါအားလျော်စွာ ကျွန်မတို့ Debate များ၊ စာတမ်း ဖတ်ပွဲများ ကျင်းပပေးခဲ့ပါတယ်။ အဲဒီမှာ ဆရာကြီး ဦးချစ်စံဝင်း ရဲ့ အုံ့မခန်း ဖွံ့ဖြိုးတိုးတက်လာသော တရုတ်ပြည်ဆိုင်ရာ လေ့လာချက်စာတမ်း ဆိုတာကို တစ်ကြိမ်မှာ၊ အဲဒီမှာ ဒါကို ဆွေးနွေးပြခဲ့တာပါ။ အဲဒီအထဲမှာ တရုတ်ပြည်ရဲ့ အင်မတန် ခါးသီးနာကြည်းဖွယ်ရာကောင်းတဲ့ အတိတ်က သမိုင်းကြောင်းကို သူက ဖော်ပြထားပြီးတော့မှ နောက်ပိုင်းမှာ အဲဒီဟာတွေအားလုံးကို ကျော်လွှားပြီးတော့ အင်မတန် အံ့သြစရာကောင်းအောင် ဖွံ့ဖြိုးတိုးတက်လာတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်တဲ့အထိ ဆောင်ရွက်ခဲ့ကြတာတွေကို အဲဒီမှာ ရေးသားပြုစုထားတာ ဖြစ်ပါတယ်။ ကျွန်မတို့က အဲဒါတွေဟာ ကျွန်မတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးမှာ ကျွန်မတို့က လိုအပ်ရင် လိုအပ်သလို သင်ခန်းစာတွေကို ကျွန်မတို့က လေ့လာပြီးတဲ့ အခါကျတော့ အဲဒါတွေကို ဆွေးနွေးတဲ့အခါမှာ ဆွေးနွေးတင်ပြဖို့ ကျွန်မမှာ တာဝန်ရှိပါတယ်။

နောက်တစ်ခုကလည်း ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးထားတဲ့ ဥပဒေပြဋ္ဌာန်းချက်တွေအရ ကျွန်မတို့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးဖြစ်ရေးမှာ နိုင်ငံသားအားလုံးရဲ့ တာဝန်ရှိတယ်ဆိုတာလည်း ရှိပြီးသားပါ။ မြန်မာနိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မြင့်မားစေဖို့ ဆောင်ရွက်တဲ့အခါမှာ ကျွန်မတို့က နိုင်ငံတော်ကို ကူညီပံ့ပိုးပေးရမယ်ဆိုတာလည်း ဖွဲ့စည်းပုံမှာ ဒါ ကျွန်မတို့ တာဝန်တစ်ရပ်အနေနဲ့ ပြဋ္ဌာန်းထားပြီးသား ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်မ အခု တင်ပြချင်တာက ဆရာကြီး ဦးချစ်စံဝင်း တင်ပြထားတဲ့အထဲမှာ အခု ဘိန်းနဲ့ပတ်သက်လို့ စောစောက ကျွန်မတို့ရဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဆွေးနွေးတဲ့ အထဲမှာ ပါသွားပါပြီ။ ဒါ ကိုလိုနီရဲ့ အမွေဆိုးဆိုတာကို အဲဒါကို ကျွန်မကလည်း လုံးဝ ထောက်ခံပါတယ်။ ဘာလို့လဲ ဆိုတဲ့အခါကျတော့ တကယ်တမ်းကျတော့ ဒါက ၁၈၂၄ ခုနှစ်၊ ကျွန်မတို့ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ ပြီးစဥ်အခါကတည်းကပဲ ဒီဟာ ဝင်လာခဲ့ပြီလို့ ကျွန်မတို့က အဲဒီလိုပဲ လေ့လာလို့ သိရှိခဲ့ရပါတယ်။ အခုတော့ ဖတ်ပြီးတော့ ဆရာကြီး ဦးချစ်စံဝင်း ရဲ့ စာတမ်းအရ တရုတ်ပြည်ရဲ့ အခြေအနေတွေကို ကျွန်မတို့က သေသေချာချာ လေ့လာလိုက်တဲ့အခါမှာ သူတို့တရုတ်ပြည်ကို ၁၇၉၀ ခုနှစ်ကတည်းက အင်္ဂလိပ်တွေကနေပြီးတော့မှ ဘိန်းတွေ တရုတ်ပြည်ကို တင်သွင်းခဲ့တာပါ။ ဘိန်း အဲဒီတုန်းက သူက သေတ္တာ (၄၀၀၀)ကို စတင်ပြီးတော့ တင်သွင်းခဲ့တယ်။ နောက် ၁၈၃၀ ခုနှစ်အခါကျတော့ သူက နောက်ထပ် (၁၀)ဆတိုးပြီးတော့ တင်လိုက်တဲ့အခါမှာ တရုတ်ကနေပြီးတော့ ဒါကို တားမြစ်တာပေါ့ နော်။ တားမြစ်ရင်းကနေ နောက်ဆုံးပြဿနာ ဖြစ်ပြီးတော့ ဘိန်းစစ်ပွဲ စပြီးတော့ ဖြစ်တယ်။ သို့သော် လည်း တရုတ်တွေက ရှုံးခဲ့တာပါပဲ။

နောက် နှစ်(၂၀)လောက်ကြာတော့ ဒုတိယဘိန်းစစ်ပွဲ ဖြစ်တာပဲ။ သို့သော်လည်း ရှုံးခဲ့တာပဲ။ အဲဒီလိုနဲ့ နောက်ဆုံး ၁၉၅၀ ခုနှစ်အခါကျတော့ တရုတ်ပြည်မှာ လူသန်းပေါင်း (၃၀)လောက် အတော်ဘေးနဲ့ကြုံပြီးတဲ့အခါကျတော့ တော်တော်ကြီး ဒုက္ခရောက်ခဲ့တယ်။ သို့သော်ငြားလည်းပဲ သူတို့နောက်

ပိုင်း ကျတော့ ကြိုးစားလာလိုက်တဲ့အခါမှာ အခုအချိန်မှာ၊ ကမ္ဘာမှာ အင်မတန်ကို ရှေ့ကနေ ပြေးနေတဲ့ နိုင်ငံကြီး တစ်နိုင်ငံ အဖြစ်ကို ရောက်သွားတယ်ဆိုတာကို ရေးပြထားပါတယ်။

အဲဒီမှာ နောက်ဆုံးလေ့လာသုံးသပ်ချက်မှာ အားလုံးပေါင်း အချက်(၁၁)ချက်နဲ့ တင်ပြထားတဲ့ အခါမှာ ကျွန်မတို့ နည်းနည်းအတုယူစရာရှိတဲ့ အချက်ကလေးတွေ ပါရပါတယ်။ အဲဒီ (၁၁)ချက်ထဲက တစ်ချက်အနေနဲ့ နိုင်ငံတိုးတက်အောင် ကြိုးစားချိန်တွင် အာဃာတ နဲ့ နာကြည်းချက်များကို လျော့ချ သိမ်းဆည်းသို့ဝှက်ထားခဲ့ကြသည် ဆိုပြီးတော့ သူတို့ရဲ့ တကယ်တွေ့ခဲ့တဲ့ အတွေ့အကြုံ၊ အတိတ်မှာ ဘယ်သူကပဲ ဘယ်လိုပဲ ဘာတွေ ဘယ်လို ဖိနှိပ်ချုပ်ခြယ်မှုတွေနဲ့ ဖြစ်ခဲ့ဖြစ်ခဲ့ ဒါတွေကို မေ့ပြီးတဲ့အခါ ကျတော့မှ ကြိုးစားခဲ့ကြတာ။ ဒါတွေကို သိမ်းဆည်းပြီးတော့မှ ကြိုးစားခဲ့ကြတာ။ နောက်တစ်ခါကျတော့ မှန်ကန်တဲ့ ခေါင်းဆောင်မှု ပေးစွမ်းခဲ့တာ။ နောက်တစ်ခါကျတော့ မိမိတို့ ကျရောက်ခဲ့တဲ့ ဆင်းရဲတွင်းထဲ ဆက်လက်မနေလိုတော့တဲ့ စိတ်ဖြင့် ပြိုင်တူ ရုန်းထွက်ခဲ့ကြ၏ နိုင်ငံ၏ တိုးတက်မှုသည် ပြည်သူများသာ ဖြစ်သည်လို့ အဲဒီလို ပြောတဲ့အတွက် ပြည်သူလူထုအားလုံး၊ ကဏ္ဍ အသီးသီး၊ အလွှာအသီးသီးမှာရှိကြတဲ့ ပတ်သက်တဲ့ သူမှန်သမျှအားလုံး ကြိုးစားရမယ်ဆိုတာ ဒီအထဲ မှာ ပါပါတယ်။

နောက်တစ်ခုကတော့ ဥပဒေများကို သူက အတိုးအလျော့ ပြုလုပ်ပေးတာ။ ကျွန်မတို့က ဒီလက်ရှိ ပစ္စက္ခတ်အခြေအနေမှာ ကျွန်မတို့က လူငယ်တွေအတွက်၊ လူငယ်တွေဆိုတာ လူ့စွမ်းအား အရင်းအမြစ်မှာ အင်မတန် အဖိုးတန်တဲ့ ရတနာတွေဖြစ်ပါတယ်။ အဲဒီလူငယ်တွေအတွက် အခု လောလောဆယ် ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက်တော့ တော်တော်လေး ရင်လေးစရာ ကျွန်မတို့ မီဒီယာ တွေအရရော၊ ဘာရော တွေ့ကြုံ ကြားသိနေရတာတွေက အတော်လေး စိတ်မကောင်းစရာ ရှိပါတယ်။ သို့သော်ငြားလည်းပဲ အစောက ဆွေးနွေးသွားကြတဲ့အထဲမှာ မူးယစ်ဆေးနဲ့ပတ်သက်လို့ ထုတ်လုပ်မှုတွေ လျော့ကျလာတယ် ဆိုတဲ့အတွက် ဒါဟာ အင်မတန် ကျွန်မတို့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုသင့်တဲ့ သတင်းတစ်ခုနဲ့ အခြေအနေတစ်ခုလို့ ကျွန်မတို့ အဲဒီလို ယုံပြီးတော့ ကျွန်မတို့ တော်တော်ဝမ်းသာတယ် ဆိုတာကိုလည်း၊ အဲဒါကိုလည်း ပြောချင်ပါတယ်။

နောက်တစ်ခုက နိုင်ငံတော်နဲ့ နိုင်ငံသားမှာ နိုင်ငံတော်ကလည်း လိုအပ်တာတွေကို ဖြည့်ဆည်း ပေးတဲ့အခါမှာ ချစ်သူ၊ မုန်းသူ၊ ရန်သူ၊ မိတ်ဆွေ၊ လိမ္မာတာ၊ မလိမ္မာတာ ဘာမှမခွဲခြားဘဲနဲ့ နိုင်ငံသား မှန်သမျှကို တစ်ပြေးညီ နိုင်ငံတော်ကနေပြီး တကယ်ကြိုးစားဆောင်ရွက်ပြီး ဖြည့်ဆည်းပေးတဲ့အခါမှာ နိုင်ငံသားတွေကလည်း နိုင်ငံတော်အပေါ်မှာ အားလုံး မိမိကျရာတာဝန်ကို တကယ်ဖြည့်စွမ်းပေးဖို့ ကိုယ်စီတာဝန်ရှိတယ် ဆိုတာကို ဒါ သိစေလိုပါတယ်။

အဲဒီလိုပဲ နောက်တစ်ခုကတော့ ဘာလဲဆိုတော့ အခုဒီဖြစ်နေတဲ့ကိစ္စကို ကျွန်မတို့ ဘယ်ရှုထောင့်ကပဲ ကြည့်ကြည့်၊ ကျွန်မတို့ကြည့်ချင်တဲ့ရှုထောင့်ကကြည့် ကျွန်မတို့ ဒီမှာ ကျန်းမာရေး ရှုထောင့်ကပဲကြည့်ကြည့်၊ စီးပွားရေးရှုထောင့်ကပဲကြည့်ကြည့်၊ ဘာသာရေးရှုထောင့်ကပဲကြည့်ကြည့်၊ နိုင်ငံရေးရှုထောင့်ကပဲ ကြည့်ကြည့်၊ လူမှုရေးရှုထောင့်ကပဲ ကြည့်ကြည့်၊ လုံခြုံရေးရှုထောင့်ကပဲ ကြည့်ကြည့်၊ ဘယ်ရှုထောင့်က ကြည့်ကြည့် မလိုလားအပ်တဲ့အန္တရာယ်ကြီးဆိုတာ ဒါ အားလုံးသိပါတယ်။

အဲဒီတော့ ကျွန်မကတော့ ဒီကိစ္စနဲ့နည်းနည်းလေး မသက်ဆိုင်သော်ငြားလည်း ကျွန်မကတော့ ကျွန်မဆန္ဒလေးကို ဥက္ကဋ္ဌကြီး ကျေးဇူးပြုပြီးတော့ တင်ပြခွင့်ပြုပါ။ အခုတော်တော်များပဲ ဘာခေါ်မလဲ။ အောင်မြေနင်းတယ်၊ အောင်မြေနင်းတယ် ဆိုတာတွေ တော်တော်လေးခေတ်စားပြီးတော့ ကြားနေရ

ပါတယ်။ အဲဒီတော့ ဒီအောင်မြေနင်းတယ်ဆိုတာ ရှေးကသူတော်ကောင်းတွေ သို့မဟုတ် သစ္စာအင်မတန်တည်တဲ့လူတွေ လုပ်တဲ့နေရာကို သွားပြီးတော့ ကိုယ်လုပ်တဲ့လုပ်ငန်း အောင်မြင်ချင်လို့ သွားနင်းကြတဲ့အခါမှာ ကိုယ်က ပထမတော့ သစ္စာဆိုရတယ်။ သစ္စာဆိုပြီး အဲဒီသစ္စာတည်မှသာလျှင် အဓိဋ္ဌာန်က အောင်မြင်တာ ဖြစ်တယ်။ ကျွန်မလည်း အခု သစ္စာဆိုချင်တယ်။ ဘာပြုလို့လဲ ဆိုတဲ့ အခါကျတော့ အောင်မြေလည်း နင်းချင်တယ်။ သစ္စာလည်း ဆိုချင်တယ်။ ကျွန်မတို့နိုင်ငံကြီးကို ဖွံ့ဖြိုးပါစေ၊ တိုးတက်ပါစေ ဆိုပြီး ကျွန်မတို့ကရှေ့ကနေပြီးတော့ ကျွန်မတို့က ကျရာကဏ္ဍတွေကို တကယ့်ကို အားသွန်ခွန်စိုက်နဲ့ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ဆောင်ရွက်နေတဲ့အခါမှာ တာဝန်ကိုယ်စီ ကိုယ်စီနဲ့ ပါသင့်ပါထိုက်တဲ့လူတွေက ပါလာစေဖို့အတွက် ကျွန်မတို့က အင်မတန် ဆန္ဒရှိပါတယ်။

အဲဒီတော့ မည်သည့်နည်းနဲ့မဆို လူ့စွမ်းအားဟာ စွမ်းအင်ရှိသမျှထဲမှာ အစွမ်းအစ အကြီးဆုံးဆိုတာ ကျွန်မ ဆွေးနွေးခဲ့တဲ့အခါမှာလည်း ကျွန်မ ထည့်ပြီးတော့ အဲဒါ ဆွေးနွေးဖူးပါတယ်။ လောကကို အလှဆင်တာလည်း လူပဲ။ လောကကို ဖျက်ဆီးတာလည်း လူပဲ။ ဒီလူရဲ့ စွမ်းအင်ဟာ အင်မတန်အရေးကြီးတယ် ဆိုတော့ နောင်လာမယ့်အနာဂတ်မှာ ကျွန်မတို့နိုင်ငံအတွက် သိပ်အဖိုးတန်တဲ့ ကျွန်မတို့နိုင်ငံရဲ့ ရတနာလေးတွေကို ကျွန်မတို့က အသိမှန်အောင်၊ အကျင့်မှန်အောင်၊ သဘော တရားနဲ့ လက်တွေ့တစ်ထပ်တည်းကျအောင်၊ ကောင်းတဲ့သဘောတရားနဲ့ ကောင်းတဲ့လက်တွေ့နဲ့ တစ်ထပ်တည်းကျအောင် ကျွန်မတို့က လုပ်ပေးနိုင်ခဲ့မယ်ဆိုလို့ရှိရင် တော်တော်ကြီး အဲဒီရဲ့ အကျိုးကျေးဇူးကို ကျွန်မတို့နိုင်ငံ အဓွန့်ရှည်စွာနဲ့ ခံစားခွင့်ရှိမယ်လို့ ကျွန်မက အဲဒီလို ယုံကြည်ပါတယ်။

အဲဒီတော့က အခု ဦးဖေသောင်း ပြောတဲ့ မြို့နယ်တိုင်းမှာ မူးယစ်ပညာပေး လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ပေးနိုင်မည့် စီမံကိန်းမျိုး အမြန်ဆုံးဆောင်ရွက်ပေးနိုင်ပါရန် ဆိုတဲ့အခါကျတော့ ကျွန်မတို့က လူငယ်တွေကို လမ်းမှားပေါ် မရောက်ရှိစေဖို့အတွက် သူတို့ကို အသိပညာပေးရမယ်၊ အသိပညာပေးပြီးမှ သဘောတရားနဲ့ လက်တွေ့ တစ်ထပ်တည်းကျမှသာလျှင် အောင်မြင်တယ်ဆိုတာလည်းပြောပြရမယ်။ နောက်တစ်ခါ ကျွန်မတို့ ဆုံးရှုံးခဲ့တဲ့ လွပ်လပ်ရေးနဲ့ အချုပ်အခြာပြန်ရပင် ရငြားသော်လည်း ကျွန်မတို့ ဆုံးရှုံးခဲ့တဲ့ ကဏ္ဍတွေအများကြီးရှိပါတယ်။ အဲဒီထဲမှာ ဒီဟာလည်းပါတယ်။ ဒါ ကျွန်မ ယုံကြည်ချက်ပါ။ ကျွန်မ ခံယူချက်ပါ။ ကျွန်မက လွပ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ပြန်ရပေမယ့် ကျွန်မတို့နိုင်ငံကို ကိုလိုနီဘဝက ဒီဟာတွေကို မူးယစ်ဆေးတွေ သွင်းသွားတာ။ ဒါသည် လူ့စွမ်းအား အရင်းအမြစ်ကို လူတွေရဲ့ အညွန့်ကို ချိုးသွားတယ်၊ လူတိုင်းကို မဟုတ်သော်ငြားလည်းပဲ အခု နောင်လာမယ့် အင်မတန် အဖိုးတန်တဲ့ လူငယ်တွေရဲ့ စိတ်အညွန့်၊ စိတ်ပိုင်း၊ ရုပ်ပိုင်းကို ဖျက်ဆီးသွားတယ်လို့ ကျွန်မတို့ အဲဒီလိုပဲ ယူဆရမှာ ဖြစ်ပါတယ်။

အဲဒီတော့ ပြီးခဲ့တဲ့ ဒါတင်မကဘူး၊ တခြားဆုံးရှုံးတာတွေလည်း ကျွန်မတို့ နိုင်ငံမှာရှိခဲ့တာ၊ အဲဒီတော့ ကျွန်မတို့က လွပ်လပ်ရေးနဲ့ အချုပ်အခြာအာဏာလည်းရတယ်၊ ကျွန်မတို့ရဲ့ လူ့စွမ်းအားအရင်းအမြစ်ကို ပံ့ပိုးပေးနိုင်တဲ့ ပညာရေး၊ ကျန်းမာရေး၊ နောက် အသိပညာ၊ နောက်တစ်ခါကျတော့ စာရိတ္တပိုင်းဆိုင်ရာတွေကို ပြန်ပြီးတော့ ကျွန်မတို့က ကလေးတွေကို ပိုင်ပိုင်နိုင်နိုင်နဲ့ ပြန်ပြီးတော့ လေးလေးနက်နက်နဲ့ သိအောင်လုပ်ပေးဖို့က၊ ကျွန်မတို့မှာ တာဝန်ရှိပါတယ်။ စောစောကပြောသလိုပဲ နိုင်ငံတော်အစိုးရမှာတော့ ချစ်တဲ့လူအတွက်၊ မုန်းတဲ့လူအတွက် ဟိုအတွက် ဒီအတွက်ရယ်လို့ မရည်ရွယ်ဘဲနဲ့ သန်း(၅၀)ဆို(၅၀)အတွက်၊ (၆၀)ဆို(၆၀)အတွက် လုပ်နေတဲ့ အချိန်ဖြစ်တဲ့အတွက် ကျွန်မတို့က

ဘာပဲဖြစ်ဖြစ်၊ ဒီတာဝန်နဲ့ ကြီးလေးတဲ့တာဝန်ကြီးကို ထမ်းရွက်နေတဲ့ နိုင်ငံတော်အစိုးရနဲ့ နိုင်ငံတော် အဖွဲ့အစည်းအသီးသီး ကျွန်မတို့ ဥပဒေပြုမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင် ဘာပဲဖြစ်ဖြစ် ကျွန်မတို့ကတော့ ပူးပေါင်းပြီးတော့ အခါကျတော့မှ အဖွဲ့အစည်းအသီးသီးနဲ့ ကျွန်မတို့ တတ်နိုင်တဲ့ဖက်ကနေပြီးတော့ ပူးပေါင်းပြီးတော့ ကျရာတာဝန်ကို ဆောင်ရွက်သွားဖို့ ဝန်မလေးပါဘူး။

အခု ဒီထဲမှာ ဌာနဆိုင်ရာတွေ၊ ဝန်ကြီးဌာနတွေ အသီးသီးက ကြိုးစားပြီးဆောင်ရွက်နေကြ တာကို သိတယ်။ သို့သော်လည်း ကျွန်မတို့နိုင်ငံရဲ့ စီးပွားရေး၊ အထူးသဖြင့် နေရာဒေသနဲ့ လိုက်ပြီးတော့ ဒီဆင်းရဲနွမ်းပါးမှု လျှော့ချရေးလည်း ကျွန်မတို့ ဆောင်ရွက်နေတယ်။ သို့သော်လည်း သူ့ဒေသနဲ့ သူ့ဒေသနဲ့ လိုက်ပြီးတော့ ဆောင်ရွက်တဲ့ စီးပွားရေးတွေမှာ ကျွန်မတို့ တချို့နေရာတွေမှာ ဥပမာ ဘိန်းစိုက်တယ်။ ဘိန်းအစားထိုးစိုက်ခင်း သို့မဟုတ် ဘိန်းအစား တခြားဟာကို ဆောင်ရွက်မယ် ဆိုရင် တကယ်ပဲ သူတို့ဘဝအတွက် ဘဝအာမခံချက်ရသလား၊ သူတို့ဒါကို စွန့်နိုင်တဲ့ အခြေအနေရှိလား၊ အဲဒါ တွေလိုအပ်မှာ ဖြစ်သလို ဒီကလေးတွေရဲ့ ဥပမာ အလုပ်လက်မဲ့ဖြစ်နေမယ်၊ ဒါမှမဟုတ် ပညာ တော်တော်လေး အသိဉာဏ်နည်းနေမယ်ဆိုရင်လည်း အဲဒါတွေကို ပြုပြင်ပေးနိုင်တဲ့၊ ပြင်ဆင်ပေးနိုင်တဲ့၊ ကြပ်မတ်ပေးနိုင်တဲ့ဟာတွေလည်း လိုလိမ့်မယ်လို့ စောစောက ကိုယ်စားလှယ်ကြီး ပြောသွားသလိုပဲ အဲဒီကလေးတွေရဲ့ အသိပညာနဲ့ ပညာပိုင်းဆိုင်ရာမှာလည်း လိုအပ်တယ်လို့ ထင်ပါတယ်။

အဲဒီ ကျွန်မတို့ စီးပွားရေးနဲ့ပဲ ကြည့်ကြည့်၊ စီးပွားရေးဘက်မှာ အားနည်းချက်ရှိတယ်၊ ပညာရေးဘက်မှာ ဆိုလို့ရှိရင် ပညာရေးဆိုတာဟာလည်း ကလေးတွေရဲ့ ကျွန်မတို့ ငယ်ငယ်တုန်း ကတော့ လောကနီတိတွေနဲ့ ဘာတွေနဲ့ဆိုတော့ မလုပ်ရတာတွေ၊ လုပ်ရတာတွေ၊ ဘာတွေ ညာတွေ ကလေးဘဝ ကတည်းက သင်ခဲ့ပြီးသား။ အခုတော့ ကလေးတွေက ဂုဏဝုတ္တိ၊ ဝဏဝုတ္တိ ဆိုတာ မကြားဖူးဘူး။ ဟီရိသြတ္တပ္ပ ဆိုတာလည်း တချို့သိတယ်၊ တချို့မသိဘူး၊ အဲဒီကျတဲ့ အခါကျတော့ ဘာပဲဖြစ်ဖြစ် ပြုစု ပျိုးထောင်ပေးဖို့ အသိပညာတွေ ရိုက်သွင်းတယ်ဆိုတာထက် အသိပညာတွေကို လေးလေးနက်နက် ခံယူတတ်အောင် ဆောင်ရွက်ပေးဖို့ တာဝန်ရှိတယ်လို့ ကျွန်မ အဲဒီလိုပဲ ယုံကြည် ပါတယ်။

အဲဒီတော့က ကျွန်မတို့ ကျန်တာတွေကတော့ ဒီ မူးယစ်ဆေးဝါးရဲ့ ဆိုးကျိုးတွေကတော့ အားလုံးလည်းသိနေပြီ၊ ကျွန်မတို့နိုင်ငံက အခုတော့ ရုန်းထွက်နိုင်ဖို့အခြေအနေ လမ်းစရောင်နီကို မြင်ရပြီလို့ ကျွန်မ အဲဒီလိုပဲ ယုံကြည်ပါတယ်။ အဲဒီတော့က အခု ဦးဖေသောင်း အဆိုတင်သွင်းတဲ့ မြို့နယ်တိုင်းမှာ လူငယ်များ လမ်းမှားပေါ်မရောက်ရှိစေရန်အတွက် ပြုစုပျိုးထောင်ပေးနိုင်မည့် မူးယစ် ပညာပေးလေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ပေးနိုင်မည့် စီမံကိန်းမျိုး အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် ဆိုတဲ့အခါမှာ ကျွန်မ သက်ဆိုင်ရာဌာနတွေက ဆောင်ရွက်ပေးထားတာတွေရှိတယ်။ ဗျူဟာတွေနဲ့ စီမံကိန်းတွေနဲ့ ဆောင်ရွက်နေတဲ့အခါမှာ မရှိခဲ့သေးဘူးဆိုလို့ရှိရင်တော့ ဒါကို အထူးအလေးအနက် ထားပြီးတော့ ကျွန်မတို့ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက်၊ အားလုံး အနာဂတ်အတွက်၊ အခု ပစ္စုပ္ပန်အတွက် ဒါကို အလေးအနက်ထားပြီးတော့ ဆောင်ရွက် ပေးပါလို့ ကျွန်မ ထောက်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၆။**

**ဥက္ကဋ္ဌ။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၆။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဂါရဝတရား ရှေ့ထားပြီးတော့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း ရဲ့ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး၏ ကျေးကျွန်ဘဝသို့ ရောက်ရှိနေကြသော လူငယ်လူရွယ်များကို လူထုဗဟိုပြု အဖွဲ့အစည်းများနှင့် တာဝန်ရှိ အစိုးရဌာနဆိုင်ရာများ၊ INGO, NGO အဖွဲ့အစည်းများ ပူးပေါင်း၍ မြို့နယ်တိုင်းတွင် လူငယ်များလမ်းမှားပေါ် မရောက်ရှိစေရန်အတွက် ပြုစုပျိုးထောင်ပေးနိုင်မည့် မူးယစ်ပညာပေး လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်နိုင်မည့် စီမံကိန်းမျိုးကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံမှာ သဘာဝသယံဇာတ အရင်းအမြစ် အရေးကြီးတယ်ဆိုပေမယ့်၊ လူသားအရင်းအမြစ်က ပိုအရေးကြီးပြီး၊ ပိုပြီးတော့ အခြေခံကျတာကို တွေ့ရှိရပါတယ်။ ဒီ လူသားအရင်းအမြစ်ကို ပြန်ကြည့်တဲ့အခါမှာ အရေးကြီးဆုံးဖြစ်တဲ့ လူသားအရင်းအမြစ်ဟာ လူငယ်တွေဖြစ်နေတာကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ လူငယ်များကို ပြန်သုံးသပ်တဲ့အခါ စိတ်မကောင်းဖြစ်ရတဲ့အနေအထားတွေကိုလည်းပဲ တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ အခြေအနေအရ နိုင်ငံခြားမှာ အခက်အခဲများစွာကိုရင်ဆိုင်ပြီး ရွှေ့ပြောင်းအလုပ်သမားများအဖြစ် အလုပ် သွားလုပ်တဲ့၊ သန်းချီတဲ့ အလုပ်သမားများဟာ လူငယ်များပဲ ဖြစ်ကြပါတယ်။

ဒီနေ့ မိမိတို့နိုင်ငံမှာ ငြိမ်းချမ်းရေးမရသေးတဲ့အချိန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ကြည့်တဲ့အခါမှာလည်း အများဆုံးဟာ လူငယ်များပဲ ဖြစ်နေကြပါတယ်။ အချို့လူငယ်များကလည်းပဲ အခြေအနေအကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေရတာတို့ မူလတန်း၊ အလယ်တန်းအဆင့်များမှ ကျောင်းထွက်လိုက်ရတာတို့၊ အချို့လူငယ်များဆိုရင်လည်း ကျန်းမာရေးနဲ့ ပတ်သက်ပြီး ငှက်ဖျား၊ အဆုတ်ရောဂါ၊ HIV,AIDS တို့ရဲ့ ဝါးမျိုဖျက်ဆီးခြင်းကို ခံရတာတို့နဲ့ ရင်ဆိုင်ရတာကို တွေ့ရှိရပါတယ်။ ဒီလို အနေအထား အခက်အခဲမျိုးစုံကို ရင်ဆိုင်ကြိုးစားနေတဲ့ နိုင်ငံ့အနာဂတ် လူသားအရင်းအမြစ်ရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ လူငယ်ထုတွေဟာ ဒီလို အခြေအနေအကြောင်းအမျိုးမျိုးကြောင့် လျော့နည်းနေရတဲ့အထဲ မူးယစ်ဆေးဝါးထောင်ချောက်ထဲမှာ သက်ဆင်းမိပြီး မူးယစ်ဆေးဝါးရဲ့ ကျေးကျွန်ဘဝကို ရောက်နေတာတွေ အများကြီးရှိလာတာကို တွေ့ရှိရပါတယ်။

ဒီနေ့ သင်္ချိုင်းကုန်းမှာ အသက်(၂၀)ကျော်၊ (၃၀)ကျော်အရေအတွက်တွေ များလာတာကို တွေ့ရှိရပါတယ်။ ၂၀၁၃ ခုနှစ်အတွင်း ကမ္ဘာ့ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနဲ့ ပြစ်မှုဆိုင်ရာရုံး UNODC ရဲ့ ထုတ်ပြန်ချက်အရ ကျွန်တော်တို့ နိုင်ငံဟာ ကမ္ဘာမှာ ဘိန်းထုတ်လုပ်မှု ဒုတိယအများဆုံးနဲ့ စိတ်ကြွရူးသွပ်ဆေး အများဆုံးထုတ်လုပ်တဲ့ နိုင်ငံဖြစ်ကြောင်းကို ထုတ်ပြန်တာကို တွေ့ရှိရပါတယ်။ လူငယ်များ အလုပ်အကိုင် အခက်အခဲကြောင့်သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့်သော် လည်းကောင်း၊

စိတ်ဓာတ်ကျဆင်းခြင်းကြောင့် သော်လည်းကောင်း၊ မိသားစုများစားဝတ်နေရေး စီးပွားရေး အဆင်မပြေတဲ့အတွက်ကြောင့်လည်းကောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းနဲ့ ဘိန်းစိုက်ပျိုးတဲ့ဖက်ကို ရောက်သွားတာလည်း အများကြီးရှိပါတယ်။

ဒါကြောင့် လူငယ်တွေရဲ့အနာဂတ်ဟာ စိုးရိမ်စရာဖြစ်နေပါတယ်။ အလုပ်အကိုင်ရရှိစေရေး၊ မိသားစုစားဝတ်နေရေး၊ စီးပွားရေးအဆင်ပြေလာဖို့အတွက် သတ္တုကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍတွေမှာ ပြည်သူများလွယ်ကူစွာ လုပ်ကိုင်စားသောက်နိုင်ဖို့လည်း အရေးကြီးပါတယ်။ အထူးသဖြင့် ခေတ်နောက်ကျနေတဲ့ နိုင်ငံ့အနေအထားကနေပြီး အိမ်နီးချင်းနိုင်ငံများရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အမှီလိုက်နိုင်ဖို့အရေးဟာ လူငယ်တွေ မူးယစ်ဆေးဝါးကင်းစင်ပြီးတော့ ကိုယ်ရည်ကိုယ်သွေးကောင်းမွန်ဖို့ဟာ အဓိကအခန်းကနေပါဝင်နေပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး နိုင်ငံတကာ ကွန်ဗင်းရှင်းကို ၁၉၈၈ ခုနှစ်မှာ တက်ခဲ့ပြီးတော့ ၁၉၉၁ ခုနှစ်မှာ ပါဝင်ဖို့ရန်အတွက် လက်မှတ်ထိုးခဲ့တယ်လို့ သိရှိရပါတယ်။ ၁၉၉၃ ခုနှစ်မှာ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ မူးယစ်ဆေးဝါးများ ဥပဒေအသစ်ကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီ ဥပဒေပုဒ်မ (၃) ရဲ့ ရည်ရွယ်ချက်(ဂ)ထဲမှာ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများရဲ့ အန္တရာယ်ကို အသိပေး၊ ပညာပေး၍ သုံးစွဲသူများကို ကုသပေးရေးနဲ့ ပြန်လည်ထူထောင်ပေးရေး Medical Tradement and Rehabilitation တို့အတွက် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ဆိုတဲ့ရည်ရွယ်ချက်ဟာ ဒီနေ့ အဆိုရှင် ရဲ့ အဆိုရည်ရွယ်ချက်နဲ့ တိုက်ရိုက် ဆက်နွယ်သက်ဆိုင်နေတာကို တွေ့ရှိရပါတယ်။ လူငယ်လူရွယ် တွေရဲ့ သဘာဝအတိုင်း စတင်အရွယ်ရောက်လာတဲ့အချိန်မှာ အရာရာကို စူးစမ်းလေ့လာချင်တဲ့ အတိုင်းပတ်ဝန်းကျင်မှာ အလွယ်တကူရရှိနိုင်တဲ့ မူးယစ်ဆေးဝါးကို စမ်းသပ်လာကြပါတယ်။

တချို့လူငယ်များဟာ တစ်ကြိမ်၊ နှစ်ကြိမ် စမ်းကြည့်တဲ့အနေအထား အင်မတန်မှ ငယ်ရွယ်နုနယ်တဲ့အချိန်မှာ အဖမ်းခံရပြီး အင်မတန် ကြမ်းတမ်းတဲ့ စရိုက်မျိုးစုံ၊ လူမျိုးစုံနဲ့ ထောင်ထဲရောက်သွားတဲ့အချိန်မှာ အညွန့်ကျိုးပြီး ဘဝပျက်စီးရတဲ့ အနေအထားကို ရောက်သွားတာလည်း ရှိနေပါတယ်။ တချို့လူငယ်များကျတော့ အပျော်တမ်း မူးယစ်ဆေးဝါးသုံးစွဲတဲ့အဆင့်မှာ ထောင်ကျပြီး ပညာရေးတစ်ဝက်တစ်ပျက်နဲ့ ဘဝဆုံးရှုံးပျက်စီးသွားတာတွေကို တွေ့ရှိရပါတယ်။ တချို့လူငယ်တွေကျတော့ မူးယစ်ဆေးဝါးကို အချိန်မှန်သုံးစွဲနေရတဲ့ အဆင့်မျိုးရောက်သွားပြီးတော့ မူးယစ်ဆေးဝါး သုံးစွဲချင်တဲ့အချိန်၊ ဘိန်းပွတ်တဲ့အချိန်၊ ယင်းထတဲ့အချိန်မှာဆိုရင် အဖိုးအဖွား မိဘညီအစ်ကို မောင်နှမတွေကို မသိတော့ပါဘူး။ မသုံးစွဲရရင် လုချင်လာတယ်၊ ခိုးခြောက်လာတယ်၊ အန္တရာယ်ပြုတဲ့ အဆင့်ကို ရောက်လာတတ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုအနေအထားအမျိုးမျိုးနဲ့ သုံးစွဲလာတဲ့လူငယ်တွေကို ပထမဦးဆုံး ဖမ်းမိလာတဲ့အချိန်မှာ ထောင်ထဲတစ်ခါတည်းထည့်လိုက်တဲ့ စီရင်ချက်ပြစ်ဒဏ်မျိုးဆိုရင် လူငယ်တွေရဲ့အနာဂတ်ဟာ ပျက်စီးသွားတာများတဲ့အတွက် လူငယ်တွေရော၊ နိုင်ငံတော်အတွက်ရော အလွန်နစ်နာတဲ့ အနေအထားမျိုးကို တွေ့ရှိရပါတယ်။ ကျွန်တော့်အသိထဲက လူငယ်လေးတစ်ယောက်ဟာ အသက်(၁၄)နှစ်ဝန်းကျင်အရွယ်မှာ (၈)တန်း၊ (၉)တန်းတက်နေတဲ့အချိန်မှာ မူးယစ်ဆေးဝါးသုံးစွဲတတ်သွားပြီး ထောင်ထဲရောက်သွားပါတယ်။ အသက်(၂၀)မပြည့်ခင်ဘဲ ထောင်ထဲမှာ

အသက်ဆုံးရှုံးသွားရှာပါတယ်။ ဒီလိုမဖြစ်အောင် ပထမအကြိမ် ကြိုးစားမှု First Attend အနေနဲ့ မူးယစ်ဆေးဝါးအသိပညာပေး လေ့ကျင့်ရေးစခန်းများမှာ မူးယစ်ဆေးဝါးစတင်သုံးစွဲလာတဲ့ လူငယ်များကို ကုသပေးခြင်းနဲ့ ပြန်လည်ထူထောင်ပေးခြင်းများ ဆောင်ရွက်ပေးသင့်ပါတယ်။

စီမံကိန်းများဖြင့် လမ်းမှန်ပြန်ရောက်အောင် ပြုစုပျိုးထောင်ပေးတဲ့ စနစ်ကျတဲ့စခန်းတွေ ဖွင့်လှစ်သင့်ပါတယ်။ နိုင်ငံခြားတိုင်းပြည်တွေမှာ မူးယစ်ဆေးဝါးသုံးစွဲတဲ့ လူငယ်များကို ပထမအချိန် ဖမ်းမိတဲ့အချိန်တွေမှာ အပြစ်ပေးထောင်ချခြင်းများ မပြုလုပ်ဘဲ ကုသခြင်း၊ ပြန်လည်ထူထောင်ပေးခြင်း၊ Medical Tradement and Rehabilitation များကို ဆောင်ရွက်ပေးပြီး လမ်းမှန်ပြန်ရောက်အောင် ပြုစုပျိုးထောင်ပေးတယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတော်အစိုးမှလည်း ဘိန်းဖြတ်ဆေးရုံများ၊ ပြန်လည်ထူထောင်ရေးစခန်းများ၊ ဆောင်ရွက်လျက်ရှိသော်လည်းပဲ ကျစ်ကျစ်လစ်လစ် ထိထိရောက်ရောက် ဆောင်ရွက်ဖို့နဲ့ ဆက်လက်တိုးချဲ့ ဖွင့်လှစ်ဖို့လိုအပ်နေပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲတဲ့ လူငယ်လူလတ်များ အင်မတန်များလာတဲ့အတွက် မြစ်ကြီးနားမြို့ ဝိုင်းမော်မြို့များမှာရှိတဲ့ မော့ဖောင်းကျေးရွာ၊ စီတာပူကျေးရွာ၊ ဒုန်ကန်ကျေးရွာ၊ ဂျန်တုံကျေးရွာ၊ နောင်းချိန်းကျေးရွာ စသည်ဖြင့် ရပ်ကွက်နဲ့ ကျေးရွာများမှာ ဘိန်းဖြတ်စခန်းများထူထောင်ကာ ဘိန်းနဲ့ မူးယစ်ဆေးဝါးဖြတ်ပေးခြင်း၊ ပညာပေးခြင်းများကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ခက်ခက်ခဲခဲ ကြိုးစားလုပ်ဆောင်နေတာကို ဒီနေ့ တွေ့ရှိရပါတယ်။

ဒီအခြေအနေတွေကို ကြည့်ခြင်းအားဖြင့် လူထုဗဟိုပြုအဖွဲ့အစည်းများနဲ့ တာဝန်ရှိ အစိုးရဌာနဆိုင်ရာများ၊ INGO, NGO အဖွဲ့အစည်းများ ပြည်သူလူထုနဲ့ ပူးပေါင်းကာ တစ်ယောက်အားဖြင့် ယူသော်မရ၊ အများအားဖြင့်ယူသော်ရ၏ ဆိုတဲ့အတိုင်း ပူးပေါင်းဆောင်ရွက် သင့်ပြီဆိုတာကို တွေ့ရှိရပါတယ်။ မူးယစ်ဆေးဝါးကျေးကျွန်ဖြစ်နေတဲ့ လူငယ်များအတွက် ပထမအကြိမ် ကြိုးစားပေးမှုအနေနဲ့ မူးယစ်ပညာပေးလေ့ကျင့်ရေးစခန်းများ လုံလုံလောက်လောက် ဖွင့်လှစ်ပေးခြင်းဟာ နိုင်ငံတော်ရဲ့ ဆင်းရဲသားလျှော့ချရေးကိုလည်း အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။ ထို့နည်းတူ ရောဂါကူးစက်ခြင်း၊ ကျန်းမာရေးနိမ့်ကျသွားခြင်းများကိုလည်း ကာကွယ်ပေးသွားမှာဖြစ်ပါတယ်။ ထိုက်သင့်သော၊ ထိုက်တန်သော လူသားအရင်းအမြစ်များ ပြန်လည်ဖော်ထုတ်နိုင်မှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် စနစ်ကျတဲ့ ထိရောက်တဲ့ ပညာပေးလေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ပေးနိုင်ရန်လိုအပ်သော ဘတ်ဂျက်ကိုလည်း အစိုးရကရော၊ လွှတ်တော်ကရော ဦးစားပေး ဆောင်ရွက်သွားနိုင်ရင် အင်မတန်မှ သင့်တော်မှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် အဆိုရှင်ရဲ့ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးရဲ့ ကျေးကျွန်ဘဝအဖြစ်သို့ ရောက်ရှိနေကြသော လူငယ်လူရွယ်များကို လူထုဗဟိုပြု အဖွဲ့အစည်းများနှင့် တာဝန်ရှိ အစိုးရဌာနဆိုင်ရာများ၊ INGO, NGO အဖွဲ့အစည်းများ ပူးပေါင်း၍ မြို့နယ်တိုင်းတွင် လူငယ်များ မူးယစ်ဆေးဝါးရဲ့ ကျေးကျွန်အဖြစ်နဲ့ လမ်းမှားပေါ် မရောက်ရှိစေရန်အတွက် ပြုစုပျိုးထောင်ပေးနိုင်မည့် မူးယစ်ပညာပေး လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ပေးနိုင်မည့် စီမံကိန်းမျိုးကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေး အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၁၆။**

**ဥက္ကဋ္ဌ**။ ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၆။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း ရဲ့ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး၏ ကျေးကျွန်ဘဝအဖြစ်သို့ ရောက်ရှိနေကြသော လူငယ်လူရွယ်များကို လူထုဗဟိုပြု အဖွဲ့အစည်းများနှင့် တာဝန်ရှိအစိုးရဌာနဆိုင်ရာများ၊ INGO, NGO အဖွဲ့အစည်းများ ပူးပေါင်း၍ မြို့နယ်တိုင်းတွင် လူငယ်များ လမ်းမှားပေါ် မရောက်ရှိစေရန်အတွက် ပြုစုပျိုးထောင်ပေးနိုင်မည့် မူးယစ်ပညာပေး လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ပေးနိုင်မယ့် စီမံကိန်းမျိုးကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ကုလသမဂ္ဂရဲ့ မူးယစ်ဆေးဝါးဆိုင်ရာ အစီရင်ခံစာအရ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ကမ္ဘာမှာ ဒုတိယဘိန်းစိုက်ပျိုးထုတ်လုပ်မှုအများဆုံးနိုင်ငံလို့သိရှိပါတယ်။ ဒုတိယအများဆုံးနိုင်ငံလို့ သိရှိရပါတယ်။ အများဆုံးနိုင်ငံဟာ အာဖဂန်နစ္စတန်နိုင်ငံဖြစ်ပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဘာကြောင့်မို့လို့ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုများရသလဲဆိုတာကို ပြန်ကြည့်လို့ရှိရင် ဒီနိုင်ငံနှစ်ခုဟာ နယ်မြေအနေအထားနဲ့ ကျွန်တော်တို့ ဒီအစိုးရနဲ့ လက်နက်ကိုင်အဖွဲ့အစည်း ယှဉ်ပြိုင်တိုက်ခိုက်နေကြတဲ့ အနေအထား အတူတူပဲဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အာဖဂန်နစ္စတန်နိုင်ငံမှာလည်း ဒီဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို လျှော့ချဖို့ မရနိုင်၊ ခက်ခဲတာရှိသလို၊ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ဒီအခက်အခဲတွေရှိနေတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အရင်ခေတ် နယကခေတ်တုန်းကလည်း ၁၉၉၉ ခုနှစ်ကနေပြီးတော့ ၂၀၁၄ ခုနှစ်အထိ (၁၅)နှစ်စီမံကိန်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီ(၁၅)နှစ်စီမံကိန်းမှာလည်း ၂၀၀၆ ခုနှစ်အထိလောက်ပဲ ဆောင်ရွက်မှုဟာ တိုးတက်လာတာတွေ့ရပြီးတော့၊ ၂၀၀၇ ခုနှစ်ကစပြီးတော့ ဒါခုအချိန်ထိ ထုတ်လုပ်မှုနဲ့ စိုက်ပျိုးမှုဟာ ပိုမိုပြီးတော့တိုးတက်၊ ပြန်ပြီးတော့တိုးတက်လာတာကို တွေ့ရပါတယ်။

အဲဒီတော့ အခုတစ်ခါ ၂၀၁၄-၂၀၁၅ ကနေပြီးတော့ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ ဒါ (၅)နှစ်တာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးစီမံကိန်းကို ဆက်လက်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတော့ မူးယစ်ဗဟိုကိုလည်း ကျွန်တော်တို့ဖွဲ့စည်းပြီးတော့ အဲဒီမှာလည်း သူ့ရဲ့လုပ်ငန်း မူးယစ်ဗဟိုရဲ့အောက်မှာ ကော်မတီတွေ အဆင့်ဆင့်ဖွဲ့စည်းပြီးတော့ ဆောင်ရွက်နေတာရှိပါတယ်။

အလားတူပဲ ကျွန်တော်တို့တိုင်းဒေသကြီးပြည်နယ်တွေမှာလည်း မူးယစ်တားဆီးရေးအဖွဲ့တွေကို ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအထိ ဖွဲ့ပြီးတော့ ဆောင်ရွက်နေတာ ရှိပါတယ်။ အဲလိုဆောင်ရွက်တဲ့ အခါမှာလည်း မဟာဗျူဟာ (၂)ရပ်၊ နည်းဗျူဟာ (၃)ရပ်၊ နည်းနိဿယ (၃)ရပ်နဲ့ ဆောင်ရွက်နေတာ ရှိပါတယ်။ ဆောင်ရွက်တဲ့လုပ်ငန်းစဉ်တွေကို လေ့လာတဲ့အခါမှာလည်း တကယ် ကျွန်တော်တို့ရဲ့ ပကတိ အခြေအနေနဲ့ အင်မတန်သင့်မြတ်လျော်ညီတဲ့ အနေအထားကို တွေ့ရပါတယ်။

ဒါပေမယ့်လည်း အဲဒီမှာ ကျွန်တော်တို့ ဒီ ရည်မှန်းချက်ကိုအောင်မြင်ဖို့အတွက် အခက်အခဲ (၃)ချက်လောက်ရှိတယ်လို့ ကျွန်တော့်အနေနဲ့ တွေ့မြင်ပါတယ်။ ပထမအချက်ကဘာလဲ ဆိုလို့ရှိရင် ပထမအချက်ကတော့ ကျွန်တော်တို့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို တားဆီးဖို့အတွက် စိုက်ပျိုးထုတ်လုပ်တဲ့နေရာတွေဟာ လူသူအရောက်အပေါက်နည်းတဲ့၊ သွားလာဖို့ခက်ခဲတဲ့ တကယ့်တောင်ပေါ်ဒေသတွေမှာ၊ အနက်ရောင်၊ အညိုရောင်နယ်မြေတွေမှာ ရှိနေတဲ့နေရာတွေဖြစ်ပါတယ်။ အဲဒီနေရာတွေက အဲဒီနေရာမှာ စိုက်ပျိုးတဲ့ဟာတွေက သွားရောက်ဖျက်ဆီးဖို့ဆိုတာ မလွယ်ကူလှပါဘူး။ ဒါ(၁)ချက် ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ အဲဒီမှာဖွဲ့စည်းထားတဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့တွေမှာ အဆင့်ဆင့်ဖွဲ့စည်းထားတဲ့ ပုဂ္ဂိုလ်တွေကလည်း သူတို့မှာ ဌာနတွေရဲ့ ပေးအပ်ထားတဲ့ တာဝန်တွေက များပြားပါတယ်။ သူတို့တာဝန်နဲ့သူတို့ ပိနေတဲ့အချိန်မှာ ဒီ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး တာဝန်ကို သီးခြား ဆောင်ရွက်ဖို့ဆိုတာ အများကြီးအချိန်လိုအပ်ပါတယ်။ သူတို့အတွက် အချိန်လိုအပ်ပါတယ်။

ဒါကြောင့်မို့ ဒီအချက်တစ်ချက်ရယ်၊ နောက်တစ်ချက်ကတော့ ဘတ်ဂျက်အခက်အခဲ ဖြစ်ပါတယ်။ ရန်ပုံငွေ နိုင်ငံတကာက ကူညီထောက်ပံ့နိုင်မှုတွေ ဒီငွေ ငွေရှိမှ ကျွန်တော်တို့ဒီဟာကို အပြည့်အဝ ဆောင်ရွက်လို့ရမှာပါ။ ဘတ်ဂျက်မရှိရင် ဘယ်လိုမှဆောင်ရွက်လို့ရနိုင်တဲ့ အနေအထားမှာမရှိပါဘူး။ အခု ဘတ်ဂျက်တွေကိုပြန်ကြည့်လိုက်လို့ရှိရင်လည်း ဒီ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် ဘတ်ဂျက် သီးခြားတင်ပြ တောင်းခံထားတာ မတွေ့ရပါဘူး။ အဲဒီတော့ ဘယ်လိုအစီအစဉ်နဲ့ ဆောင်ရွက်နေသလဲ ဆိုတဲ့အခါကြတော့ ကျွန်တော်တို့ လမ်းတံတား အဆောက်အဦတွေ၊ နောက် ကျမ်းမာရေး၊ ပညာရေး ဆောင်ရွက်မှုတွေ၊ နောက် ငွေအရင်းအနှီး ထုတ်ပေးတာတွေ၊ ငွေစုငွေချေးတွေ ဒီဟာတွေ ကျွန်တော်တို့ လုပ်ပေးပါတယ်။

အဲဒီလုပ်ပေးတယ် ဆိုတဲ့ဟာကလည်း ဒါက လုပ်ပေးတယ်ဆိုတဲ့ဟာက ကျွန်တော်တို့ ဒီ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ သွားပြီးတော့ လုပ်ငန်းသဘောသဘာဝ အတူတူပဲ ဖြစ်ပါတယ်။ အဲဒီအဖွဲ့ရဲ့ အစီရင်ခံစာမှာလည်း ဆင်းရဲ နွမ်းပါးမှုလျှော့ချရေး၊ ပညာရေး၊ ကျန်းမာရေး၊ ခုနတုန်းက မွေးမြူရေးက၊ စိုက်ပျိုးရေးကလုပ်တဲ့ လုပ်ငန်းတွေကိုပဲ သူတို့ဒီဟာကိုပဲဆောင်ရွက်ပြီးစီးပါတယ်။ အတိုင်းအတာ ဘယ်လောက်ထိရှိပါတယ် ဘာညာ၊ ဆိုပြီးတော့၊ ဒီလိုပဲအစီရင်ခံတာဖြစ်ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် သူတို့မှာ ဘတ်ဂျက်မရှိဘူး။ စီမံချက်တော့ သီးခြားဆောင်ရွက်နိုင်တဲ့ အနေအထားမှာမရှိဘူး။ အဲဒီလို အနေအထားလေးတွေ ရှိပါတယ်။

အဲဒီတော့ ဒီ(၃)ချက်ကိုတော့ ဒါ ကျွန်တော်တို့အနေနဲ့ (၅)နှစ်တာကာလ စီမံကိန်းကို အောင်မြင်အောင်ဆောင်ရွက်မယ်ဆိုလို့ရှိရင် အဲဒီ(၃)ခုထဲက ဖြစ်နိုင်တဲ့ဟာကိုတော့ ဖြည့်စွမ်းပေးရမှာ ဖြစ်ပါတယ်။ မဖြည့်စွမ်းပေးနိုင်ဘူးဆိုရင် ယခင် (၁၅)နှစ်တာကာလလိုပဲ ဒါ ရည်မှန်းချက် အပြည့်အဝ

အောင်မြင်မှာမဟုတ်ဘူးလို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ အဲဒီတော့ ဘိန်းစိုက်ပျိုးမှုဟာ ကျွန်တော် တို့ ရှမ်းပြည်မှာက တစ်နိုင်ငံလုံးစိုက်ပျိုးမှုရဲ့ (၉၂)ရာခိုင်နှုန်းလောက်ရှိတယ်လို့ ပြောပါတယ်။ အဲ ကျွန်တော်တို့ ကချင်ပြည်နယ်က ဒုတိယအများဆုံး ဖြစ်ပါတယ်။ သို့သော်လည်းပဲ ၂၀၁၃ ခုနှစ်၊ ဆေးဝါး ကုသမှုအလိုက် ပြန်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ကချင်ပြည်နယ်က ဆေးရုံတက်ဆေးကုတာ က (၄၀) ရာခိုင်နှုန်းလောက်ပြီးတော့ ရှမ်းပြည်နယ်က (၂၀)ရာခိုင်နှုန်းပဲရှိပါတယ်။

အဲဒီတော့ ဆိုလိုတာက တကယ်ထုတ်လုပ်တာက ရှမ်းပြည်နယ်မှာ များသောအားဖြင့် ထုတ်လုပ်ပြီးတော့ တကယ်သုံးစွဲတာက ကျွန်တော်တို့ ကချင်ပြည်နယ်မှာလာပြီးတော့ သုံးစွဲတဲ့သဘော ဒါ ဖြစ်နေတာကိုလည်း တွေ့ရပါတယ်။ အဲဒီတော့ ကချင်ပြည်နယ်မှာ သုံးစွဲမှုတွေကလည်း အခုန တုန်းက ဦးဂျေယောဝူ ရော၊ ဦးခက်ထိန်နန် ရော ဒါတင်ပြပြီး ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကချင် ပြည်နယ်မှာ ကျွန်တော်တို့ငယ်စဉ်ဘဝတုန်းကဆိုလို့ရှိရင် ရွာတွေမှာဘိန်းစားတဲ့သူ (၂)ဦး၊ (၃)ဦး လောက်ပဲ ရှိပါတယ်။ အရက်သမားဆိုတာ လေးငါးဦးလောက် ရှိပါတယ်။ အဲဒီတော့ နံပါတ်ဖိုး ဆိုတာ ကျွန်တော်တို့ (၉)တန်း၊ (၁၀)တန်းလောက်က စပြီးတော့ ခေတ်ထလာတဲ့ကာလ ဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ တပ်ထဲရောက်ပြီးတော့ (၁၀)နှစ်၊ (၁၅)နှစ်လောက် ကြာပြီးတော့ မိုးကောင်း ပြန်ရောက် တဲ့အခါကျတော့ ကျွန်တော်တို့ သူငယ်ချင်းတွေကို မေးကြည့်တဲ့အခါမှာ တော်တော် များများ ဟာ ဒါ မူးယစ်ဆေးဝါးကြောင့် သေဆုံးကုန်ကြပြီဖြစ်ပါတယ်။

အခုဆိုလို့ရှိရင်လည်း ကျွန်တော်တို့ ပြန်သွားလို့ရှိရင် ရပ်ကွက်ကပြည်သူတွေကနေပြီးတော့ ပြောပြပါတယ်။ ကျွန်တော်တို့ရပ်ကွက်တွေမှာ မူးယစ်ဆေးဝါးမသုံးစွဲတဲ့အိမ်ဆိုလို့ရှိရင် မရှိသလောက် ပါပဲတဲ့ ဒီလိုလေးတွေ ပြောကြပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲတဲ့အိမ် လက်ညှိုးထိုးမလွဲ ဒီလောက် သုံးစွဲနေကြပါတယ်လို့လည်း ပြောဆိုနေကြပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ဒေသတွေမှာ မူးယစ် ဆေးဝါးဟာ မူးယစ်ဆေးဝါးရဲ့ ကျေးကျွန်ကိုရောက်နေကြတဲ့ လူငယ်၊ လူရွယ်တွေ တော်တော်များများ ရှိနေပြီ ဆိုတာလေးကို ကျွန်တော်က ဒါကို တင်ပြလိုခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီကျွန်တော်တို့ အစိုးရကလည်း ဒီမူးယစ်ဆေးဝါးတိုက်ဖျက်ရေး စီမံချက်ထဲမှာ သူ ဆေးဝါးကုသမှုဌာနတွေ၊ လူငယ် ပြုစုပျိုးထောင်ရေးစခန်းတွေ ဒါ ဆောင်ရွက်ထားပါတယ်။ ဆေးဝါးကုသရေးဌာနကြီး၊ ဌာနငယ်အနေနဲ့ (၇၃)ခုရှိပြီး လူငယ်ပြုစုပျိုးထောင်ရေးဌာနအနေနဲ့ (၂)ခု၊ ရွှေပြည်သာ၊ ရွှေပြည်သစ် ဆိုပြီး ဖွင့်လှစ်ထား တာရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့မြစ်ကြီးနားမှာ မူးယစ်ဆေးဝါးတိုက်ဖျက်တဲ့၊ ကုသတဲ့ဆေးရုံ ရှိပါတယ်။ အဲ ရှိတော့ ဒီဆေးရုံတက်ရောက်မှုအနေအထားကို မေးကြည့်တဲ့အခါမှာလည်း တော်တော် များများဟာ လာပြီးတော့ ဆေးကုသမှုမရှိဘူးလို့ သိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီ ဆေးကုသမှုတော့ လုပ်တယ်။ တကယ်တမ်းကျတော့ ဆေးကုသတဲ့လူက မရှိဘူးဖြစ်နေပါတယ်။ အဲဒီလိုအနေအထား လေးဖြစ်ပါတယ်။ အဲဒီတော့ ဆိုတဲ့အခါကျတော့ ကျွန်တော်တို့အဆိုရှင် ဦးဖေသောင်း ဆွေးနွေးတဲ့ အတိုင်း ကျွန်တော်တို့မြို့နယ်တွေမှာ မူးယစ်ဆေးဝါးဆေးစွဲနေတဲ့ လူငယ်တွေကို အခြေခံလေ့ကျင့်ရေး စခန်းလေး တွေ ဒါလူထုအခြေပြု၊ အခြေခံလေ့ကျင့်ရေးစခန်းလေးတွေ ကျွန်တော်တို့ တည်ထောင်ပေးမယ်ဆိုလို့ ရှိရင် အဲဒီတော့အခုနတုန်းက မူးယစ်ဆေးစွဲနေတဲ့သူတွေကလည်း ဒီအခြေခံစခန်းမှာ လာရောက်ပြီးတော့ ဆေးကုသမှုတွေ ဒါဆောင်ရွက်လာကြမှာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ အခြေခံစခန်းလေးတွေကို မြို့နယ်အလိုက် ကျွန်တော်တို့ ဒါ တည်ထောင်ပေးမယ်ဆိုလို့ရှိရင် ရနိုင်မယ့်ကျေးဇူးတွေကို ကျွန်တော့်အနေနဲ့ ဒီမှာတင်ပြလိုပါတယ်။ အဲဒီတော့ မြို့နယ်အလိုက် ပညာပေးလှေ့ကျင့်ရေး စခန်းတွေရှိတဲ့ အတွက်ကြောင့်မို့ ပညာပေးစည်းရုံးမှုဟာ ပိုမိုပြီးတော့ ထိရောက်စွာဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ နောက်နယ်မြေခံ အလှူရှင်တွေ ဆီကနေပြီးတော့လည်း ရန်ပုံငွေထည့်ဝင်လာနိုင်တဲ့ အနေအထားမှာရှိပါတယ်။ မိမိနယ်မြေမှာရှိတဲ့ ဆေးစွဲတဲ့လူငယ်တွေကလည်း ပြန်လည်ထူထောင်ရေး အခြေခံစခန်းကို သွားရောက်ပြီးတော့ ကုသလိုသူများကို များပြားလာစရာအကြောင်းရှိပါတယ်။ အဲဒီတော့ မိမိဆွေမျိုးသားချင်းများရဲ့ အနီးကပ်ခွေးထွေးမှုကို ရရှိတဲ့အတွက် စိတ်ဓာတ်ရေးရာအပိုင်းကလည်း အများကြီး သူတို့အတွက် ဒါ ဆေးကုသဖို့၊ ပြန်ပြီးတော့ ထူထောင်နိုင်ဖို့အများကြီး စိတ်ဓာတ်အင်အားတိုးပွားနိုင်မှာ ဖြစ်ပါတယ်။

မိဘများကလည်း မိမိရဲ့ဒေသမှာမိမိရဲ့ သားသမီးများကို သွားရောက်ပြီးတော့ ဆေးကုသရတဲ့အတွက်၊ အခြေခံစခန်းကိုပို့ထားရတဲ့အတွက်၊ မိမိရဲ့အနီးကပ်မှာရှိတဲ့ စိတ်ပူပန်မှုကိုလည်း ဒါဖြေလျှော့နိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ ဒီဆေးဝါးတိုက်ဖျက်ရေးလူထုလှုပ်ရှားမှုကိုလည်း မြို့နယ်အလိုက်က ဖိဖိစီးစီးဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ နောက် မူးယစ်ဆေးဝါး မစွဲသေးသူများကလည်း မိမိမြို့နယ်မှာ ရှိတဲ့ မူးယစ်ဆေးစွဲသူတွေရဲ့ အခြေခံစခန်းတွေ၊ အဲဒီမှာ ဆေးကုသနေတာတွေ၊ ပညာပေးသင်တန်းတွေ လုပ်ပေးနေတာတွေ ဒါတွေကိုကြည့်ခြင်းအားဖြင့် ၎င်းတို့အနေနဲ့လည်း မူးယစ်ဆေးကို သုံးစွဲခြင်းမှ ရှောင်ရှားနိုင်တဲ့ အနေအထားကို ရရှိသွားနိုင်မှာ ဖြစ်ပါတယ်။

အဲဒီတော့ ဒါကြောင့်မို့ အဆိုရှင် ဦးဖေသောင်း ရဲ့ အဆိုဖြစ်တဲ့ ဒါ မြို့နယ်တိုင်းမှာ လူထုအခြေပြု အစိုးရဌာနဆိုင်ရာများ INGO များ, NGO များနဲ့ ဒါ ပူးပေါင်းပြီးတော့ မြို့နယ်အလိုက် လူထုပညာပေး အခြေခံစခန်းတွေကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ဖို့ အဆိုကို ကျွန်တော့်အနေနဲ့ အလေးအနက် ထောက်ခံရင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၄၉။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၃း၄၉ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၄း၀၄ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၀၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၄း၁၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင် (ခ)ရှားဘူးဖော့ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၀။**

**ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော် ဦးဖေသောင်း တင်သွင်းသွားတဲ့ အဆိုကို ကျွန်တော် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောအောင်ကျော်နိုင် မှ ဖြည့်စွက်အကြံပြုပြီး အကျဉ်းချုံ့ ထောက်ခံဆွေးနွေးသွားပါမယ်။ ကျွန်တော့်အား ဖတ်ကြားဆွေးနွေးခွင့်ပြုပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်ုပ်တို့နိုင်ငံမှာ မူးယစ်ဆေးဝါး ကူးစက်မှုရောဂါကြီးဟာ ဖွဲမီးကဲ့သို့ တစ်ငွေ့ငွေ့၊ တစ်ရိပ်ရိပ်ကူးစက် လောင်ကျွမ်းနေသလို တောရောမြို့ပါမကျန် လူထုလူတန်းစားအမျိုးမျိုး၊ လူကြီး၊ လူငယ်၊ လူလတ်၊ မိန်းမ၊ ယောကျ်ား အပါအဝင် မျိုးဆက်သစ်ကျောင်းသားလူငယ်များကအစ ဌာနဆိုင်ရာ ဝန်ထမ်းများအဆုံး ကူးစက်လောင်ကျွမ်းလာပြီဆိုတာ အထူးပြောစရာတော့ မလိုတော့ပါဘူး။ ဒါကြောင့် ကာကွယ်တားဆီးဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိနေပြီလို့ ဆိုချင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ ဒသမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့မှာ ကိုယ်စားလှယ်တော် ဦးခက်ထိန်နန် ရဲ့အဆိုကို ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်ရဲ့ လက်ရှိအခြေအနေနဲ့ ချိန်ထိုးပြီးတော့ သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း စတဲ့ကိစ္စတွေကို လက်တွေ့ သာဓကများနဲ့ ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်တဲ့အတွက် အထူးမဆွေးနွေးလိုတော့ပါဘူး။ အခု အဆိုရှင် ဦးဖေသောင်း ရဲ့ အဆိုထဲကနေပြီးတော့ ကောက်နုတ်ပြီး မူးယစ်ဆေးဝါးရဲ့ကျေးကျွန်ဘဝအဖြစ်သို့ ရောက်ရှိနေကြတဲ့ လူငယ်များ လမ်းမှားပေါ်မရောက်ရှိစေရန်နဲ့ လူသားအရင်းအမြစ်မဆုံးရှုံးဖို့အတွက် ပြုစုပျိုးထောင်ပေးနိုင်မယ့် စီမံကိန်းမျိုးကိုပဲ အနည်းငယ်အကြံပြုဖြည့်စွက်ဆွေးနွေးသွားပါမယ်။

ကျွန်တော်တို့ (၁၅)နှစ်စီမံကိန်းစတင်ခဲ့တဲ့ ၁၉၉၉-၂၀၀၀ ကနေပြီးတော့ ၂၀၁၂-၂၀၁၃ ဘိန်းစိုက်ပျိုးမှု (၄၆.၉)ရာခိုင်နှုန်းလျှော့ချနိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒါပေမဲ့ တစ်ဖက်က ကျွန်တော်တို့ကရင်ပြည်နယ်အပါအဝင် စိတ်ကြွရူးသွပ်ဆေးပြားဆေးဝါးပြဿနာဟာ ဒေသအသီးသီးမှာကြီးထွားလာပြန်တဲ့အတွက် အလွန်မှစိုးရိမ်ဖွယ်ရာ ကိစ္စရပ်တစ်ခုအဖြစ် ယနေ့အထိကို ထပ်မံရင်ဆိုင်ဖြေရှင်းနေရဆဲ ဖြစ်ပါတယ်။ အဲဒီလိုဖြေရှင်းတဲ့နေရာမှာ မူးယစ်ဆေးဝါးနဲ့စိတ်ကို ပြောင်းလဲစေသော ဆေးဝါး များ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များကို တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နဲ့ ကျေးရွာ၊ ရပ်ကွက်အုပ်စုများမှာ ကျွန်တော်တို့ ဖွဲ့စည်းထားပေမယ့်လည်း လက်တွေ့မှာ ထိထိရောက်ရောက် မဆောင်ရွက်နိုင်ကြတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားများ အားလုံးက အမျိုးသားရေး တာဝန်တစ်ရပ်အနေနဲ့ ဝိုင်းဝန်းကူညီပါဝင် ဆောင်ရွက်ပေးနိုင်ကြဖို့ကိုလည်း တိုက်တွန်းဆွေးနွေးလိုပါတယ်။ ဒါမှသာ မိမိတို့ရဲ့နိုင်ငံရဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကို ပြည်ထောင်စုတာဝန်ရှိ

အစိုးရအဖွဲ့များနဲ့ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်တဲ့ မဟာဗျူဟာ၊ နည်းဗျူဟာများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မှသာလျှင် ရဟန်းရှင်လူပြည်သူတစ်ရပ်လုံးက စိတ်အေးချမ်းသာမှုကို ရရှိစေနိုင်တော့မှာဖြစ်ပါတယ်။

ယခု ကျွန်တော်ဖြည့်စွက် ဆွေးနွေးလိုတာကတော့ မူးယစ်ဆေးရဲ့ကျေးကျွန် ဘဝကိုရောက်ရှိနေကြတဲ့ ကျောင်းသား၊ လူငယ်၊ လူရွယ်၊ လူကြီးများကို အဓိကကတော့ ကျောင်းသားလူငယ် လူရွယ်များကို ဖမ်းဆီးအရေးယူထောင်ချခြင်း၊ အလုပ်ကြမ်းခိုင်းခြင်း၊ ရဲဘက်စခန်းများကို ပို့ဆောင်ခြင်းစတဲ့ အလုပ်များကို ဆောင်ရွက်ကြရုံနဲ့တော့ မူးယစ်ဆေးဝါးအန္တရာယ် မပျောက်ကွယ်သွားနိုင်သလို လူသားအရင်းအမြစ်ပါဆုံးရှုံးသွားမယ်လို့ ယူဆမိပါတယ်ခင်ဗျား။ တစ်နိုင်ငံလုံးနေရာအနှံ့ဆိုသလို ကူးစက်ပျံ့နှံ့ပြီးတော့ မူးယစ်ဆေးစွဲလူငယ်များကို ဖမ်းဆီးအရေးယူထောင်ချ၊ ရဲဘက်ပို့၊ အလုပ်ကြမ်းခိုင်းတဲ့ အပြစ်ပေးအရေးယူတာမျိုးထက် မြို့နယ်တိုင်းမှာ မူးယစ်ပညာပေး လေ့ကျင့်စခန်းကြီးများကို စနစ်တကျ အစီအမံများချမှတ်ပြီး ဆောင်ရွက်ပေးနိုင်မယ်ဆိုပါက ကျောင်းသားနဲ့လူငယ် လူရွယ်များရဲ့ဘဝ အမှန်တကယ်လမ်းကြောင်းမှန်ပေါ်သို့ ဧကန်မလွဲ လျှောက်လှမ်းနိုင်ကြမှာ ဖြစ်တယ်လို့ ယူဆမိတဲ့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ အလေးအနက်ထား စဉ်းစားဆောင်ရွက်ပေးစေလိုကြောင်း အကြံပြုဆွေးနွေးရခြင်း ဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား မူးယစ်ဆေးဝါးကြောင့် တွေ့မြင်ရတဲ့သာဓက Slide လေးအနည်းငယ်တင်ပြခွင့်ပြုပါ။ ဒါကျွန်တော်တို့ ကရင်ပြည်နယ်ရဲတပ်ဖွဲ့ ရဲ့ မူးယစ်ဆေးဝါး နဲ့ပတ်သက်ပြီး ဖမ်းဆီးထားတဲ့ အထောက်အထားကို ကျွန်တော် တောင်းယူတင်ပြထားခြင်း ဖြစ်ပါတယ်။ ဒါက ၂၀၁၃ ခုနှစ် ကရင်ပြည်နယ်အတွင်းမှာဖမ်းမိတဲ့၊ မြို့နယ်အလိုက်ဖမ်းမိတဲ့အနေအထား၊ ဒါ ဖမ်းမိတဲ့အနေအထားဟာ ဆိုရင် ဒါ လက်ရှိဖြစ်ပေါ်နေတဲ့ အနေအထားနဲ့ အပုံတစ်ရာတစ်ပုံ၊ ဆယ်ပုံ အဲဒီလောက်ပဲ ရှိပါတယ်။ အပြင်လောကမှာ ဒါတွေ အများကြီးဖြစ်နေတာ တွေ့ရပါတယ်။ ဒါ ၂၀၁၄ ခုနှစ်မှာ ဖမ်းဆီးမိရတဲ့ Data တွေပါ။ ဒါတောင် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှာတင် ဖမ်းမိတဲ့အမှုဟာ ကျွန်တော် လက်ရှိသိရသလောက်ဆိုရင် တော်တော်လည်းများများ ဆက်လက်ဖမ်းမိနေတယ်လို့ တွေ့ရပါတယ်။ ဒါကိုလည်း ခပ်သွက်သွက်လေးချိန်ပေးပါ။ ဒါ ဖမ်းမိတဲ့ပုံစံအမျိုးမျိုးကို ကျွန်တော်တင်ပြ ထားခြင်းဖြစ်ပါတယ်။ ဒီဖမ်းမိတဲ့ ပုံစံအမျိုးမျိုးထဲမှာ အခုနလို လက်နက်၊ ခဲယမ်း၊ ငွေကြေး၊ ပစ္စည်း အဓိကကတော့ ကျွန်တော်တို့ ရာမ ခေါ်တဲ့ စိတ်ကြွမူးယစ်ဆေးဝါးကို အဓိကကို ကရင်ပြည်နယ်မှာ အဖမ်းမိဆုံးဖြစ်တာကို တင်ပြခြင်းဖြစ်ပါတယ်။ ဒါကတော့ တချို့ကိုသာ ကောက်နုတ်တင်ပြထားခြင်း ဖြစ်ပါတယ်။

အဲဒီအပြင်နောက်တစ်ခုက အဲဒီမူးယစ်ဆေးဝါးကိုသုံးစွဲပြီးတော့ မူးယစ်ဆေးဝါးရဲ့ဆိုးကျိုးဆိုးဆိုးဝါးဝါးကျွန်တော်တို့ အသက်ဆုံးရှုံးခဲ့ရတဲ့ Accident ပုံစံကိုတော့ ကျွန်တော် ထုတ်နုတ်ပြီး မတင်ပြတော့ပါဘူး။ ဒါ ဖမ်းမိတဲ့ အနေအထားလေးကိုပဲ တင်ပြတာပါ။ ခပ်သွက်သွက်လေးထိုးပြပါ။ ဟုတ်ကဲ့ အဲဒါလေးက ကျွန်တော်တို့ အခုနက ပြောတဲ့ ပညာပေးလုပ်ငန်းတွေမှာ ရံဖန်ရံခါ သို့တည်းမဟုတ် တစ်နှစ်ကို တစ်ကြိမ်၊ နှစ်ကြိမ်လောက်သာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ပညာပေးရေးဆောင်ရွက်နေတဲ့ပုံကို တင်ပြခြင်းဖြစ်ပါတယ်။ ဒါကတော့ ငြိမ်းချမ်းရေး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကလည်း တစ်နှစ်တစ်ကြိမ် အလျဉ်းသင့်သလိုတော့ ဆွေးနွေးပါတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း ကျေးရွာလူထုနဲ့ တွေ့ဆုံတဲ့အကြိမ်တိုင်းမှာ ဒီမူးယစ်ဆေးဝါးနဲ့ ပတ်သက်သမျှကို သိသလောက်၊

တတ်သလောက်၊ မှတ်သလောက် တွေ့မြင်ရတဲ့အခြေအနေပေါ်မှာပဲ ဆွေးနွေးပညာပေးကဏ္ဍလေး ကိုလည်း ဆွေးနွေးခဲ့ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဟုတ်ကဲ့။ အဲဒါကြောင့်မို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကာကွယ်တားဆီးရေးဗဟိုအဖွဲ့က ဖွဲ့စည်း ထားတဲ့ (၁၀)ဖွဲ့ထဲက အဓိကအချက်ဖြစ်တဲ့ (၁) ဆေးကုသမှုအဖွဲ့၊ (၂) ပြန်လည်ထူထောင်ရေးအဖွဲ့၊ (၃) ကျောင်းသားလူငယ်လူရွယ်များအား ပျိုးထောင်အသိပညာပေးရေးအဖွဲ့၊ (၄) ပြည်သူများကို လှုံ့ဆော် ပညာပေးရေးအဖွဲ့တို့ကို ဦးစားပေးဆောင်ရွက်ပေးခြင်းဖြင့် ယခုနှစ်တို့ နောက်ထပ် (၅)နှစ်တာ ကာလ စီမံကိန်းကလည်း ပြည်သူလူထုဗဟိုပြုပြီး ဘက်စုံထောင့်စုံကနေ တောင်ပေါ်မြေပြန့် တိုင်းရင်းသားပါ မကျန် ပြည်သူစည်းရုံးလှုပ်ရှားမှုအားနဲ့ ငွေအားပါပေါင်းပြီး စနစ်တကျ ဆောင်ရွက်သွားနိုင်မှသာလျှင် အခြေအနေအမျိုးမျိုးကြောင့် လမ်းမှားပေါ် လျှောက်လှမ်းနေကြတဲ့ မူးယစ်ကျေးကျွန်လူငယ်များကို စနစ်တကျပြုစုပျိုးထောင် ပညာပေးလိုက်ခြင်းအားဖြင့် လူငယ်တွေဟာ တိုင်းပြည်အတွက် အဖိုးတန်တဲ့ သားကောင်းရတနာများဖြစ်တဲ့ ကာကွယ်ရေး သားကောင်းများ၊ အစိုးရဌာန ဝန်ထမ်းကောင်းများ၊ တိုင်းပြည် အတွက် အားကစားသမားကောင်းများနဲ့ နိုင်ငံတော်ရဲ့ အလုပ်သမားကောင်းများ၊ လယ်သမားကောင်းများ ဖြစ်လာကြမှာဖြစ်သလို အဓိကကောက်နုတ်ပြောချင်တာက ကျွန်တော်တို့ လူသားအရင်းအမြစ်သယံဇာတ၊ ပစ္စည်းသယံဇာတတွေနဲ့ ပေါင်းစပ်ပြီးတော့ အသေးစား၊ အလတ်စားလုပ်ငန်းကို ဘိန်းအစားထိုး လုပ်ငန်းဖြင့် ဥပဒေ၊ နည်းဥပဒေတွေကို ပိပြင်စွာ ပြုပြင်ပြီး၊ ရေးဆွဲပြီးတော့ စီးပွားရေးကောင်းအောင် ဆောင်ရွက်ရှာဖွေပေးခြင်းဖြင့်လည်း ကုစားပေးခြင်းဖြင့် ကျွန်တော်တို့ နောက်ဆုံး ဆွေမျိုးမိဘ၊ ညီအစ်ကို မောင်နှမများကိုပါ အထောက်အကူပြုလာနိုင်ကြမယ့် ကျောင်းသားလူငယ်၊ သားကောင်းရတနာများ ဧကန်မုချဖြစ်လာကြမယ်လို့ ထင်မြင်ယူဆမိတဲ့အတွက် (၁) မူးယစ်ဆေးဝါး သုံးစွဲသူလူငယ်များကို မူးယစ်ကင်းစင်ပညာပေး စခန်းဖွင့်လှစ်၍ ကောင်းစွာပြုစုပျိုးထောင်ရန် လိုအပ်ခြင်း၊ (၂) လူငယ်များရဲ့ ဗလငါးတန်ပညာမှန်ကို ကောင်းစွာကြိုးစားကျင့်ကြံ ဆောင်ရွက်တတ်စေဖို့အတွက် စဉ်ဆက်မပြတ် ပညာပေးဟောပြောခြင်းများ လုပ်ဆောင်ပေးရန်လိုအပ်ခြင်း၊ (၃) မူးယစ်ဆေးဝါး သုံးစွဲနေကြတဲ့လူငယ် များဟာ မူးယစ်ကင်းစင် ပညာပေးလေ့ကျင့်ရေးစခန်းများကို အားကိုးအားထား ပြုချင်စိတ်များရှိပြီးတော့ မိမိသဘောဆန္ဒအတိုင်း လာရောက်လိုတဲ့စိတ်ဓာတ်များ ရှိလာစေရန် စည်းရုံး ဆောင်ရွက်ဖို့လိုအပ်ခြင်း၊ နောက်တစ်ချက်က တာဝန်ယူဆောင်ရွက်ကြမယ့် ပြည်သူ့ဗဟိုပြု အဖွဲ့အစည်းများ NGO, INGO အဖွဲ့အစည်းများနဲ့ ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်း ပုဂ္ဂိုလ်များအားလုံး စိတ်ရှည်သည်းခံ၊ စိတ်ရင်းစေတနာမှန်ဖြင့် လုပ်ငန်းအပေါ် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများရှိရန် လိုအပ်ခြင်း၊ နောက်ဆုံးအချက်ဖြစ်တဲ့ အဓိကမူးယစ်ဆေးဝါး သယ်ဆောင် ဖြန့်ဖြူး လက်လီလက်ကား အသေးအမွှား အဆင့်အထိ ရောင်းဝယ်ကြသူအားလုံးကို မျက်နှာမလိုက်၊ ဘက်မလိုက်ဘဲ၊ မည်သည့်အဆင့်၊ မည်သည့် ပုဂ္ဂိုလ်မျိုးကိုမဆို ဥပဒေအရ ထိထိရောက်ရောက် ဖော်ထုတ်အရေးယူခြင်းဖြင့် မူးယစ်ဆေးဝါးသုံးစွဲ လူငယ်များကို စည်းရုံးသိမ်းသွင်းခြင်း တစ်နည်းအားဖြင့် တစ်ဆင့်ဖမ်းဆီး သိမ်းသွင်းခြင်း၊ ဆေးဝါးကုသမှု ခံယူစေပြီးတော့ စခန်းသွင်းလေ့ကျင့်ပညာပေး ပျိုးထောင်မြှင့်တင်ခြင်း ဆောင်ရွက်ပေးပါက လူငယ်များရဲ့ နောင်အနာဂတ်ဘဝ သာယာလှပပြီး ကျွန်ုပ်တို့တိုင်းပြည်အတွက် ရလဒ်ကောင်းများ ဖြစ်လာနိုင်မည် ဖြစ်လာပါကြောင်း ဖြည့်စွက်အကြံပြု ဆွေးနွေးရင်း လေးစားစွာ နိဂုံးချုပ်လိုက်ပါတယ် ခင်ဗျား။

ငြိမ်းချမ်းရေးအဖွဲ့များမှ မူးယစ်ဆေးဝါးအသိပညာပေး ဟောပြောမှုမှတ်တမ်းဓာတ်ပုံများ (ပ)




ကျေးရွာလူထု တွေ့ဆုံပွဲများတွင် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး ဟောပြောမှုများ (ပ-၁)




**အချိန်၊ ၁၄း၂၂။**

**ဥက္ကဋ္ဌ။** ။ အဆိုနှင့် စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ပြန်လည် ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၂၂။**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး)။** ။ လေးစားအပ် ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး

မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ယခု ကချင်ပြည်နယ် အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း ရဲ့ အဆိုနဲ့ စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေး ဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း က ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ၁၉၆၁ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ ၁၉၇၁ ခုနှစ် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ ၁၉၈၈ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်သယ်ဆောင် ရောင်းဝယ်မှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးပါဝင် ဆောင်ရွက်လျက် ရှိပါတယ်။

မူးယစ်ဆေးဝါးပပျောက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ဖို့အတွက် မူးယစ်ဆေးဝါး အန္တရာယ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ကိုလည်း အဆင့်ဆင့်ပြင်ဆင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးတော့ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလမှာ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ကို (၁၀)ဖွဲ့နဲ့ ဒါ ဆောင်ရွက်ခဲ့တာလည်း အားလုံးသိရှိပြီး ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ရဲ့ ကွပ်ကဲမှုအောက်မှာ မူးယစ်ဆေးစွဲသူများကို ဆေးဝါးကုသပေးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့ ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့ မှာရှိတဲ့ ရွှေပြည်အေးလူငယ်များ ပြုစုပျိုးထောင်ရေးစခန်း၊ မူဆယ်မြို့နယ် တီးမကျေးရွာအနီးရှိ ရွှေပြည်သစ်လူငယ်များ ပြုစုပျိုးထောင်ရေး စခန်းနဲ့ ပြည်မြို့၊ ဝက်ထီးကန်ရှိ ရွှေပြည်သာ လူငယ်များ ပြုစုပျိုးထောင်ရေးစခန်း(၃) ခုတို့အား ဖွင့်လှစ်ထားရှိပြီးတော့မှ ကိုယ်တိုင်လာရောက် ဆေးဖြတ်သူ များနဲ့ မိဘတွေကလာရောက်ပို့အပ်တဲ့ ဆေးဖြတ်သူတွေကို အရေးယူခြင်းမပြုဘဲ ဆေးဖြတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လက်ရှိအချိန်မှာ ရွှေပြည်သာလူငယ်များ ပြုစုပျိုးထောင်ရေးစခန်း၊ ဝက်ထီးကန်တွင် မူးယစ်ဆေးစွဲသူ လူငယ်(၅)ဦးအား ဆေးကုသ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မူးယစ်ဆေးဝါးသုံးစွဲသူတွေဟာ မူးယစ်ဆေးစွဲလမ်းတဲ့ ဝေဒနာရှင်များအဖြစ် ရှုမြင်လာတဲ့ နိုင်ငံတကာအမြင် သဘောထားအရ ပြစ်မှုကြောင်းဖြင့် အရေးမယူဘဲနဲ့ ကျန်းမာရေးဆိုင်ရာ ပြဿနာ တစ်ခုအဖြစ် ရှုမြင်ပြီးတော့မှ ဆေးကုသပေးခြင်း၊ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများအား ဆောင်ရွက် ပေးလျက် ရှိပါတယ်။ မူးယစ်ဆေးသုံးစွဲသူတွေကို အရေးမယူဘဲနဲ့ ဆေးဖြတ်ကုသပေးနိုင်ဖို့အတွက် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနဲ့ ၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ပြုပြင်ရေးဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းများ ပါဝင်တဲ့ အလုပ်ရုံဆွေးနွေးပွဲကို UNODC ၏ ကူညီထောက်ပံ့မှုနဲ့ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှာ (၂)ကြိမ် ပြုလုပ်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆)ရက်ကနေ (၁၈) ရက်နေ့အထိလည်း နောက်ဆုံးအကြိမ် ပြုလုပ်မယ့် အမျိုးသားအဆင့် ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် သင့်လျော်မည့် မူးယစ်ဆေးဝါး ဥပဒေနှင့် နည်းဥပဒေမူကြမ်းများကို အတည်ပြုပြဋ္ဌာန်းနိုင်ဖို့အတွက် အကြံဉာဏ်ကောင်းများနဲ့ သဘောထားမှတ်ချက်များ ရယူပြင်ဆင်ရေးဆွဲနိုင်ရေးတွက် စီမံဆောင်ရွက် လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။

ရွှေပြည်အေး လူငယ်ပြုစုပျိုးထောင်ရေးစခန်းကို ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ် ကုန်းဆုံ ကျေးရွာအုပ်စု၊ ကသဲကျေးရွာအနောက်ဘက်၊ အောင်ပန်း-လွိုင်ကော်ကားလမ်းမကြီး၊ မိုင်တိုင်အမှတ်

(၆၈/၄) မှ အတွင်းဘက် (၁)မိုင်ခန့်အကွာမှာ တည်ရှိပြီးတော့ ၁၆-၁၀-၁၉၈၃ မှ ၆-၆-၂၀၀၅ ရက်နေ့ အထိ သင်တန်းသား (၄၆၅)ဦးကို လက်ခံလေ့ကျင့်ပြုစု ပျိုးထောင်ပေးနိုင်ခဲ့ပါတယ်။ ရွှေပြည်သစ် လူငယ်များ ပြုစုပျိုးထောင်ရေးစခန်းကို ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်၊ တီးမကျေးရွာအနီး လားရှိုး-မူဆယ် ကားလမ်းမကြီးဘေး နမ့်အွမ်ကျေးရွာ၊ အရှေ့တောင်ဘက် (၆)မိုင်ခန့်အကွာမှာတည်ရှိပြီးတော့ ၃-၁၂-၂၀၀၇ ကနေ့ ၆-၄-၂၀၁၁ အထိ သင်တန်းသား (၃၉၂)ဦးကို လက်ခံလေ့ကျင့် ပျိုးထောင်ပေးနိုင်ခဲ့ ပါတယ်။ ရွှေပြည်သစ် လူငယ်များ ပြုစုပျိုးထောင်ရေးစခန်းကို ၂၄-၉-၂၀၁၁ ရက်နေ့ကနေ စပြီးတော့ နယ်မြေလုံခြုံရေးအရ ပိတ်သိမ်းထားခဲ့ရတာ ဖြစ်ပါတယ်။ ရွှေပြည်သာလူငယ်များ ပြုစုပျိုးထောင်ရေး စခန်းဗဟိုဟာ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ဝက်ထီးကန်ကျေးရွာမှ မြောက်ဘက်(၂)မိုင်ခန့်အကွာမှာ တည်ရှိပြီးတော့မှ သင်တန်း တစ်ပတ်စဉ်လျှင် သင်တန်းသား (၅၀)ဦးစီနဲ့ ၁၉၈၂ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အထိ (၄၆၈၀) ဦးကို လေ့ကျင့်ပြုစုပျိုးထောင် ပေးနိုင်ခဲ့ပါတယ်။

ဒီ ဖော်ပြပါ လူငယ်များ ပြုစုပျိုးထောင်ရေးစခန်းတွေကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေး ဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာန၊ စက်မှု နဲ့ အသက်မွေးပညာဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့မှ ဝန်ထမ်းများနဲ့ ပေါင်းစပ်ဖွဲ့စည်း ပြီးတော့မှ သက်ဆိုင်ရာ လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ သင်တန်းရဲ့ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သက်သာချောင်ချိရေး၊ သင်တန်းသားများရဲ့ ကိုယ်လက် ကြံ့ခိုင်ရေး၊ အခြေခံစစ်ပညာသင်ကြားရေး၊ လေ့ကျင့်ရေးနဲ့ လုံခြုံရေးတာဝန်များကို တာဝန်ယူဆောင် ရွက်ပါတယ်။ ကျန်းမာရေးဦးစီးဌာန အနေနဲ့ ဆေးစွဲလူနာကုသရေး မှတ်ပုံတင်တာတွေ၊ မူးယစ်ဆေးဝါး အပေါ်မှာ ရုပ်ပိုင်းဆိုင်ရာစွဲလမ်းမှုရှိနေသေးလို့ရှိရင် ဆေးဖြတ်ပေးတာ အထွေထွေ ကျန်းမာရေး စောင့်ရှောက်ခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးခြင်း၊ မူးယစ်ဆေးဝါးနဲ့ ဆက်နွယ်တဲ့ရောဂါ တွေရဲ့ ဆိုးကျိုးတွေကို ခန္ဓာဗေဒ၊ ဇီဝဗေဒ၊ စီးပွားရေး၊ လူမှုရေးနဲ့ နိုင်ငံတွေကို လုံခြုံရေးကိုပါ ထိခိုက် နိုင်တာတွေကို ပညာပေးပို့ချခြင်း၊ AIDS ရောဂါအကြောင်းနဲ့ ကာကွယ်ရာ မှာလိုက်နာရမယ့်အချက်များ သင်ကြားပို့ချပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးနဲ့ ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ ဗဟုသုတများ သင်ကြားပို့ချပေးခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြော ပို့ချခြင်းများကို တာဝန်ယူ ဆောင်ရွက် လျက်ရှိပါတယ်။

လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ ကုသရေးနဲ့ ဆေးဖြတ်ရေးလုပ်ငန်းတွေမှာ ကျန်းမာရေးဌာနရဲ့ လိုအပ်ချက်များ ပံ့ပိုးပေးခြင်း၊ သင်တန်းသားများရဲ့ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ရေးအတွက် လေ့ကျင့်ပြုစု ပျိုးထောင်ပေးခြင်း၊ ဘာသာရေးကုထုံးအတွက် တရားထိုင်မှုကို စနစ်တကျ လေ့ကျင့် သင်ကြားပေးခြင်း၊ အားကစားလှုပ်ရှားမှုအဖြစ် ဘောလုံးပွဲ၊ စားပွဲတင်တင်းနစ်၊ စစ်တုရင် တို့ကို လေ့ကျင့် ပေးခြင်းနဲ့ အခါအားလျော်စွာ ပြိုင်ပွဲကျင်းပခြင်း၊ စာကြည့်တိုက်၊ တေးဂီတ၊ သီဆို ကခုန်မှု၊ ဇာတ်လမ်း သရုပ်ဆောင်များ စီစဉ်ဆောင်ရွက်ပေးခြင်း၊ စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံ ပြီးတော့မှ အကဲဖြတ် ဆန်းစစ်၍ တစ်ဦးချင်းနဲ့ အဖွဲ့လိုက် နှစ်သိမ့်ပြုစုပျိုးထောင်ပေးခြင်းတို့ကို တာဝန်ယူဆောင်ရွက် ပေးလျက်ရှိပါတယ်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေနဲ့ မြန်မာ့စိုက်ပျိုးရေးနည်းပညာ စာတွေ့၊လက်တွေ့ပို့ ချခြင်း၊ အနုဇီဝမြေဩဇာ ပြုလုပ်ခြင်း၊ စပါး၊ ပဲအမျိုးမျိုး၊ ရာသီသီးနှံ၊ နှစ်တို၊ နှစ်ရှည်သီးနှံများနဲ့ ပန်းမန်

လာစိုက်ပျိုးခြင်းတို့ကို တာဝန်ယူလေ့ကျင့်သင်ကြား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနအနေနဲ့ မွေးမြူရေးပညာ စာတွေ့လက်တွေ့ပို့ချခြင်း၊ နွားဆိတ်ဝက်၊ ကြက်များ မွေးမြူခြင်းနဲ့ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ကြက်ဥထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းတွေကို လေ့ကျင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

စက်မှုအသက်မွေးပညာဦးစီးဌာနအနေနဲ့ အသက်မွေးဝမ်းကျောင်းပညာများဖြစ်တဲ့ တွင်ခုံ၊ ဂဟေဆော်၊ မော်တော်ယာဉ်စက်ပြင်၊ လုပ်ငန်းခွင် အသုံးချကွန်ပျူတာသင်တန်းတွေကို တာဝန်ယူ လေ့ကျင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေနဲ့တော့ အသက်မွေး ဝမ်းကျောင်းပညာများဖြစ်တဲ့ ပန်းရံ၊ လက်သမား၊ အုတ်ရိုက်လုပ်ငန်း၊ လျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်း၊ အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းတွေကို လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။

မူးယစ်ဆေးဝါး သုံးစွဲမှုလျော့ချရေးအတွက် ဆေးကုသရေးအဖွဲ့ကနေပြီးတော့ မူးယစ် ဆေးဝါးစွဲနေတဲ့ ရောဂါကုသရေးလုပ်ငန်းတွေကို စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက် လျက် ရှိပါတယ်။ မူးယစ်ဆေးစွဲရောဂါကုဌာနသည် Major Drug Treatment Centre(၂၆)ခုကို တိုင်းဒေသကြီး၊ ပြည်နယ်များမှာရှိတဲ့ ကုတင်(၂၀၀)နဲ့အထက်ဆေးရုံများမှလည်းကောင်း၊ မူးယစ် ဆေးဝါးစွဲ ရောဂါကုဌာနငယ် Minor Drug Treatment Centre (၄၇)ခုကို ခရိုင်မြို့နယ်များမှာရှိတဲ့ ဆေးရုံတွေမှာလည်းကောင်း၊ ဖွင့်လှစ်ထားရှိပါတယ်။ ဒ့ါအပြင် HIV၊ AIDS ကဲ့သို့ကူးစက်ရောဂါတွေ၊ မူးယစ် ဆေးဝါးသုံးစွဲမှုကတစ်ဆင့် မပြန့်ပွားစေရေးအတွက် မြန်မာနိုင်ငံအတွင်းမှာ ကွင်းဆင်း ဆောင်ရွက်နေတဲ့ NGO အဖွဲ့အစည်းများဖြစ်တဲ့ Myanmar Anti Narcotic Association (MANA) Substance Abuse Research Association(SARA)နဲ့ INGO အဖွဲ့အစည်းများဖြစ်တဲ့ Burnet Institute၊ Merlin၊ Medicines du Monde(MdM) နှင့် Asian Harm Reduction Network (AHRN)ကနေ မူးယစ်ဆေးသုံးစွဲသူတို့ရဲ့ နားခိုရာ Drop in Centre များဖွင့်လှစ်ပြီးတော့မှ ဆေးထိုး အပ်နဲ့ ဆေးထိုးပြွန်များ ဖြန့်ဝေပေးခြင်း၊ ကွန်ဒုံးဖြန့်ဝေပေးခြင်း၊ မူးယစ်ဆေးစွဲလူနာတွေကို ဆေးကုသဖို့ စည်းရုံးပို့ဆောင်ပေးခြင်းနဲ့ ခရီးစရိတ်နဲ့ စားစရိတ် ထောက်ပံ့ပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက် ရှိပါတယ်။

ပြန်လည်ထူထောင်ရေးအဖွဲ့ကနေပြီးတော့ မူးယစ်ဆေးဝါးသုံးစွဲသူတွေကို စခန်း အခြေပြု ပြန်လည်ထူဆောင်ရေးလုပ်ငန်းနဲ့ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ဖြင့် ဆောင်ရွက် ပေးလျက်ရှိပါတယ်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်မှာ ရှိတဲ့ လူမှုဝန်ထမ်းဦးစီးဌာနကနေ စခန်းအခြေပြုပြန်လည်ထူထောင်ရေးစခန်း(၆)ခုကို ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊တာချီလိတ်၊ လားရှိုးနဲ့ ကျိုင်းတုံတို့မှာ ဖွင့်လှစ်ထားရှိပြီးတော့ စိတ်ပိုင်းဆိုင်ရာ နဲ့ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒ့ါအပြင် ဒေသနဲ့ကိုက်ညီတဲ့ ဆိုင်ကယ်ပြင်သင်တန်း၊ ယာဉ်စက်ပြင်သင်တန်း၊ စက်ချုပ် သင်တန်း၊ အုတ်ရိုက်သင်တန်း၊ ရေဒီယိုပြင်သင်တန်း၊ ဆံပင်ညှပ်သင်တန်းစတဲ့ အသက်မွေးဝမ်း ကျောင်းပညာရပ်တွေကိုလည်း လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ သင်တန်းဆင်းပြီးတဲ့ နောက်မှာ သင်ကြားပေးလိုက်တဲ့ပညာရပ်များနဲ့ အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ဖို့ ၎င်းတို့ရဲ့ မိဘများနဲ့ ညှိနှိုင်းပြီးတော့ နောက်ဆက်တွဲစောင့်ရှောက်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြန်လည်ထူထောင်ရေးစခန်းအသီးသီးကနေ သင်တန်းဆင်းပြီးသူတွေကို မိသားစုနဲ့ အတူနေထိုင်စဉ်၊ ပတ်ဝန်းကျင်အသိုက်အဝန်းအတွင်းမှာ ဝင်ဆံ့နိုင်ဖို့အတွက် တစ်နှစ်ကြာကာလအထိ နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်း After Care Service ကို လူမှုဝန်ထမ်းဦးစီးဌာနကနေ သင်တန်းပေး ထားတဲ့ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများက ပူးပေါင်းကူညီမှုနဲ့ ဆောင်ရွက်ပေးလျက်ရှိ ပါတယ်။

ကျောင်းသားလူငယ်တွေကို အသိပညာပေးရေးအဖွဲ့ကနေပြီးတော့ နိုင်ငံတစ်ဝှမ်းလုံးမှာရှိ တဲ့ မြို့နယ်အားလုံးက ကျောင်းသားလူငယ်များနဲ့ ကျောင်းပြင်ပရောက်လူငယ်တွေကို မူးယစ်ဆေးဝါး သုံးစွဲမှုမှ ကြိုတင်ကာကွယ်နိုင်ဖို့အတွက် မူးယစ်ဆေးဝါးဆိုးကျိုးတွေ၊ ဥပဒေပြစ်ဒဏ်တွေ နားလည် သဘောပေါက်အောင် ဟောပြောပွဲ ပညာပေးကဏ္ဍများ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ် ရေးအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းသားလူငယ်တွေကို မူးယစ် ဆေးဝါးအန္တရာယ်အသိပညာပေးဖို့အတွက် အခြေခံပညာမူလတန်းကနေ အထက်တန်းအထိ စာသင် ကျောင်းတွေမှာ ဘဝတစ်သက်တာ ကျွမ်းကျင်စရာ Life-Skills ဘာသာရပ်သင်ခန်းစာများကို ထည့် သွင်းသင်ကြားပေးခြင်း၊ အခြေခံပညာကျောင်းများနဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ အလယ် တန်းပြ ဆရာ၊ဆရာမများတွေကို Life-Skills ဘာသာရပ်သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်သူများကို ပညာပေးလှုံ့ဆော်ရေးအဖွဲ့က ပြည်သူလူထုနဲ့ ကျောင်းသားလူငယ်များကို မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်တားဆီးနိုင်ဖို့အတွက် မြန်မာ့အသံရေဒီယို၊ ရုပ်မြင်သံကြား၊ Sky Net နဲ့ မြဝတီတို့ကနေ သတင်းများထုတ်လွှင့်ခြင်း၊ စာစောင်၊ ဂျာနယ်တို့မှာ မူးယစ်ဆေးဝါးပညာ ပေးဇာတ်လမ်း၊ ဆောင်းပါး၊ ကာတွန်းတွေနဲ့ ပညာပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနကနေ ရုပ်ရှင်ဇာတ်ကား၊ ဗီဒီယိုဇာတ်လမ်းများ ရိုက်ကူးထုတ်လွှင့် ပညာပေး ခြင်း ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒီဖော်ပြပါ လူငယ်ပြုစုပျိုးထောင်ရေးစခန်းတွေ၊ မူးယစ်ဆေးစွဲရောဂါကုဌာနတွေ ပြန်လည် ထူထောင်ရေးစခန်းများကို ဆေးစွဲလူနာများ လာရောက်ကုသဖို့အတွက် ပြည်သူလူထုမှ ပူးပေါင်းပါဝင် စည်းရုံးပို့ဆောင်ပေးရန်လိုအပ်ပါတယ်။ မူးယစ်ဆေးစွဲသူတွေကို ဆေးကုသမှုခံယူလိုတဲ့ ဆန္ဒများ ဖြစ်ပေါ်လာစေဖို့အတွက် မိသားစုပတ်ဝန်းကျင်ကနေပြီးတော့ နည်းမျိုးစုံနဲ့ စည်းရုံးသိမ်းသွင်းဆောင် ကျဉ်းပေးဖို့နဲ့ မိမိပတ်ဝန်းကျင်မှာရှိတဲ့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သူများကိုလည်း ပြည်သူ လူထုက အမျိုးသားရေးစိတ်ဓာတ်နဲ့သတင်းပေးပူးပေါင်းဖမ်းဆီးမှသာ စီမံကိန်းလုပ်ငန်းများကို ထိထိ ရောက်ရောက် အောင်မြင်အောင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းများမှာ အဖွဲ့ဝင်နိုင်ငံ အဖြစ် ပါဝင်လက်မှတ်ရေးထိုးပြီးနောက်မှာ ၁၉၇၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၃)ရက်နေ့မှာ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်နဲ့ ၁၉၇၄ ခုနှစ်မှာ မူးယစ်ထုံထိုင်းဘေးဖြစ်စေသော ဆေးဝါးများဆိုင်ရာဥပဒေကို ရုပ်သိမ်းပြီးတော့ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအသစ်ကို ရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ ဒါ့အပြင် ၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ၊ ၂၀၀၄ ခုနှစ် ပြစ်မှုဆိုင်ရာကိစ္စရပ်များမှာ နိုင်ငံအချင်းချင်းအကူအညီပေးရေး ဥပဒေ၊ ၂၀၀၄ ခုနှစ် ထိန်းချုပ်

ဓါတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာနည်းဥပဒေနဲ့ ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေတို့ ကို ပြဋ္ဌာန်းပြီးတော့ ပြစ်မှုကျူးလွန်တဲ့သူတွေကို ဖမ်းဆီးအရေးယူခြင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်ရာမှ ရရှိတဲ့ ငွေကြေးနဲ့ ပစ္စည်းတွေကို ပြည်သူ့ဘဏ္ဍာအဖြစ် ဖော်ထုတ်သိမ်းဆည်းခြင်းများကို ဆောင်ရွက် လျက်ရှိပါတယ်။

မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများကို နှိမ်နင်းနိုင်ဖို့အတွက်လည်း ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ (၂၈)ရက်နေ့မှာ မူးယစ်တားဆီးရေးဌာနအဖြစ် ဖွဲ့စည်းခဲ့ပြီးတော့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ(၈)ရက်နေ့တွင် ပြည်ထောင်စုအစိုးရ အဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဥ်(၂၄/၂၀၁၃)အရ မူးယစ်ဗဟိုရုံးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာနကို မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ အဖြစ် တိုးချဲ့ဖွဲ့စည်းပြီး မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးလုပ်ငန်းများအတွက် တပ်ဖွဲ့ခွဲ(၁) မန္တလေး၊ တပ်ဖွဲ့ခွဲ(၂)တောင်ကြီး၊ တပ်ဖွဲ့ခွဲ(၃)ရန်ကုန်တို့နှင့် ယင်းတို့ရဲ့ကွပ်ကဲမှုအောက်မှာ မူးယစ်တပ်ဖွဲ့စု(၅၀) ကို တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့်မိုလို့ မူးယစ်ဆေးစွဲသူ လူငယ်များစနစ်တကျ ဆေးကုသမှုခံယူနိုင်ရန် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ မြင့်မားတိုးတက်လာစေရေးနဲ့ အသက်မွေးဝမ်းကျောင်းပညာတတ်မြောက်တဲ့ နိုင်ငံ့ အကျိုးပြုလူငယ်များအဖြစ် ပြောင်းလဲတိုးတက်လာစေရေးအတွက် သက်ဆိုင်ရာလုပ်ငန်းများအဖွဲ့မှ ပြည်တွင်း NGO အဖွဲ့အစည်းများ၊ ပြည်ပ INGO အဖွဲ့အစည်းများနဲ့ပူးပေါင်းပြီးတော့မှ လေ့ကျင့် ပြုစု ပျိုးထောင်ပေးလျက်ရှိပါတယ်။ ဒ့ါအပြင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ကွပ်ကဲမှုအောက်မှာရှိတဲ့ လူငယ်များပြုစုပျိုးထောင်ရေး စခန်းများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ မူးယစ်ဆေးစွဲရောဂါဌာနများနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ ပြန်လည်ထူထောင်ရေးစခန်းများ ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိတဲ့အတွက်ကြောင့်မို့ ယခု တင်ပြတဲ့အဆိုကို မှတ်တမ်းတင်သင့်ပါကြောင်းနဲ့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဖေသောင်း ရဲ့ သဘောထားပြောပါ။

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအဆိုကို မတင်ပြမီ ကတည်းက မြန်မာနိုင်ငံမှာ ဆောင်ရွက်နေတဲ့ ပညာပေးစခန်းကို နည်းနည်းလေ့လာမိပါတယ်။ ဒါပေမဲ့ တကယ် တွေ့ရှိနေရတဲ့ အတိုင်းအတာနဲ့ နိုင်ငံတော်က ဆောင်ရွက်တဲ့ အတိုင်းအတာဟာ အချိုးမညီမျှနိုင်တဲ့ အနေအထားမှာ ဖြစ်တဲ့အတွက် တစ်နေ့ထက်တစ်နေ့ တစ်နှစ်ထက်တစ်နှစ် အန္တရာယ်ဟာ ပိုကြီးထွား လာတဲ့ အတွေ့အကြုံများကို မြင်တွေ့နေရတဲ့အတွက် ကျွန်တော့်အနေနဲ့ က မြို့နယ်တိုင်းမှာဆိုတဲ့ အနေအထားကို တင်ပြရခြင်းဖြစ်ပါတယ်။ အဲဒီတော့ မြို့နယ်တိုင်းမှာထက်ကို လိုအပ်တဲ့ မြို့နယ်တွေမှာ အားလုံးဆောင်ရွက်ပေးနိုင်မယ်ဆိုရင် ခုနတုန်းက နိုင်ငံတော်က ဆောင်ရွက်တဲ့ လုပ်ငန်းနဲ့ တစ်ဆက် တစ်စပ်တည်းဖြစ်သွားရင် ကျွန်တော်တို့နိုင်ငံရဲ့ မူးယစ်ဆေးဝါး အန္တရာယ်ဟာ ပိုပြီးပီပီပြင်ပြင် အောင်အောင်မြင်မြင်ဖြစ်မယ်လို့ ကျွန်တော်ယူဆလို့ တင်ထားတဲ့ အဆိုဖြစ်တဲ့အတွက် ဒီအဆိုကို ကျွန်တော့်အနေနဲ့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုပဲ ဆုံးဖြတ်ပေးဖို့ တင်ပြလိုပါတယ်။

**ဥက္ကဌ**။ ။ အဲဒီတော့ မြို့နယ်တိုင်းတွင်ဆိုတာ အမှန်တော့ မလိုပါဘူး။ မြို့နယ်တိုင်းတွင်ရှိရန် လိုအပ်သော စကားလုံးထည့်ဖို့ လိုပါတယ်။ လိုအပ်သောမြို့နယ်တိုင်းတွင် ဘာကြောင့်လဲဆိုတော့ မြို့နယ်တိုင်း မြို့နယ်တိုင်းမှာ မူးယစ်ဆေးသုံးစွဲတဲ့ ပုဂ္ဂိုလ်က ရှိချင်မှလည်း ရှိတာပါ။ တချို့မြို့နယ်တွေမှာ မရှိပါဘူး။ တချို့မှာရှိရင်လည်း သိပ်နည်းပါလိမ့်မယ်။ အဲဒီတော့ သိပ်နည်းတဲ့ အရေအတွက်မှာသွားပြီး စခန်းကြီးဖွင့်လို့လည်း သိပ်အဓိပ္ပာယ်မရှိဘူးပေါ့နော်။ ဒါကိုလည်း ခုန ကျွန်တော့်အမြင် ပေါ့၊ ခွဲခြမ်းစိပ်ဖြာဖို့တော့ လိုပါလိမ့်မယ်။ ဘယ်နေရာဒေသတွေမှာ ခုနများနေလဲ။ ဘယ်နေရာ ဒေသတွေမှာတော့ အနည်းအကျဉ်းစနေသလဲ။ ဘယ်နေရာ ဒေသတွေမှာတော့ လုံးဝကင်းစင်နေသလဲ ပေါ့နော်။ တစ်နိုင်ငံလုံး ဒါ ခုန ဒုတိယဝန်ကြီးတင်ပြသလို ပြည်သူပါမှ အောင်မြင်မယ်ဆိုလို့ရှိရင် တစ်နိုင်ငံလုံးမှာရှိတဲ့ ကျေးရွာတွေ၊ ရပ်ကွက်တွေ၊ မြို့တွေ၊ ခရိုင်တွေ၊ တိုင်းတွေမှာ မူးယစ်ကင်းစင်ရေး ကော်မတီတွေ ဆိုတာမျိုး၊ ဖွဲ့စည်းပေးလိုက်ဖို့ လိုပါတယ်။ အဲဒီတော့ ကော်မတီဖွဲ့လိုက်တဲ့အခါမှာ တာဝန်ရှိတဲ့ ဌာနဆိုင်ရာ ပုဂ္ဂိုလ်တွေ၊ ကျန်းမာရေးတို့ ရဲတို့လည်း ပါမယ်။ မြို့မိ၊ မြို့ဖလည်းပါမယ်။ ပါပြီးတော့မှ အဲဒီနေရာတွေမှာ တကယ်ပဲ မူးယစ်ဆေးသုံးစွဲသူ လုံးဝမရှိဘူးဆိုရင် ဒီဒေသကတော့ မူးယစ်ကင်းစင်ကြောင်း ပြည်ထဲရေးက ထုတ်ပြန်ပေးလိုက်မယ်ဆိုလို့ရှိရင် ဆက်ပြီးတော့ ထိန်းသွားမယ် ထင်တယ်။ အဲဒီကျမှ ထိန်းတော့မှာ၊ တို့ဒေသကတော့ မူးယစ်ဆေးနဲ့ ပတ်သက်လို့ အငြိအစွန်းခံလို့ မဖြစ်တော့ဘူးဆိုတာမျိုးပေါ့၊ ဒါကိုလည်း (၆)လ(၁)ကြိမ်လောက် ပြန်သုံးသပ်ပြီးတော့မှ ပြန်ပြီးတော့ သုံးစွဲသူပေါ်လို့ရှိရင် ပြန်ရုပ်သိမ်းမယ်ဆိုတဲ့အချက်နဲ့ ဒီလိုလုပ်ပေးဖို့လိုတယ်။ ဒီလိုလုပ်ပေးတော့မှ တစ်နိုင်ငံလုံးမှာ ဘယ်ဒေသတွေကတော့ လုံးဝမရှိဘူး။ ဘယ်ဒေသတွေက အနည်းအကျဉ်းရှိတယ်။ ဘယ်ဒေသတွေကတော့ ထူထပ်တယ်ဆိုတဲ့ Classfication ခွဲခြမ်းစိတ်ဖြာမှု ပေါ်လာမှာပေါ့၊ ဟုတ်တယ်မို့လား။ အဲဒီတော့ ခွဲခြမ်းစိတ်ဖြာမှုပေါ်လာတော့များတဲ့ ဒေသတွေမှာတော့ ခုနစခန်းတွေ က လိုကို လိုပါတယ်။ အဲ မများတဲ့ဒေသတွေနဲ့ မရှိတဲ့ဒေသတွေမှာတော့ ပညာပေးမှုက ဆက်တိုက်လိုအပ်တယ်။ ဘာကြောင့်လဲဆိုတော့ ဒီကိစ္စကြီးက၊ ဒီအန္တရာယ်ကြီးက အမြဲတမ်း ခြိမ်းခြောက်နေပြီးတော့ လူငယ်လေးတွေ၊ လူငယ်လေးတွေက ကြီးလာတော့ တောက်လျှောက်အသိပညာပေးနေရမှာ ကျောင်းတွေ၊ ခုန လူငယ် တွေစုဝေးတဲ့ နေရာဒေသတွေမှာ တောက်လျှောက်အသိပေးနေရမယ့် အနေအထားလည်း ဖြစ်ပါတယ်။

နောက်တစ်ခုက အခု သတင်းတွေထဲမှာလည်း မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုတွေ ဒါနေ့တိုင်းလည်း စိတ်ဝင်တစားဖတ်ပါတယ်။ မေးကြည့်တဲ့အခါကျတော့ အရင်ကလည်း မိပါတယ်။ အခုကတော့ ဒါပိုပြီးတော့ ပြည့်ပြည့်စုံစုံထုတ်ပြန်တဲ့အတွက် အခုမှ အများကြီးတွေ့တာပါ ဆိုပြီးတော့ ဒီလိုလည်း ပြောတာပေါ့နော်။ ပြောတော့ ဒီဥစ္စာတွေနဲ့ ပတ်သက်လို့ သယ်ဆောင်နေတဲ့ လူတွေက ဘယ်လမ်းက သယ်နေလဲ၊ ဘယ်လမ်းက ဝင်နေတာလဲ။ ဟို နယ်စပ်ဒေသနဲ့ ပြည်ပနိုင်ငံမှာလွဲလို့ ဒီ (ပီကာစာ) တွေ၊ လိုအပ်တဲ့ ဓာတုပစ္စည်းတွေ မြန်မာနိုင်ငံမှာ မရှိဘူးဆိုတာလည်း ဒါ ရှင်းနေတာပဲ။ အဲဒီ တော့ ဘိန်း၊ အခု ဒီကိစ္စကို ဆွေးနွေးတဲ့အခါမှာလည်း တချို့မရှင်းတာရှိတယ်။ ဘိန်းနဲ့ မူးယစ်ဆေးနဲ့ တခြားစီပေါ့နော်၊ ဘိန်းဆိုတာ စိုက်ပြီးထုတ်လုပ်တာ၊ မူးယစ်ဆေးဆိုတာ ဓာတုဗေဒပစ္စည်းကနေ ထုတ်လုပ်တာ။ အဲဒီတော့ ဘိန်းကိုလည်း ဘိန်းအပိုင်း နှိမ်နင်း၊ ဘိန်းအပိုင်းက နှိမ်နင်းရတာလွယ်တယ်။ ဓာတုပစ္စည်းက ထုတ်လုပ်တဲ့ကိစ္စက အခုနှိမ်နင်းရတာ ခက်နေတာ၊ ပိုလည်း ဆိုးတယ်။ ပဲလှော်လိုဖြစ် နေတာပေါ့၊ ပိုဆိုးတယ်။ အဲဒီတော့ အဲဒါတွေကို ခုန ပြည်သူပါဝင်ပြီးတော့မှ နှိမ်နင်းဖို့ဆိုရင် ပြည်သူက Awareness ဖြစ်အောင်၊ ခုနလို မူးယစ်ကင်းစင်ကော်မတီတွေ ဆိုတာကို ရပ်ကွက်အလိုက်၊ ကျေးရွာ အ လိုက် ဟုတ်လား ဖွဲ့စည်း။

မြို့နယ်အလိုက်ဖွဲ့စည်း။ ကိုယ့်မြို့ကို မူးယစ်ကင်းစင်မြို့အဖြစ် တည်ဆောက် မယ်။ အဲဒီမှာ ဌာနဆိုင်ရာ ကျန်းမာရေး၊ ပြည်သူ့ရဲ့ အကူနဲ့ပါမယ်။ မြို့မိ၊ မြို့ဖတွေလည်း ပါမယ်ဆိုလို့ရှိ ရင် သူတို့ကဒါကို မူးယစ်ကင်းစင်တယ်လို့ ပြည်ထဲရေးက ထုတ်ပြန်ပေးတယ်ဆိုလို့ရှိရင် ဂုဏ်ယူမှာပဲ။

အဲဒီလိုလုပ်မှ အဆင်ပြေမယ်လို့ ထင်တာပေါ့၊ အဲဒီတော့ ဦးဖေသောင်း ကလည်း ပြင်တော့ ပြင်ပေး သွားပါတယ်။ ဒါ ကျွန်တော် စောစောကလည်း မြင်တယ်။ ကျွန်တော်ပြင်ပေးမလို့၊ မပြင်ခင်ဘဲ အဆိုရှင် ကိုယ်တိုင်က လိုအပ်သော ဆိုတာမျိုးထည့်တော့ လိုအပ်သော ဆိုတာတော့ သင့်တော်တဲ့ အနေအထား ရှိပါတယ်။

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ ဟုတ်ကဲ့ပါခင်ဗျား။

**အချိန်၊ ၁၄း၄၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဖေသောင်း တင်သွင်းတဲ့ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး၏ ကျေးကျွန်ဘဝအဖြစ်သို့ ရောက်ရှိနေကြသော လူငယ်လူရွယ်များကို လူထုဗဟိုပြု အဖွဲ့အစည်းများနှင့် တာဝန်ရှိအစိုးရဌာန ဆိုင်ရာများ၊ INGO, NGO အဖွဲ့အစည်းများ ပူးပေါင်း၍ လိုအပ်သော မြို့နယ်တိုင်းတွင် လူငယ်များ လမ်းမှားပေါ် မရောက်ရှိစေရန်အတွက် ပြုစုပျိုးထောင်ပေးနိုင်မည့် မူးယစ်ပညာပေး လေ့ကျင့်ရေး စခန်းများ ဖွင့်လှစ်ပေးနိုင်မည့် စီမံကိန်းမျိုးကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာမှာ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုကို ထောက်ခံ (၁၃၀) မဲ၊ ကန့်ကွက်မရှိ၊ ကြားနေမရှိ ဖြစ်ပါတယ်။ ထောက်ခံမဲ များတဲ့အတွက် ဦးဖေသောင်း ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၅)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၆) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၄း၄၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်တွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၄း၄၄ နာရီအချိန်တွင် ရပ်နားပါသည်။]